www.burmeseclassic.com

BURMESE CLASSIC

# မိုးတာရေဆီ
# မြန်းရိုအပြန်လမ်း

ဒေဝစကြာ

www.burmeseclassic.com

www.burmeseclassic.com

# ဒေဝစကြာ
# နန်းကြေးချွင်

မီးတာရွှေ နဲ့ မုန်တိုင်းသရဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် : ၅၀၁၄၇၂၁၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် : ၅၀၀၂၇၁၀၃၁၀

ပုံနှိပ်ခြင်း : မတ်လ၊ ပထမအကြိမ်၊၊ ၂၀၁၀

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီ
ခနဲ့မင်းထက်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း(ကာလာစုံပုံနှိပ်တိုက်)
၂၁၆၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ
၅၀၀

တန်ဖိုး : ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မိုးတာရေဆီ
# မြန်းဂြိုအပြန်လှမ်း

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းများ


၁။ သရဲခြောက်သော ဈေးပျက်ကြီး
၂။ မီးလောင်နေသည့် ခန္ဓာကိုယ်
၃။ သံသေတ္တာထဲမှ ညည်းတွားသံ
၄။ မီးတစ္ဆေ


www.burmeseclassic.com

www.burmeseclassic.com

ဒီလိုကွာ၊ ဒီမှာ ညစောင့်လုပ်တဲ့သူတွေဟာ

တစ်ယောက်မှ မမြဲဘူး။ သရဲခြောက်ခံရတယ်ဆို

အလုပ်ထွက်သွားကြတာချည်းပဲ။

ဒါကြောင့် မေးရတာ။

မင်း သရဲကြောက်တတ်လား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
## သရဲခြောက်သော ဈေးပျက်ကြီး

အတော်ပင် အကြည့်ရဆိုးသော အဆောက်အအုံဖြစ်သည်ဟု မင်းနိုင်က အပြင်မှကြည့်ကာ ဆုံးဖြတ်လိုက်သည်။ မီးသင့်လောင်ကျွမ်းခံထားရသော အဆောက်အအုံဖြစ်သဖြင့် အသစ်စက်စက် ခြယ်သထားစဉ်ကနှကဲ့သို့ ကြည့်ရှုမကောင်းတော့တာက အချက်မဟုတ်။

ကြည့်ရတာ အမင်္ဂလာပြိတ္တာကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ မတင့်မတယ်ရှိလှသည်ဟု ရင်ထဲက ခံစားလိုက်ရသည့်အချက်ဖြစ်၏။

ထိုသုံးထပ်အဆောက်အအုံမှာ မီးလောင်ကျွမ်းမှုကြောင့် ပြိုကျသည့်နေရာတချို့ ပြိုပျက်ကျနေကာ နေရာ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများက မည်းမှောင်နေ၏။

ထိုအဆောက်အအုံကို ရှစ်ပေသွပ်များ ထောင်ကာ အပြင်လူများ နေ့ရောညပါ ဝင်မရအောင် ခြံစည်းရိုးခတ်ထား၏။

တစ်ခုတည်းသော တံခါးပေါက်မှ သူ တွန်းဝင်လာခဲ့သည်။

အထဲတွင် လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

တကယ်တော့ ဤအဆောက်အအုံမှာ တစ်ချိန်က လူစည်ကားလှသော ပလာဇာခေါ် နာမည်ကြီးတိုက်တစ်ခုဖြစ်သည်။

မြို့လယ်နှင့် မဝေးလှသော ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ရှိသဖြင့် ဝင်ထွက်သွားလာသောသူများလည်း များပြားလှ၏။

လွန်ခဲ့သော ၅နှစ်ခန့်က မီးအကြီးအကျယ်သင့်လောင်ခဲ့သည်။ ကံကောင်းသည်မှာ ညဘက် ဈေးပိတ်ချိန်ဖြစ်သဖြင့် လူသူ အသေအပျောက်မရှိခြင်းဖြစ်၏။ သို့သော် တစ်ဈေးလုံး

www.burmeseclassic.com

www.burmeseclassic.com



နီးပါး ရှိသမျှဆိုင်များက ပစ္စည်းများပါ မီးလောင်ပြာကျခဲ့သည်။

မူလမြေပိုင်ရှင်နှင့် အဆောက်အအုံ အဆောက်အအုံငှားရမ်းဆောက်လုပ်သူတို့ အမှုအခင်းဖြစ်နေသဖြင့် ယခုထက်တိုင် ပြန်လည်တည်ဆောက်ခြင်းမပြုနိုင်ဘဲ ဤအတိုင်းရှိနေခြင်းဖြစ်၏။

မီးသင့်အဆောက်အအုံရှေ့တွင် ယခင်ကတည်းက ရှိခဲ့ပုံရသော သစ်သားအဆောက်အအုံငယ်လေးတစ်ခု ရှိ၏။

မင်းခိုင် တွေ့ဆုံရမည့်သူက ထိုအဆောက်အအုံတွင် ရှိနေသည်။

ဦးကျော်ဒင်ဆိုသော နေ့စောင့်ကြီးဖြစ်၏။

ဦးကျော်ဒင်ကား သူ ဝင်လာကတည်းက မြင်နေပုံရ၏။

သူ ထိုသစ်သားအိမ်ကလေးရှေ့ ရောက်သွားသောအခါ တံခါးဖွင့်ကာ ကြိုဆို၏။

'မင်းခိုင်ဆိုတာလားဟေ့'

'ဟုတ်ကဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို ဦးလှကြည်က ကြိုပြောထားပါတယ်၊ အိမ်ထဲဝင်ပါဦး'

ဟု ဖိတ်ခေါ်၏။ အခန်းမှာ ခပ်ကျဉ်းကျဉ်းပင်ဖြစ်၏။

ပရိဘောဂလည်း မည်မည်ရရမရှိ။ တကယ်တော့ သစ်သားအိမ်တစ်လုံးထက် သေတ္တာငယ်တစ်လုံးနှင့်ပိုတူသော အဆောက်အအုံကလေးဖြစ်၏။

ကုလားထိုင် တစ်လုံး၊ စားပွဲ တစ်လုံး၊ ကြမ်းပြင်တွင် မီးဖိုတစ်လုံးနှင့် အိုးခွက်အနည်းငယ် ရှိသည်။

မင်းခိုင်ကို စားပွဲတွင်ရှိသော ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းကာ သူက နံရံတွင်ရှိသည့် ပက်လက်ကုလားထိုင်တစ်လုံးကို ထောင်ထားရာမှ ဆွဲယူလိုက်ကာ မင်းခိုင်ရှေ့တွင် ခင်းထိုင်နေ၏။

ပြီးတော့ ဆိုင်းမဆင့် ဗုံမပါ...

'အေး... ဒီမှာ ညစောင့်တစ်ယောက် လိုနေတယ်၊ အရင်က ညစောင့်က ထွက်သွားတာ သုံးရက်ရှိပြီ။ အခု ငါက နေ့ရောညပါ စောင့်နေရတော့ ကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com



ရေးထိခိုက်နေပြီ၊ ငါ့မိတ်ဆွေ ဦးလှကြည်က သူ့ဆီမှာ အလုပ်လိုချင်တဲ့သူ ရှိတယ်ဆိုလို့'

'ဟုတ်ပါတယ်၊ ကျွန်တော်ပါ'

ဦးကျော်ဒင်က မင်းခိုင်ကို စေ့စေ့ကြည့်က…

'အရင်က မင်း ဘာလုပ်သလဲ'

'ကုမ္ပဏီစာရင်းကိုင်ပါ'

'ဘာကြောင့် ပြုတ်လာတာလဲ'

'ငွေကျွာတဲ့ အမှုကြောင့်ပါ'

'အေး… ငါက ဒီလို ပွင့်ပွင့်လင်းလင်းပြောတာပဲ သဘောကျတယ်၊ မင်း တကယ် ညစောင့်လုပ်မှာ လား'

'လုပ်မှာပါ… ကျွန်တော် အလုပ်တစ်ခုရဖို့ အရေး ကြီးနေပါတယ်'

'နေဦး… မင်း အရက်သောက်တတ်လား၊ တို့ အလုပ်ဟာ ဒီလို အရက်သောက်တတ်လို့ မဖြစ်ဘူး'

'ကျွန်တော် အရင်က သောက်ခဲ့ပါတယ်၊ အခု ဖြတ် လိုက်တာ တစ်ပတ်လောက်ရှိပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဒါဆို ဒီအလုပ်ကို မင်း ရပြီ၊ အခု ပြန်ချင်ပြန်၊ ညခြောက်နာရီသာ ဒီကိုပြန်လာခဲ့'

မင်းခိုင်က ကျေးဇူးတင်စကားပြောကာ ပြန်မည်ပြု စဉ်…

'နေဦးကွာ… မင်း သရဲကြောက်တတ်လား'

ဟု ဦးကျော်ဒင်က မေးလိုက်၏။

'ဗျာ…'

မင်းခိုင် ပါးစပ် အာမေဒိတ်သံ ထွက်သွားသည်။

'ဒီလိုကွာ… ဒီမှာ ညစောင့်လုပ်တဲ့သူတွေဟာ ဘယ်တော့မှ မမြဲဘူး၊ သရဲခြောက်ခံရတယ်ဆို ထွက်သွားတာချည်းပဲ၊ အခု နောက်ဆုံးလူအထိပေါ့၊ ဒါကြောင့် မေးရတာ၊ မင်း သရဲကြောက်တတ်လား'

'အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး'

'မင်းစကားက ဘယ်လိုကြီးလဲ'

'ဒီလိုလေ… သရဲကို ကျွန်တော်က တစ်ခါမှ မမြင်ဖူးဘဲ၊ ဒီတော့ ကြောက်စရာကောင်း၊ မကောင်း ဘယ်သိမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ··· ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို မင်း သိထားသင့်တယ်ထင်လို့ ငါပြောတာ၊ မင်း နောက်ဆုတ်မယ်ဆိုရင် အချိန်ရှိသေးတယ်'

မင်းခိုင်က ပြုံးလိုက်၏။ သူက ခေတ်လူငယ်တစ်ယောက်။

ဘာမှန်းမသိသည့် မမြင်ရသော အကောင်အထည်ကြောင့် ကိုယ့်ရည်ရွယ်ချက်ကို နောက်ဆုတ်ပေးရမည်ဆိုလျှင် အတော်ပင် ပျော့ညံ့ရာကျနေပေလိမ့်မည်။

ပြီးတော့ သူ့အတွက် အလုပ်တစ်ခုက အလျှင်အမြန်လိုအပ်နေတာ အမှန်ပင်ဖြစ်၏။

'ကျွန်တော် နောက်မဆုတ်ပါဘူး'

'ကောင်းပြီ၊ ညနေကျတော့ မင်းကို ငါ တစ်လစာကြိုထုတ်ပေးမယ်၊ နေ့ခင်းပဲ ပိုင်ရှင်ကို ညစောင့်ရပြီဆိုတာ သွားပြောရင်း ငွေထုတ်လာခဲ့မယ်၊ ဒီနေ့ညက အလုပ်စဝင်မှာနော်'

'ဟုတ်ကဲ့'

သူ နှုတ်ဆက်ကာ ထွက်ခွာလာခဲ့၏။ အလုပ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရလာပြီဖြစ်သဖြင့် သူ့ရင်ထဲတွင် အတော်ပင် ပေါ့ပါးသွား၏။

သူ့ခြေလှမ်းတွေက အရပ်ရှောင်းသော ဆိုင်တစ်ဆိုင်ဆီသို့။

ဒီနေ့ သူ့သားလေး ဇော်ဇော် (၅)နှစ်ပြည့်သော မွေးနေ့။

သူ မွေးနေ့လက်ဆောင်တစ်ခုခုတော့ ဝယ်ပေးမှ ကောင်းမည်။

သူက သူ့သား ကြိုက်တတ်သော စက်ရုပ်တစ်ခု ဝယ်လိုက်၏။

ဈေးအတော်ကြီးသဖြင့် သူ့တွင်ရှိသော ပိုက်ဆံ ကုန်သလောက် ဖြစ်သွား၏။

ကိစ္စမရှိ။ ညနေကျ ညစောင့်လခ တစ်လခစာ ကြိုရမည်။

သူတို့နေသော စမ်းချောင်းတိုက်ခန်းကို ရောက်၍ တံခါးခေါက်လိုက်တော့ အိမ်ဖော်ကောင်မလေး မိအေးက တံခါးလာဖွင့်ပေးရင်း...

www.burmeseclassic.com

www.burmeseclassic.com



'မမ မရှိဘူး'

ဟု ဆိုလေသည်။ မိအေးကို ဂရုမစိုက်ဘဲ သူ အထဲကိုဝင်လိုက်၏။ မမ မရှိတာနဲ့ သူ အခန်းထဲမဝင်ရဘူးဆိုတာ ယုတ္တိမရှိ၊ သဘာဝမကျသောကိစ္စသာ ဖြစ်သည်။ လွန်ခဲ့သော ခြောက်လခန့်အထိ သူသည် စန္ဒီနှင့်အတူ ဤအခန်းတွင် နေထိုင်ခဲ့၏။

ပြီးတော့ သူနှင့်စန္ဒီ ပေါက်ဖွားထားသော သား တစ်ယောက်လည်း ရှိနေသေးသည်။

သားလေးဇော်ဇော်က သူ့အသံကြားတော့ အခန်းထဲက ပြေးထွက်လာသည်။

သား အခန်းထဲဝင်ကာ သားနှင့် သူ ကစားနေလိုက်သည်။

သားကလေးကို ခွဲခွာနေရကတည်းက သူ လွမ်းနေသည်။

စန္ဒီကိုလည်း လွမ်းသည်။ ဤအခန်းကလေးကိုလည်း လွမ်းသည်။ ဤအခန်းက သူ့အခန်း၊ ဤအခန်းဟာ သူ့ဘဝ ပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘာလာလုပ်တာလဲ'

အခန်းဝတွင် စန္ဒီ ပေါ်လာကာ မေးလိုက်သည်။ သူ့အသံက ခပ်စိန်းစိန်း။ သူ့အကြည့်တွေကလည်း ခပ်စိန်းစိန်းပင်။

'သားလေးဆီ လာတာလေ၊ ဒီနေ့ သားမွေးနေ့မို့ လက်ဆောင်လာပေးတာ'

'ရှင် အရက်တော့ သောက်မလာပါဘူးနော်'

'ငါ အရက်ဖြတ်ထားတာ တစ်လလောက်ရှိပြီ'

'ကျွန်မတို့ စကားပြောကြရအောင်'

သူ့ကို ကျောပေးကာ စန္ဒီက ဧည့်ခန်းထဲထွက်သွား၏။

မင်းနိုင်က နောက်ကလိုက်သွားရသည်။ သူ့မိန်းမ စန္ဒီ က တက္ကသိုလ်မှ ကျူတာတစ်ယောက်။ ဒီတော့ တစ်ခါတလေ ခင်ပွန်းဖြစ်သူနှင့် ဆက်ဆံရာမှာပင် သူမပုံစံတွေက ဆရာမပုံ ပေါက်နေတတ်၏။

'ရှင် ကလေးနဲ့ ခပ်ကင်းကင်းနေရင် ကောင်းမယ်'

'သူက ငါ့သားလေကွာ၊ ငါက ဘာကြောင့် ကင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်းနေရမှာလဲ’

‘ကလေးအတွက်ပေါ့… ကလေးရဲ့ ဂုဏ်သိက္ခာ မထိခိုက်အောင်ပေါ့’

သူတို့နှစ်ဦးကြား တိတ်ဆိတ်မှုဟာ အတန်ကြာအောင် မင်းမူသွား၏။

ပြီးမှ စန္ဒီက သက်ပြင်းတိုးတိုးလေးချကာ ပြော သည်။

‘ဒီလိုဖြစ်အောင် ရှင်ပဲ ဖန်တီးခဲ့တာပဲမဟုတ်လား’

မင်းခိုင် ရင်မောသွားသည်။ နောက်ဆုံးတော့ အပြစ် အားလုံးဟာ သူ့အပေါ် ပုံကျ၍နေပြီ။ လွန်ခဲ့သော ခြောက်လ ကျော်လောက်ကအထိ သူ့ဘဝကလေးသည် ပြည့်စုံသာယာ နေခဲ့သည်။

သူသည် အတော်အတန် ကြီးမားသော ကုမ္ပဏီ ကြီးတစ်ခုမှ လက်ထောက်ငွေကိုင်စာရေး ဖြစ်သည်။ လစာ အတော်ကောင်းကောင်းရသည်။ စန္ဒီဆိုသော တက္ကသိုလ်မှ နည်းပြဆရာမလှလှကလေးတစ်ဦးနှင့် လက်ထပ်နိုင်ခဲ့သည်။ သူတို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ချစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်ဆိုသော သားကလေးတစ်ယောက် ရလာသောအခါ သူတို့ဘဝသည် ပြည့်စုံသည်ထက် ပြည့်စုံ၍သွားလေတော့သည်။

သို့သော် သူတို့ ကုမ္ပဏီမှ ငွေများ သိန်းပေါင်းများစွာ ကွာခဲ့လေသောအခါ…

အဓိက တာဝန်ရှိသူက သူ့အထက်က ငွေကိုင်သူဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ မင်းခိုင်လုံးဝပါဝင်ပတ်သက်ခြင်းမရှိ။

သူ့အထက်လူဖြစ်သော ကိုလှဦးမှာ အသောက်အစားရော လောင်းကစားပါ ရောစွက်လာသောအခါ အလုပ်ထဲမှ ငွေများကို တစ်စထက်တစ်စ သုံးစွဲလာခဲ့ပုံရ၏။ မရှုနိုင်မကယ်နိုင်ဖြစ်လာသောအခါ ရှောင်တိမ်းထွက်ပြေးသွားလေတော့သည်။

ထိုသိန်းပေါင်းများစွာသော ငွေများကို မင်းခိုင်သည် တစ်ပြားတစ်ချပ်မှ သုံးစွဲခဲ့ရခြင်းမရှိ။ ကျန်ငွေရေးကြေးရေး အရှုပ်တော်ပုံထဲတွင် မင်းခိုင် ပါဝင်ပတ်သက်နေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားမရှိပါသော်လည်း ကုမ္ပဏီအကြီးအကဲများက မင်းခိုင်ကို အလုပ်မှ ရပ်စဲခဲ့ကြသည်။

အမှုဖွင့်၍ ရာဇဝတ်ကြောင်းအရ အရေးမယူတာကိုပင် ကျေးဇူးတင်ရပေဦးမည်။ ဒါကလည်း သူ့အဖေမျက်နှာကိုထောက်၍ ဖြစ်သည်။

မင်းခိုင်အဖေနှင့် သူ့အလုပ်ရှင် ကုမ္ပဏီပိုင်ရှင်သူဌေးမှာ မိတ်ဆွေများဖြစ်ကြ၏။

မင်းခိုင် ရှက်လည်း ရှက်၊ စိတ်လည်း ညစ်သည်။ ဒီတော့ အရက်ကို အဖော်ပြုမိ၏။ ဒီတော့ တစ်ပြစ်က နှစ်ပြစ်ဖြစ်ရသည်။ စန္ဒီက စတင်ကာ ကွာရှင်းဖို့ ပြောဆိုလာ၏။ ဒီလိုနှင့် သူ အိမ်ပေါ်ကဆင်းလာရသည်။ သူ့မိဘတွေအိမ်မှာ ပြန်ခိုကပ်နေရ၏။

တရားဝင်ကွာရှင်းကြခြင်းမဟုတ်သည့်တိုင်အောင် စန္ဒီက အတော်ပင် ပြတ်ပြတ်စဲစဲသဘောထားပုံရ၏။ သားကလေးကို လာရောက်ကြည့်ရှုတာကိုပင် သဘောကျပုံ မရ။

သူ့မိဘတွေကလည်း သူ့ကို အိမ်မှာ လက်ခံထားရသော်လည်း သိပ်ကြည်ဖြူပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘဝကိုမင်း ပြန်အဖတ်ဆည်နိုင်အောင် ကြိုးစား မင်းခိုင်၊ စိတ်ညစ်တယ်ဆို ခုလို အရက်နံ့ထဲနစ် နေလို့ကတော့ မင်း တစ်သက်လုံး လူရာဝင်တော့မှာ မဟုတ်ဘူး'

သူ့အဖေက ဆုံးမစကားပြောခဲ့သည်။

သူ့အဖေက စကားများများ ပြောတတ်သူလည်း မဟုတ်။

သားသမီးနှင့် ဆက်ဆံရာမှာပင် အတော်တည်ကြည် သူ ဖြစ်၏။

အစိုးရဌာနကြီးတစ်ခု၏ အရာရှိကြီးတစ်ဦးဖြစ်သော် လည်း ကြွယ်ကြွယ်ဝဝ ချမ်းသာသူ မဟုတ်။

လာဘ်ပေးလာဘ်ယူကို လက်မခံ။

မင်းခိုင်က တစ်ဦးတည်းသောသား။ မင်းခိုင်အပေါ် သူ တော်တော်ပင် သံယောဇဉ်ထားခဲ့သည်။

မင်းခိုင်က အသိတရားရကာ အရက်ဖြတ်ခဲ့သည်။ သူ့သား ခြောက်လလုံးလုံး နေ့ရောညပါ အရက်ကို သောက် နေမိသဖြင့် အရက်ကို ရုတ်တရက် တုံးတိဖြတ်လိုက်သော အခါ နေမထိထိုင်မသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက် အိပ်မပျော်။

ဒါကြောင့် ဆရာဝန်တစ်ယောက်ကိုပြကာ ဆရာဝန် ညွှန်ကြားသော စိတ်ငြိမ်ဆေးတွေ သောက်နေရ၏။

အရက်ဖြတ်နိုင်ပြီဆိုသောအခါ သူ အလုပ်လိုက်ရှာ၏။

သူရရှိခဲ့သောဘွဲ့က စာရင်းကိုင်ဘွဲ့။

သို့သော် အတိတ်က ဖြစ်ခဲ့သောကိစ္စကြောင့် သည် ကုမ္ပဏီလောကတွင် နာမည်ပျက်စာရင်း ဝင်နေပုံရသည်။

သူ လျှောက်ထားသည့် ကုမ္ပဏီတိုင်းလိုလိုက သူ့ကို ငြင်းပယ်ထုတ်ကြ၏။

နောက်ဆုံးတော့ ရရာအလုပ်ကို လုပ်မည်ဟု သူ ဆုံးဖြတ်ချက်ချလိုက်၏။

မိဘလုပ်စာလည်း ထိုင်စားမနေချင်။ ထို့ကြောင့် ယခု ညစောင့်အလုပ်ကို သူ ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

"ကိုယ် အလုပ်တစ်ခုရနေပြီ စန္ဒီ၊ အရက်လည်း တကယ်ဖြတ်ခဲ့ပါပြီ၊ နဂိုကတည်းက ကိုယ်က သောက်ချင်လို့သောက်ခဲ့တာ မဟုတ်ပါဘူး၊ ကိုယ့်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်တစ်ခု ပဲရှိပါတယ်၊ အဲဒါက ကိုယ်တို့ မိသားစု အရင်လို အတူတူ ပြန်နေနိုင်ဖို့ပါပဲ'

စန္ဒီက စိတ်ပျက်လက်ပျက် ခေါင်းကို ယမ်းခါလိုက်သည်။

'ကျွန်မတို့ အရင်လိုပြန်နေဖို့ဆိုတာ ရှင့်မှာ အလုပ်တစ်ခုရှိရုံနဲ့ မဖြစ်နိုင်ဘူး ကိုမင်းခိုင်'

'ဟုတ်ပါတယ်၊ အခု ကိုယ်ရတဲ့အလုပ်ဟာ ညစောင့်အလုပ်ပါ၊ ဒီအတွက် မင်းတို့ဂုဏ်ကို ထိခိုက်မယ်ဆိုတာ ကိုယ်သိပါတယ်၊ မကြာခင် ဒီထက်ကောင်းတဲ့ အလုပ်တစ်ခုခု ရအောင်ရှာမှာပါ'

'အဲဒါထက် အရေးကြီးတာက ရှင့်အပြစ်တွေကို ဆေးကြောနိုင်ဖို့ပဲ၊ သားလေးရဲ့ဘဝမှာ ဒီအရိပ်ဆိုးကြီး အမြဲတမ်းလွှမ်းမိုးနေမှာကို ကျွန်မ မလိုလားဘူး၊ လူမှုအသိုင်းအဝိုင်းက သူ့ကို လူလိမ်တစ်ယောက်ရဲ့သားလို့ သတ်မှတ်ကြမှာကို ကျွန်မ ဘယ်လိုမှ မခံစားနိုင်ဘူး၊ ဒီအဖြစ်မျိုးက ရှောင်တိမ်းနိုင်ဖို့ဆိုတာက သားလေးကို ရှင်နဲ့ ဝေးအောင်ထားဖို့ နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲရှိတယ်လို့ ကျွန်မ ထင်ပါတယ်'

နောက်ဆုံးတော့ မင်းခိုင်သည် ခေါင်းငိုက်စိုက်နှင့် ထိုအိမ်ခန်းမှ ထွက်ခွာလာခဲ့ရသည်။ သားနှင့် မယားနှင့် အတူတကွ ပြန်လည်နေထိုင်ဖို့ သူ ကြိုးစားခဲ့ပါသည်။

သို့သော် ကံကြမ္မာက သူ့ဘက်က မပါခဲ့။

❐

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသရဲမျှားသည် မျက်နှာကြက်တွင်
ဇောက်ထိုးလမ်းလျှောက်သွားလာနိုင်သည်ဟု
သူ ကြားဖူးထားသဖြင့်
ကြက်သီးဖျန်းဖျန်းထသွားသည်။
အရဲစွန့်ကာ လက်နှိပ်ဓာတ်မီးဖြင့်
ထိုးကြည့်လိုက်သောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## မီးလောင်နေသည့် ခန္ဓာကိုယ်

ညနေခြောက်နာရီတွင် မင်းခိုင်သည် အဆောက်အအုံပျက်ဆီ ပြန်လည်ရောက်ရှိသွားသည်။ ခြံစောင့်ကြီးဦးကျော်ဒင်က...

'သူဌေးကို ငါ ပြောလိုက်ပြီ၊ သူဌေးကလည်း ငါ့သဘောတစ်ခုပါပဲ၊ မင်းက စွဲစွဲမြဲမြဲ အလုပ်လုပ်ဖို့ပဲလိုတယ်၊ မင်းအတွက် လစာ တစ်လစာ ကြိုထုတ်လာခဲ့တယ်'

ဟုပြောကာ ငွေငါးသောင်း ထုတ်ပေးသည့် မင်းခိုင်က ကျေးဇူးတင်စကား ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လွယ်လွယ်ကူကူရခဲ့သဖြင့် သူ တကယ် ပင် ကျေးဇူးတင်နေမိသည်။

'ဒီအဆောက်အအုံတစ်ခုလုံး ငါနေတဲ့ ဒီနေရာလေး တစ်ခုပဲ လျှပ်စစ်မီးရတယ်၊ ရေချိုးအိုး တည်လို့ ရတယ်၊ ဘီစကွတ်လို၊ ခေါက်ဆွဲပြုတ်လို အသင့် စားလို့ရတဲ့ စားစရာ ကလေးတွေလည်း ရှိတယ်။ မင်း အိပ်တော့မနေနဲ့၊ မင်းအလုပ်က တစ်နာရီ ခြားတစ်ခါ၊ ဒီအဆောက်အအုံကို လှည့်ပတ်ကြည့်ရှု ဖို့ပဲ၊ ကျန်တဲ့အချိန်တွေမှာတော့ မင်း ဒီအခန်းထဲမှာ နားနေနိုင်တယ်၊ ငါ သွားတော့မယ်၊ မနက် ၆ နာရီ လောက် ရောက်အောင် ငါလာခဲ့မယ်၊ ငါလာတော့မှ မင်း ဒီကပြန်နော်'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ဦးကျော်ဒင်က နှုတ်ဆက်ကာ ထွက်သွားသည်။ သူ တစ်ယောက်တည်း ကျန်နေခဲ့တော့ စိတ်ထဲတွင် အားငယ် သလိုဖြစ်လာ၏။

အရင်က သူ့စိတ်တွေက ဒီလိုမဟုတ်၊ အရက်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်ပြီးကတည်းက စိတ်တွေက ပုံမှန်မဟုတ်ချင်။ သူက ဆရာဝန်ပေးထားသော ဆေးဘူးကိုဖွင့်ကာ ဆေးတစ်လုံးကို သောက်လိုက်ရ၏။

ပြီးတော့ မီးသင့်လောင်ထားသော အဆောက်အအုံ ပျက်ကြီးဆီ လျှောက်လာခဲ့သည်။

သူ နေသောအခန်းနှင့် အဆောက်အအုံပျက်က ခြေလှမ်းဆယ့်ငါးလှမ်းမျှသာ ကွာဝေး၏။ သူ့အနေဖြင့် ကိုယ် စောင့်ရှောက်မည့် အဆောက်အအုံအကြောင်း ထိုက်သင့် သလောက် သိထားရန် လိုသည်။

ဒါကြောင့် လှည့်ပတ်ကြည့်ရှုရန် ဆုံးဖြတ်တော့ သည်။

မီးသင့်လောင်ထားသဖြင့် အဆောက်အအုံပျက်မှာ အနက်ရောင် အပျက်အစီးပုံကြီးနှင့် တူနေသည်။ အဆောက် အအုံတစ်ခုလုံး မီးမရှိသော်လည်း လရောင်ကြောင့် အတော် အသင့် မြင်နေနိုင်သည်။

ပျက်စီးနေသော အဆောက်အအုံ အပြို့အပျက်များ ကြားမှ လရောင်က တောင်းစွာထိုးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက်တွင် သူ ရုတ်တရက် လန့်ဖျပ်သွား၏။

မီးလောင်ကျွမ်းကာ သေနေသော လူသေအလောင်းတချို့။

ကြောက်လန့်တကြား လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်၏။ သေသေချာချာ မြင်လိုက်ရတော့မှ သူ့ကိုယ်သူ ပြုံးချင်သွား၏။

သူ မြင်နေရတာဟာ လူတွေမဟုတ်။ အဝတ်အစားဆိုင်များတွင် အဝတ်အစားများ ဝတ်ဆင်ကာ အလှပြင်ထားလေ့ရှိသည့် လူအရွယ်အစားမျှရှိသည့် ကော်ပတ်ရုပ်ကြီးတွေဖြစ်သည်။

သူ အပေါ်ထပ်ကို တစ်လှမ်းချင်း လှမ်းတက်လာခဲ့သည်။ ထိုအပေါ်ထပ်မှ ခြေသံများ တရှပ်ရှပ်ကြားနေရသောကြောင့် ဖြစ်သည်။

ဤအဆောက်အအုံက လူမနေတာကြာတော့ ကြွက်များလည်း နေထိုင်လိမ့်မည် မကောင်း။

ကြွက်ဆိုတာမျိုးက လူတို့၏ စားကြွင်းစားကျန်

www.burmeseclassic.com

www.burmeseclassic.com



များကို မှီခိုစားသောက်ကာ အသက်ရှင်နေတတ်သော အကောင်များဖြစ်သဖြင့် လူမရှိ သောအရပ်၌ နေလေ့မရှိ။ လေလွင့်နေသော အိမ်ခြေရာမဲ့ ကြောင်များဖြစ်ပုံရ၏။ ပိုင်ရှင်မဲ့ကြောင်များသည် ခွေးလေ ခွေးလွင့်များလိုပင် ယခုလို အဆောက်အအုံပျက်များ၌ ခိုအောင်းနေလေ့ရှိ၏။

သို့သော် အပေါ်ထပ်ရောက်၍ နေရာအနှံ့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရသော်လည်း ကြောင်နှင့်တူတာ တစ်ကောင်မှမတွေ့ရ။

ပျက်စီးနေသော အပိုင်းအစများဖြင့် ရှုပ်ပွနေသော ကြမ်းပြင်ကိုသာ တွေ့ရသည်။

သူက လက်နှိပ်ဓာတ်မီးကို ပတ်ပတ်လည် ဝှေ့ယမ်းထိုးကြည့်လိုက်၏။ ရုတ်တရက် သူနှင့် မလှမ်းမကမ်းတွင် တစ်စုံတစ်ယောက်သောသူကို မျက်နှာမူကာ ရပ်နေတာတွေ့သဖြင့် အထိတ်တလန့် နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ကာ လက်ထဲက လက်နှိပ်ဓာတ်မီးပင် လွတ်ကျလုမတတ်ဖြစ်သွား၏။

သေသေချာချာကြည့်လိုက်တော့ သူ့ရှေ့တွင် ရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



က နံရံမှန်ကြီးတစ်ချပ်ဖြစ်ကာ ထိုမှန်ထဲတွင် သူ့အရိပ်ထင်နေခြင်းပင်ဖြစ်သည်။

ချေအီး ချေလန့်ဆိုသောစကား ကြားဖူး၏။ အခုတော့ သူက သူ့အရိပ်သူ လန့်နေသည်။

သူ့ခေါင်းပေါ်က အသံတွေ ကြားပြန်၏။ သူ မော့ကြည့်လိုက်တော့ မှောင်ထဲမှ သူ့ကိုစိုက်ကြည့်နေသော မျက်လုံးတွေကို တွေ့ရသည်။ တစ္ဆေသရဲများသည် မျက်နှာကြက်တွင် ခေါက်ထိုးလမ်းလျှောက်သွားလာနိုင်သည်ဟု ကြားဖူးထားသဖြင့် သူ ကြက်သီးဖျန်းဖျန်းထသွား၏။ အရဲစွန့်ကာ သတ္တိမွေး၍ မျက်နှာကြက်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ တွဲလွဲခိုနေကြသော လင်းနို့များကို တွေ့လိုက်ရလေသည်။

လင်းနို့များသည် အနှောင့်အယှက်ကင်းစွာ ပေါက်ဖွားနေထိုင်ရသောကြောင့်လား မသိ။ အတော်ပင် ကြီးမားနေ၏။ တစ်တောင်ခန့်ပင်ရှိလောက်ရာ သူ မြင်ဖူးသမျှထဲတွင် အကြီးဆုံးအကောင်များဟု ဆိုနိုင်လေသည်။ လင်းနို့များသည် ညဘက်တွင် ကျက်စားသော သတ္တဝါများဖြစ်သဖြင့် သူတို့လို

www.burmeseclassic.com

www.burmeseclassic.com



ပင် ညဘက်၌ ကျက်စားလေ့ရှိသည့် ပရလောကသားများနှင့် မဟာမိတ်များဖြစ်သည်ဟု ယူဆကြ၏။ သွေးစုတ်ဖုတ်ကောင် တန်ခိုးရှိသော မိစ္ဆာများသည် လင်းနို့အသွင် ဖန်ဆင်းနိုင်သည်ဟု အနောက်တိုင်းက လူများက ယူဆကြ၏။ ဘာပဲဖြစ်ဖြစ် လင်းနို့များကို မြင်တွေ့ရသည်မှာ မသင်္ကာစရာ ရှုံရှာစဖွယ် ဖြစ်၍နေလေသည်။

သူက ဂူအထပ်မှ ပြန်ဆင်းရန် စိတ်ကူးလိုက်သည်။ ဂူအထပ်ပေါ်တွင် အထပ်တစ်ထပ်ရှိသေးသည်။ သူက ပြန်လှည့်မည်ပြုစဉ်မှာပင် သူ့ရှေ့က မှန်ထဲရှိ အရိပ်တစ်ခုကို မြင်လိုက်ရ၏။ ထိုနေရာတွင် နံရံအပျက်က လရောင်က ထိုးကျနေသဖြင့် အတော်အသင့် လုံလောက်သည့် အလင်းရောင်ရှိနေသည်။

ထို့ကြောင့် သေသေချာချာကြည့်လိုက်သောအခါ မှန်ထဲက မြင်နေရသောအရိပ်မှာ သူ့အရိပ်မဟုတ်မှန်း သိသာသည်။

သူနှင့် အနည်းငယ်မျှပင် ဆင်တူခြင်းမရှိသော မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။

အထက်အောက် ဝတ်စုံအနက်ကို ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဒွးဖုံးရုံမျှရှိသော စကာတ်အနက်ရောင်နှင့် ကော်လံပါသော ကွပ်ခါးတို ကိုယ်ကျပ်အနက်ရောင် ကုမ္မဏီဝန်ထမ်း မိန်းကလေး များ ဝတ်လေ့ဝတ်ထရှိသည့် ဝတ်စုံမျိုး။ အတွင်းမှအင်္ကျီမှာ ကော်လံပါသော ရှပ်အင်္ကျီအပြာနုဖြစ်ကာ လည်ပင်းတွင် နက်ကတိုင်သဖွယ် ဖဲကြိုးအနက်စလေးကို စုချည်နှောင်ထား တာ တွေ့ရ၏။

မိန်းကလေး၏ ဆံပင်မှာ ပခုံးတစ်ဝိုက် ဝဲကျနေကာ လှိုင်းတွန့်ထနေ၏။ အသက်ထင်ရှားရှိစဉ်က မိန်းမလှလေး တစ်ဦးဟု သိသာလှသည်။

ဤကဲ့သို့ ပြောနိုင်သည်မှာ မိန်းကလေး၏မျက်နှာ မှာ လူသေတစ်ယောက်၏ မျက်နှာလို ဖြူဖပ်ဖြူရော်နှင့် ကျက် သရေကင်းမဲ့နေသောကြောင့် ဖြစ်နေသည်။ မျက်လုံးများမှာ ချိုင့်ခွက်ဝင်နေရုံမက အရောင်အဆင်းကင်းမဲ့ကာ မှိန်ဖျော့နေ သည်သာမက အသားအရေက ပြာနှမ်းနှမ်းဖြစ်၍နေလေ သည်။

သူက ဆတ်ခနဲနောက်သို့လှည့်ကာ လက်နှိပ်ဓာတ်မီး နှင့်ထိုးကြည့်လိုက်၏။ ဒီတော့လည်း သူ့နောက်တွင် နံရံမှလွဲ၍ ဘာမှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် ရှင်းရှင်းလင်းလင်းဖြစ်နေသည်။

ရှေ့က မှန်ထဲကိုပြန်ကြည့်လိုက်သောအခါမှာတော့ မိန်းကလေးကို မြင်မြဲတိုင်း မြင်၍နေလေသည်။

သူ ကြည့်နေစဉ် ဟုတ်ခနဲ မိန်းကလေး၏ ခန္ဓာကိုယ်ကို မီးစွဲလောင်ကာ...

မိန်းကလေးသည် ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ် လဲကျလူးလှိမ့်နေသည်ကို မြင်လိုက်ရလေသည်။

မှန်ထဲတွင် မြင်ရသော ရုပ်ပုံများဖြစ်သော်လည်း အပြင်တွင် တကယ်မြင်နေရဘိသကဲ့သို့ ပြတ်သားထင်ရှားနေပေသည်။

သူ ထိုနေရာက ထွက်ပြေးလာခဲ့သည်။

သူ နားနေသော အခန်းကလေးထဲ ပြန်ရောက်တော့မှ အသက်ကို ဝအောင်ရှူရ၏။

သူ သရဲခြောက်ခံရပြီ။

သူ့ဘဝတွင် ပထမဆုံး အကြိမ်အဖြစ် သရဲအခြောက်ခံရခြင်းပင်ဖြစ်သည်။

သူသည် အကြောက်လွန်တတ်သူတော့ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူသူကင်းဝေးသောနေရာတွင် အဖော်မပါ တစ်ကိုယ်တည်း တွေကြုံရင်ဆိုင်လိုက်ရသဖြင့် ထိုမျှတုန်လှုပ်ချောက်ချားသွားခြင်း ဖြစ်သည်။

သူ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။ ဆရာဝန်ပေးထားသော စိတ်ငြိမ်ဆေးတစ်လုံးကို ထုတ်သောက်လိုက်ရပြန်သည်။ ဤအဆောက်အအုံတွင် ဘာကြောင့် ညစောင့်မခြဲရသည့်အကြောင်း သူ ကောင်းကောင်းသဘောပေါက်သွားသည်။ ဤမျှ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသောနေရာတွင် ဘယ်သူမျှ အလုပ်လုပ်လိုမည် မဟုတ်။

သို့သော်...

ဘာပဲဖြစ်ဖြစ် သူကတော့ အလုပ်ကထွက်ပစ်၍ မဖြစ်။

သူ့မှာ ငွေလိုသည်။

ပြီးတော့ ဤအလုပ်မှာ ရှားရှားပါးပါး သူ့အတွက် ခက်ခက်ခဲခဲရခဲ့သော အလုပ်ဖြစ်သောကြောင့်ပင် ဖြစ်လေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် ဦးကျော်ဒင် ရောက်လာကာ သူ့ကိုနိုးတော့မှ သူ အိပ်ရာကနိုးလာရ၏။ ဦးကျော်ဒင်က သူ့အား မသင်္ကာသလိုကြည့်ကာ…

‘မင်း တစ်ညလုံး ဒီလိုအိပ်နေတာတော့ မဟုတ်ပါဘူးနော်’

‘မဟုတ်ပါဘူး… ဦးပြောတဲ့အတိုင်း ကျွန်တော် တစ်နာရီတစ်ခါ အဆောက်အအုံကို လှည့်ကြည့်ပါတယ်’

‘ထူးထူးခြားခြား ဘာတွေ့ရသေးလဲ’

သူက ပြောမည်ပြုပြီးမှ…

‘ဘာမှမတွေ့ပါဘူး’

ဟု ဖုံးကွယ်လိုက်ရာ…

‘ဒါဆို မင်း ကံကောင်းတာပေါ့၊ တခြားညစောင့်တွေ ကတော့ သရဲတွေ့တယ်လို့ချည်း ပြောကြတယ်’

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုမေးပါရစေဦး၊ ဒီအဆောက်အအုံ မီးလောင်တုန်းက တစ်ယောက်မှ မသေပါဘူးနော်'

'မသေပါဘူးကွာ၊ မီးက ကုန်တိုက်ကြီးပိတ်ချိန်လောင်တာကိုး၊ ငါ့မှာ အဲဒီအကြောင်းရေးထားတဲ့ သတင်းစာအဟောင်းတွေ ရှိတယ်'

ဟု ပြောကာ ဗီရိုထဲမှာသိမ်းထားသော သတင်းစာဟောင်းတွေ ထုတ်ပြ၏။ သတင်းစာထဲတွင် ထူးထူးခြားခြားမပါ။

လူအသေအပျောက်မရှိဆိုတာပဲ ပါ၏။ ပြီးတော့ ဒီမီးက ရှို့မီးဖြစ်ကာ မီးရှို့ခဲ့သူက ထိုကုန်တိုက်ကြီး၏ မန်နေဂျာ ဦးမြတ်ဇော်ဆိုသူ ဖြစ်လေသည်။

'သူက ဘာကြောင့်ရှို့ရတာလဲ'

မင်းခိုင်က မေးတော့…

'ငွေတွေကွာနေလို့၊ အဲဒီကိစ္စကို ခြေရာဖျောက်ချင်လို့လို့ ပြောကြတာပဲ'

'သူ ထောင်ကျသွားလား'

'ဟင့်အင်း…'

'ခင်ဗျာ… ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်က တအံ့တသြမေးလိုက်လျှင် ဦးကျော်ဒင်က…

'သူ့ရှေ့နေက တရားခံဟာ ရူးနေပါတယ်လို့ သက်သေအထောက်အထား တင်ပြနိုင်ခဲ့တယ်၊ ဒါကြောင့် စိတ်ကျန်းမာရေး အထူးကုဆေးရုံကိုပဲ ရောက်သွားတယ်လေ'

မင်းနိုင်က ပခုံးတွန့်ပြလိုက်သည်။ ပြီးမှ…

'ကျွန်တော့်အရင် ဒီမှာ ညစောင့်လုပ်သွားတာ ဘယ်သူလဲဟင်'

'ဦးဘသက်တဲ့'

'သူ ဘယ်မှာနေတာလဲ'

'မြောက်ဥက္ကလာမှာ၊ မင်းက ဘာလို့မေးတာလဲ'

'သူနဲ့ သွားတွေ့ချင်လို့ပါ၊ ညစောင့်တစ်ယောက်ရဲ့ အတွေ့အကြုံအကြောင်း သူ့ဆီက မေးချင်လို့၊ ကျွန်တော်က ဒီအလုပ်ကို အခုမှ လုပ်ဖူးတာကိုး'

မင်းနိုင်က ဦးဘသက်၏ လိပ်စာကို မေးကာ ထွက်လာခဲ့၏။ ဦးဘသက်ရော ဘယ်လိုဒုက္ခမျိုးတွေ တွေ့ကြုံခဲ့ရလေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ သိချင်နေ၏။ ဦးဘာသက် စကားများသည် သူ့အတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ထင်၏။

သို့သော် ဦးဘာသက်ကို တွေ့ရသောအခါ သူထင်သလိုမဟုတ်ဘဲ ရှိနေသည်။ ဦးဘာသက်သည် ပိန်ပိန်ရှည်ရှည် အသက် ၆၀ ကျော်အရွယ် လူကြီးတစ်ဦးဖြစ်၏။ ရင့်ရော်လှသော ရုပ်ရည်ကြောင့် ရှိရင်းစွဲအသက်ထက် ပိုမိုအိုမင်းဟန် ပေါ်ပေါက်နေခြင်းလည်း ဖြစ်နိုင်သည်။ သူ့မျက်လုံးတွေက ပြူးကြောင်ကြောင်။ နှစ်ပေါင်းများစွာ အိပ်ရေးပျက်နေသည့် လူတစ်ယောက်၏ မျက်လုံးမျိုး။ မြောက်ဥက္ကလာပမြို့စွန်ရှိ အိမ်သေးသေးလေးတစ်လုံးတွင် သူတစ်ယောက်တည်း နေထိုင်နေဟန်တူ၏။ သူ့ကို အထဲဝင်ခွင့်မပေးဘဲ အပေါက်ဝကပင် ပိတ်ရပ်ကာ စကားပြောဆိုသည်။ သူ့ပခုံးပေါ်က ကျော်ကြည့်လိုက်သောအခါ ကြွက်တစ်ကောင် ဝင်လာလျှင် မျက်စိလည်ကာ ပြန်ထွက်နိုင်ရန် ခက်ခဲလောက်အောင် ရှုပ်ပွနေသော အခန်းကို မြင်ရ၏။

ကြမ်းပြင်ပေါ်တွင် စားကြွင်းစားကျန်များ၊ ပန်းကန်ခွက်ယောက်များ၊ အဝတ်ဟောင်းများ ဖရိုဖရဲ ပြန့်ကြဲနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က မင်းခိုင်ပါ၊ ဦး လုပ်ခဲ့တဲ့ ညစောင့် အလုပ်နေရာ ဝင်လုပ်ခဲ့တဲ့သူပေါ့၊ ဦး အဲဒီမှာစောင့် တုန်း ညည ဘယ်လိုထူးခြားတာများ တွေ့ရသလဲ'

'ဘာထူးခြားတာ တွေ့ရသလဲ၊ ဟုတ်လား'

သူ့မေးခွန်းကိုပင် သံယောင်လိုက်နေ၏။ မင်းခိုင် က…

'ဟုတ်ကဲ့… ဥပမာ ခြိုးခြိုးချွတ်ချွတ်အသံတွေ၊ ပြီးတော့ အရိပ်အယောင်တွေ'

'အရိပ်အယောင်… ဟုတ်လား'

'ဟုတ်ကဲ့… ဥပမာ အဝတ်နက် ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက် သူ့တစ်ကိုယ်လုံး မီးတွေ လောင်သွားတာလည်း မြင်လိုက်ရတယ်၊ အဲဒါ…'

သူ့စကားမဆုံးခင် ဦးဘသက်က ဒေါသတကြီး…

'တော်တော့… ဘာမှမကြားချင်ဘူး၊ မင်းကိုလည်း ငါ ဘာမှမပြောပြနိုင်ဘူး၊ မင်း သွားတော့'

ဟု ပြောလိုက်၏။ မင်းခိုင်က…

'ကူညီပါ ဦး၊ ဦးပြောပြမယ်ဆိုရင် ကျွန်တော့်ကို အထောက်အကူပြု…'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဆုံးအောင်မပြောလိုက်ရ။ သူ့ရှေ့မှ တံခါးကို ဦးဘသက်က တွန်းကာပိတ်လိုက်၏။ သူသိလိုက်သည်။

ဘယ်လိုပင် တောင်းပန်သော်လည်း ဤတံခါးက ပြန်ဖွင့်လာနိုင်မည် မဟုတ်။ ဘာကြောင့် ဦးဘသက်က မပြောချင်ရသနည်း။ သူ ဘယ်လိုအဖြစ်မျိုးတွေ တွေ့ကြုံနေခဲ့သနည်း။

ဦးဘသက်ကား ထိုအတွေ့အကြုံတွေက ယခုထက်တိုင် ခြောက်လှန့်လျက်ရှိပုံရ၏။ သူက လက်လျှော့လိုက်ကာ ကျောပေးထွက်ခွာခဲ့သည်။

တံခါးကိုမဖွင့်ဘဲ အထဲမှ အော်ပြောလိုက်သည့် ဦးဘသက်အသံက သူ့ထံ ပျံ့လွင့်လာ၏။

'ကောင်လေး… မင်း ဒီအလုပ်က အမြန်ဆုံးသာ ထွက်ပစ်လိုက်'

သူက ပိတ်ထားသောတံခါးဆီ ပြန်လှည့်ကြည့်ကာ သူ့ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်မိလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

သူ ကြက်သီးမွေးညင်း ထ၍သွားသည်။

တကယ်တော့ ဤအဆောက်အအုံပျက်ထဲတွင်

သူကလွဲ၍ တခြားမရှိ။

ဤချောက်ချားဖွယ် ညည်းတွားသံက

ဘယ်က ထွက်ပေါ်လာလေသနည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## သံသေတ္တာထဲမှ ညည်းတွားသံ

အမှောင်ထုက လေးလံစွာ ဖိစီးကျရောက်နေသည်။ သွပ်ပြားများကာရံထားသော ဤဒေသတစ်ဝိုက်မှာ ပတ်ဝန်းကျင်ပြင်ပနှင့် ကမ္ဘာခြားထားသကဲ့သို့ ရှိ၏။ အပြင်တွင် မီးရောင်တွေ လင်းထိန်နေသည်။ လူတွေ ဥဒဟို သွားလာစည်ကားနေကြသည်။

ဤနေရာကတော့ ပြင်ပနှင့် လုံးဝ ပတ်သက်စပ်ဆိုင်ခြင်း မရှိဘိသကဲ့သို့ တိတ်ဆိတ်ခြင်းနှင့် အမှောင်ထုသာ ကြီးစိုးမင်းမူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ နေထိုင်သော အခန်းကလေးထဲမှာတော့ တစ်ရာ ဝပ်အားရှိသော နီကျင့်ကျင့်မီးလုံးတစ်လုံး ထွန်းလင်းနေ၏။ မင်းခိုင်က ဓာတ်ဘူးထဲက ရေနွေးကို ခွက်ထဲငှဲ့ထည့်ကာ အသင့်သောက်သုံးနိုင်သည့် ကော်ဖီတစ်ထုပ်ကို ဖောက်ပြီး သွန်းလောင်းလိုက်၏။ ဇွန်းနှင့်ခေါက်လိုက်တော့ အငွေ့ တထောင်းထောင်းထနေသည့် အသင့်သောက်သုံးနိုင်သော ကော်ဖီတစ်ခွက် ဖြစ်ပေါ်လာသည်။

သူက ကော်ဖီကို ကြိုက် နှစ်သက်သူတော့ မဟုတ်။ သို့သော် ကော်ဖီတွင်ပါဝင်သည့် ဓာတ်တချို့က အာရုံကို လန်းဆန်းကာ အိပ်ချင်စိတ်ကို ပြေပျောက်စေနိုင်သည်။

သူ တစ်ညကို မိုးအလင်းမအိပ်ဘဲ နေနိုင်အောင် ကော်ဖီသုံးခွက်လောက်တော့ သောက်ရလေ့ရှိ၏။

သူ့လက်က နာရီကို ကြည့်လိုက်သည်။ ၁၂ နာရီထိုး တော့မည်။ အဆောက်အအုံထဲ တစ်ပတ်ပတ်ကြည့်ဖို့ သူ ဆုံးဖြတ်လိုက်၏။

ဤအခန်းကလေးထဲမှာချည်း ထိုင်နေရလျှင် ပျင်း၍ လာကာ မကြာခင် အိပ်ငိုက်လာမိမှာ သေချာလှသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် သူ့အတွက် သက်ရှိအဖော်လည်း မရှိ၊ သက်မဲ့အဖော်လည်း မရှိ။ အိမ်မွေးတိရစ္ဆာန် ခွေးကလေး၊ ကြောင်ကလေး တစ်ကောင်ကောင်ရှိနေလျှင် သူ အဖော်ရပေမည်။ ဒါမှမဟုတ် ရုပ်မြင်သံကြားစက်ကလေးတစ်လုံး၊ ဒါမှမဟုတ် အဖျင်းဆုံး ဓာတ်ခဲသုံး ရေဒီယိုကလေးတစ်လုံး ရှိလျှင့်လည်း မဆိုး။

အသံကို အဖော်ပြုနေနိုင်မည်။

သူ လက်နှိပ်ဓာတ်မီးကိုပဲ အဖော်ပြုကာ အဆောက်အအုံထဲ ဝင်လာခဲ့သည်။ ဒီတစ်ခါတော့ ဘယ်နေရာတွင် ဘာရှိနေသည်ကို သူ သိထားပြီးဖြစ်သဖြင့် ပထမနေ့ကလို အခြောက်တိုက် ထိတ်လန့်မနေတော့။ ဟိုနေရာက လဲနေသော ကုလားထိုင်ဟောင်း၊ ဟောဟိုနေရာမှ မီးလောင်ထားသည့် အရုပ်တချို့၊ ပြီးတော့ ဗီရိုအပျက်များ။

အပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကြားရသည်။ ဒီတစ်ခါ ကြားရသည့်ခြေသံက အတော်ပင် ထင်ထင်ရှားရှားဖြစ်၏။ ကြောင်ခြေသံ၊ ကြွက်ခြေသံတွေနှင့် မတူ။ ကွဲကွဲပြားပြား ရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်သွက်သွက်ခြေလှမ်းများဖြင့် လှေကားအတိုင်း ဒုတိယထပ်ကို ပြေးတက်လာခဲ့၏။ အပေါ်ထပ်ရောက်တော့လည်း ဘာသံမှ မကြားရ။ သူ လက်နှိပ်ဓာတ်မီးနှင့် နေရာအနှံ့ ထိုးကြည့်၏။

တစ်နေရာအရောက်တွင် မည်းမည်းအရိပ်တစ်ခု လှုပ်ရှားသွားသယောင် တွေ့လိုက်ရ၏။ ခဏချင်းမှာပင် အလင်းရောက်အောက်က ပျောက်သွား၏။

လက်နှိပ်ဓာတ်မီးကို နေရာအနှံ့ ထိုးကြည့်ပြန်သည်။ တစ်နေရာသို့အရောက်တွင် အနက်ရောင်သဏ္ဍာန် ဖျတ်ခနဲ လှုပ်ယမ်းရွေ့လျားသွားတာ မြင်လိုက်ရပြန်သည်။ ထိုနေရာကို သူ ပြေးသွား၏။

ကြမ်းပြင်ပေါ်တွင် လဲကျနေသော ခုံတစ်ခုံနှင့် ခလုတ်တိုက်ကာ သူ လဲကျသွားပြန်သည်။ လက်ထဲက လက်နှိပ်ဓာတ်မီးက လွင့်စဉ်ကျသွား၏။ သူ အမှောင်ထုထဲ ကျရောက်၍သွားသည်။

ကြမ်းပြင်ပေါ်တွင် လေးဘက်တွားကာ လွင့်ကျသွားသော လက်နှိပ်ဓာတ်မီးကို လက်နှင့်လိုက်စမ်းကာ ရှာဖွေကြည့်

www.burmeseclassic.com

www.burmeseclassic.com



၏။ လက်နှိပ်ဓာတ်မီးက လက်မှလွတ်ကျစဉ် ခလုတ်ကိုထိကာ မီးငြိမ်းသွားသဖြင့် အရှာဖွေရခက်၍နေ၏။ ထိုအခိုက်မှာ ထိတ်လန့်ချောက်ချားဖွယ် ညည်းတွားသံကြီးတစ်ခု ထွက်ပေါ်လာ၏။

အသံက မိန်းမတစ်ယောက်၏ အသံ။ မချိမဆံ့ ဝေဒနာခံစားနေရာမှ ထွက်ပေါ်လာသည့်အသံမျိုး။

သူ ကြက်သီးမွေးညင်းထသွား၏။ တကယ်တော့ ဒီအဆောက်အအုံပျက်ကြီးထဲတွင် သူကလွဲ၍ ဘယ်သူမှမရှိ။ ဤချောက်ချားဖွယ် ညည်းတွားသံက ဘယ်က ထွက်ပေါ်လာရသနည်း။

သူ အထိတ်တလန့်ဖြစ်နေစဉ် သူ့လက်များက မှောင်ထဲတွင် လက်နှိပ်ဓာတ်မီးကို စမ်းမိ၏။ မီးခလုတ်ကို ဖွင့်လိုက်တော့ အခန်းထဲတွင် အလင်းရောင်ဖြစ်ပေါ်လာသဖြင့် သူ့ကြောက်ရွံ့စိတ် အတန်ငယ်လျော့ပါးသွား၏။

ညည်းတွားသံက သဲ့သဲ့ထွက်ပေါ်လာသည်။ ဒီတစ်ခါတော့ ထိုအသံသည် တတိယထပ်မှ ထွက်ပေါ်လာသော အသံဖြစ်ကြောင်း သူ သတိထားမိ၏။ ထို့ကြောင့် သူ အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ကို တက်လာခဲ့သည်။ ဤအထပ်က အိမ်တောင်ပရိဘောဂ များ ရောင်းချသည့်အထပ်ဖြစ်သည်။ ပြီးတော့ ကုန်တိုက်ကြီး၏ ရုံးအဖွဲ့တည်နေရာလည်း ဖြစ်၏။ ဗီရိုကြီးတွေ၊ ခုတင်တွေ၊ စားပွဲခုံတွေ မီးလောင်ထားတာ တွေ့ရသည်။ အသံထွက်ပေါ် လာရာ အခန်းက မှန်များဖြင့် အခန်းဖွဲ့ထားသည့် ရုံးခန်းထဲက ဖြစ်၏။

သူ ရုံးခန်းထဲဝင်လာခဲ့သည်။ အပြိုပြိုအပျက်ပျက် ဖြစ်နေသည့် မီးသင့်ထားသော ရုံးသုံးပရိဘောဂများ ဤအခန်း ထဲရောက်တော့လည်း ချောက်ချားစရာကောင်းလှသည့် ညည်း တွားသံက ပျောက်ကွယ်၍နေလေသည်။

အခန်းကို လှည့်ပတ်ကာ လက်နှိပ်ဓာတ်မီးနှင့် ထိုး ကြည့်၏။ မသင်္ကာစရာ ဘာမှမတွေ့။ အခန်းထောင့်တွင် ခေါင်းတစ်လုံးနှင့်တူသော သံသေတ္တာကြီးတစ်လုံး တွေ့ရ၏။ ဖွင့်ကြည့်ဖို့ကြိုးစားသော်လည်း မရ။ သော့ခလောက်ကြီး ခတ်၍ထား၏။ သူက သူ့အခန်းဆီသို့ ပြန်နားရန် ဆုံးဖြတ် လိုက်၏။

ဘာမှမဟုတ်ဘဲ သူ ရင်မောလူမောဖြစ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လှည့်အထွက်မှာပင် နံရံပေါ်၌ လက်ဖဝါးရာတစ်ခုကို တွေ့လိုက်ရ၏။ လက်ဖဝါးရာက ကလေးလက်ဖဝါးရာ လောက်လည်း မသေး။ ယောကျ်ားကြီးတစ်ယောက်၏ လက် ဖဝါးရာလောက်လည်း မကြီး။ ခန့်မှန်းရသည်မှာ မိန်းမ တစ်ယောက်၏ လက်ဖဝါးရာလောက်ဟု ထင်ရ၏။

သူက ထိုလက်ဖဝါး၏ အရွယ်အစားကို သိချင် သဖြင့် သူ့လက်ဖဝါးဖြင့် သွားကာ ထိကပ်လိုက်သည်။

'အား…'ခနဲအော်ကာ သူ့လက်ကို ပြန်ရုပ်လိုက် ရ၏။ သူထိလိုက်သော နေရာတွင် မှန်သည် အက်ကွဲကြောင်း များထင်လာကာ သူ့လက်ဖဝါးကိုပင် ထိရှသွားစေ၏။ သူ့ လက်ကို သူ ပြန်ကြည့်လိုက်တော့ သူ့လက်သည် မှန်ကွဲရှ လိုက်သလို ဒဏ်ရာရနေကာ သွေးတွေ ယိုစီးထွက်နေ၏။ ထိုသွေးစက်တွေက ငရဲမီးလို ပူလောင်နေတာ သူ သတိထား လိုက်မိ၏။

ထူးခြားသည်ဟု ထင်မိသည်။

ထိုအခိုက်မှာပင် သွေးစက်များက သူ့ခြေခုံများအပေါ် ကျရောက်သွားရာ ထိုခြေခုံများကစ၍ မီးရှဲကာ တောက်

www.burmeseclassic.com

www.burmeseclassic.com



လောင်လာခဲ့လေသည်။ ထိုမီးတောက်က ဘောင်းဘီမှ ဂျာကင်အထိ ကူးစက်လာသည်။ မင်းခိုင် အရှူးမီးပိုင်းဖြစ်သွားသည်။

သူ့ပုံသဏ္ဍာန်ကို သူ ရှေ့မှမှန်ထဲတွင် အတိုင်းသား မြင်နေရသည်။ သူ့အင်္ကျီတွေ မီးစွဲလောင်လာသည်။ သူ ဂျာကင်ကိုချွတ်ကာ လွှင့်ပစ်လိုက်ရ၏။ ရှပ်အင်္ကျီကို စွဲနေသည့် မီးတွေကို ရိုက်ပုတ်ကာ ငြိမ်းရသည်။ တစ်ကိုယ်လုံး မီးတွေ တောက်ကာ သူ ကြမ်းပြင်ပေါ် လဲကျသွားသည်။ ပြီးတော့ ကြမ်းပြင်ပေါ်တွင် လူးလိမ့်ကာနေလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

၇

မနက်မိုးလင်း ထိုအဆောက်အအုံသို့ ဦးကျော်ဒင် ရောက်လာသောအခါ စခန်းချနေထိုင်သော အခန်းထဲတွင် မင်းခိုင်ကို မတွေ့ရ။ ဒီကောင်လေး ထွက်ပြေးသွားလေပြီလား။

သို့သော် ဒီကောင်လေးကြည့်ရတာ ဒီလို မျက်နှာလွှဲ ခဲပစ်လုပ်မည့်ကလေး ဟုတ်ပုံမရ။ ဒီတော့ အန္တရာယ်တစ်ခုခု ကြုံနေလေပြီလားဟုတွေးမိကာ စိတ်ပူသွားမိသည်။ ဦးဘသက် သတင်းကို သူ ကြားခဲ့ပြီးတော့ ပို၍ပူပန်လာသည်။

ထို့ကြောင့် အဆောက်အအုံပျက်ထဲ ဝင်လာခဲ့သော လိုက်လံရှာဖွေသည်။ ပထမထပ်တွင် မတွေ့။ ဒုတိယထပ်တွင် မတွေ့။

www.burmeseclassic.com

www.burmeseclassic.com



တတိယထပ်ရောက်မှ တွေ့တော့၏။ ရုံးခန်းပျက်ကြမ်းပြင်တွင် ပက်လက်လန်လဲကျကာ ခြေကားယား လက်ကားယားဖြစ်နေသည့် မင်းခိုင်ကို တွေ့လိုက်ရရာ တွေ့စကသေဆုံးနေပြီဟုပင် ထင်လိုက်သေး၏။ နောက်မှ အသက်ရှိနေကြောင်း သတိရကာ လှုပ်နှိုးလိုက်သည်။

'မင်းခိုင်… ဟေ့… မင်းခိုင်'

ဒီတော့မှ မင်းခိုင်သည် ပြူးတူးပျာတာ နိုးခေါ်၏။

'ဟေ့ကောင်… မင်းကို ညစောင့်လုပ်ခိုင်းတာ၊ ဘာကြောင့် ဒီလိုနေရာမှာ လာအိပ်နေရတာလဲ'

ဦးကျော်ဒင်က ဟောက်လိုက်သည်။ ပထမ ငေးကြောင်နေရာက အခုမှ မင်းခိုင် အသိတရား ပြန်ဝင်လာသည်။ ညက ဤအခန်းထဲ၌ သူရှိစဉ် သူ့တစ်ကိုယ်လုံး မီးစွဲလောင်ခံခဲ့ရတာ အမှတ်ရလေ၏။ တကယ်တော့ သူ့ စိတ်ချောက်ချားကာ ထင်မိထင်ရာ မြင်ခဲ့ပုံပေါ်၏။

ဘေးကြမ်းပြင်ပေါ်တွင် သူ့ ချွတ်ကာ လွှင့်ပစ်ခဲ့သောဂျင်းဂျာကင်ရှိနေရာ သူ ကောက်ကာဝတ်လိုက်ရသည်။ ပြီးတော့ ညက မြင်ရသည့် မှန်ပေါ်က လက်ဖဝါးရာကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေါ်တွင် မည်သည့်အရာမှ ရှိမနေ။ မှန်ကလည်း အက်ကွဲခြင်းမရှိ၊ အကောင်းပကတိ။ သူ့လက်ဖဝါးကို ကြည့်လိုက်တော့လည်း မှန်ကွဲရှသည့် ဒဏ်ရာဒဏ်ချက် မရှိ။

'မင်း ဘာတွေဖြစ်နေတာလဲ မင်းခိုင်'

ကြောင်တောင်တောင်ဖြစ်နေသော မင်းခိုင်ကိုကြည့်ကာ ဦးကျော်ဒင်က ဟောက်လိုက်ခြင်းဖြစ်သည်။

'မင်း ဒီလိုဖြစ်နေရင်တော့ ငါ့အဆိုးမဆိုနဲ့၊ မင်းကို ငါ အလုပ်က ထုတ်ပစ်ရလိမ့်မယ်'

'မလုပ်ပါနဲ့ ဦးလေးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ညက ဒီနေရာရောက်နေတုန်း…'

'ဘာဖြစ်လဲ'

'မူးလဲသွားလို့ပါ'

သူက စကားကို လှီးလွှဲပြောဆိုလိုက်သည်။ သူက အမှန်အတိုင်းပြောပြန်ရင်လည်း ယုံမှာမဟုတ်။ သူ့ကို ဆေးကြောင်နေသည်ဟုသာ ထင်ပေမည်။

ယခုလည်း မယုံသင်္ကာ မျက်လုံးများဖြင့်ကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'မင်းခိုင် မင်း မူးယစ်ဆေးတွေဘာတွေများ သုံးတတ်လား'

'ဟာ… မဟုတ်တာ၊ ကျွန်တော် အရင်က အရက်တော့ တော်တော်သောက်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခု အရက်လည်း ဖြတ်ထားတာ ကြာပါပြီ'

'ဒါဆို အရက်ကြောင် ကြောင်တာပဲ ဖြစ်ရမယ်၊ အရက်ကို အလွန်အကျွံသောက်တတ်သူတွေဟာ အရက်ဖြတ်လိုက်ရင် အဲလိုဖြစ်တတ်တယ်လို့ ငါ ကြားဖူးတယ်၊ မင်း ဘာကြောင့် ဒီကြမ်းပြင်ပေါ် လာအိပ်နေရတာလဲ'

'ကျွန်တော် တောင်းပန်ပါတယ် ဦးလေး၊ နောက် ဒီလိုမဖြစ်စေရပါဘူး'

သူတို့နှစ်ယောက် စခန်းထဲရှိ နားနေဆောင်သို့ ပြန်ရောက်လာကြသည်။ သူ့ကို ထိုင်ခိုင်းကာ ဦးကျော်ဒင်က ကော်ဖီဖျော်ကာ တိုက်၏။

'မင်း ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ အားနည်းနေသလိုပဲ၊ ကျန်းမာရေး ဂရုစိုက်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ'

သူ ထွက်သွားတော့မည်ပြုတော့မှ ဦးကျော်ဒင်က…

'ဟေ့ကောင်လေး… မင်း ဦးဘသက်ကို သိလား၊ မင်းအရင် ဒီမှာ အစောင့်လုပ်သွားတဲ့သူလေ'

'ဟုတ်ကဲ့… တစ်နေ့က ကျွန်တော်တောင် သူ့ကို သွားတွေ့ခဲ့သေးတယ်၊ ဘာဖြစ်လို့လဲ'

'သူ သေပြီ'

ဦးကျော်ဒင်က စိတ်မပါ လက်မပါ ပြောလိုက်သည်။ ထိုစကားကြောင့် မင်းခိုင် အံ့သြထိတ်လန့်သွား၏။

'ဘယ်လိုဖြစ်တာလဲဗျာ'

'ကိုယ့်ကိုယ်ကိုယ် သတ်သေတာလေ၊ မှန်ကွဲစနဲ့ လည်ပင်းကို လှီးလိုက်တာတဲ့'

ကြားရတာပင် နှလုံးတုန်စရာကောင်းလှ၏။ ထိုနေရာက ထွက်လာခဲ့သည့်တိုင်အောင် ထိုအဖြစ်က လိုက်လံခြောက်လှန့်နေသလို သူ့နောက်က ပါလာ၏။

အပြင်ရောက်သောအခါ သူ့ပတ်ဝန်းကျင်က ပြောင်းသွားသည်။ ကားသံ၊ လူသံတွေနှင့် ရှုပ်ထွေးနေသောလောက။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားနေသော ကလေးတစ်သိုက်ကို မြင်သောအခါမှ သူ့သားကလေးကို သတိရလာသည်။

စန္ဒီက ဘာပြောပြော သူခံမည်ဟု ဆုံးဖြတ်ကာ သူ့ကလေးရှိရာ ထွက်လာခဲ့၏။ သူ တံခါးဝမှ ဘဲလ်ကိုတီး ရင်း ရင်ခုန်နေသည်။ သူ့ကို စန္ဒီက နှင်ထုတ်ပစ်လေမည်လား ဟု။

သို့သော်…

တံခါးလာဖွင့်ပေးသည့် စန္ဒီမျက်နှာက ခပ်တည်တည် ဖြစ်သော်လည်း သူ့ကို နှင်ထုတ်လိုဟန်တော့ မပြ။

'ရှင့်ကို သား တွေ့ချင်နေတယ်'

ဟု ပြောလိုက်၏။ သူက အခန်းထဲ ကပျာကသီ ဝင်လိုက်ကာ…

'သား ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

'သားလက်ကို မှန်ရှလို့'

'ဘာ…'

သူ အာမေဋိတ်သံ ပြုလိုက်၏။ စန္ဒီက…

www.burmeseclassic.com

www.burmeseclassic.com



'သိပ်မများပါဘူး၊ နည်းနည်းပါ၊ ရှင့်ကို တွေ့ချင်တယ် ပြောနေတယ်'

သူက သားအခန်းထဲ ဝင်လိုက်သည်။ သားက ခုတင်ပေါ် လှဲနေရာမှ…

'ဟိုင်း… ဒယ်ဒီ'

ဟု လှမ်းနှုတ်ဆက်၏။ ညာဘက်လက်တွင် ပတ်တီးစည်းထားသည်ကို တွေ့ရ၏။ သူက ခုတင်ဘေးတွင် ထိုင်ရင်း…

'ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်၏။

စန္ဒီက…

'မနေ့ညက မှန်ပြတင်းဘေးမှာ ဆော့နေရင်း ပြတင်းမှန်ကွဲပြီး ရှသွားတာ၊ ဆေးခန်းခေါ်သွားပြီး သုံးချက်ချုပ်လိုက်ရတာ'

ကလေးတစ်ယောက်အတွက်တော့ ပေါ့ပေါ့တန်တန် ဒဏ်ရာဟု မဆိုနိုင်။ သူတို့သားအဖနှစ်ယောက်အကြား ဘယ်လိုဆက်နွယ်မှုမျိုး ရှိနေသနည်း။ မနေ့ညက သူ့ဘက်ကို မှန်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟု ထင်ယောင်ထင်မှားဖြစ်ခဲ့သေးသည်။ သို့သော် သူ့သားလေး ဇော်ဇော်က အရွယ်နှင့်မမျှအောင် သတ္တိရှိ၏။ တစ်ချက်ကလေးမှ ညည်းညူခြင်းမရှိ။

သားကလေးနှင့် စကားအတော်ကြာအောင်ပြောပြီး သူ အပြင်ထွက်လာသောအခါ ဧည့်ခန်းထဲတွင် စန္ဒီသည် ဧည့်သည်တစ်ယောက်နှင့် ထိုင်စကားပြောနေသည်ကို တွေ့ရ၏။

ထိုသူက ရဲအရာရှိတစ်ယောက်၏ ယူနီဖောင်းကို ဝတ်ဆင်ထားသည်။ ဒီလူကို သူ ကောင်းကောင်းသိသည်။ စန္ဒီ၏ ငယ်သူငယ်ချင်း လင်းအောင် ဖြစ်သည်။ သူက စန္ဒီ အပျိုဘဝက စန္ဒီကို ကြိတ်ပိုးနေသူဖြစ်၏။ စန္ဒီနှင့်သူ လက်ထပ်ပြီးမှ သူ နောက်ဆုတ်သွားသည်။ ယခု စန္ဒီကို ပြန်ချဉ်းကပ်နေပြန်သလား မသိ။

ဒါမှမဟုတ် သူငယ်ချင်း ဆက်ဆံရေးမျိုးလည်း ဖြစ်ကောင်းဖြစ်မည်။

'ခင်ဗျား ရောက်နေတာ အတော်ပဲ ကိုမင်းနိုင်၊ ခင်ဗျားကို ကျွန်တော် မေးစရာရှိလို့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရဲအုပ်လင်းအောင်က ဆိုသည်။ မင်းခိုင်က သူတို့ ရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း...

'ပြောပါ ကိုလင်းအောင်၊ ဘာများလဲ'

'ခင်ဗျား ဦးဘသက်ကို သိပါတယ်နော်'

ရုတ်တရက် သူ နှုတ်ဆွံ့အသွားတာကို လင်းအောင်က ရဲအရာရှိပီပီ အကဲခတ်နေရာမှ...

'ဘာဖြစ်လို့ ရုတ်တရက် မဖြေရတာလဲ'

'သိတယ်လို့ပြောရင်လည်း ရတယ်၊ မသိဘူးလို့ ပြောရင်လည်း ရတယ်၊ ကျွန်တော် သူနဲ့ တစ်ခါပဲ ခဏတစ်ဖြုတ် တွေ့ခဲ့ဖူးတယ်'

'ဒါဆို ခင်ဗျား သူ သေသွားတာလည်း သိလောက်ရောပေါ့'

'ခုန ဦးကျော်ဒင် ပြောလို့ သိပြီးပါပြီ'

'အဲဒီ ဦးဘသက်ဆိုသူက ဘယ်သူလဲဟင်'

'ညစောင့်တစ်ယောက်ပါ၊ ကိုမင်းခိုင် အလုပ်လုပ်နေတဲ့ နေရာမှာ သူ့အရင် လုပ်ခဲ့တဲ့လူပေါ့၊ တစ်နေ့ညက ဒီလူဟာ မှန်ကွဲစတစ်စနဲ့ သူ့လည်ပင်းကို သူလှီးပြီး

www.burmeseclassic.com

www.burmeseclassic.com



သေသွားတယ်၊ အဲဒီလူနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့လူက ကိုမင်းခိုင် ဖြစ်နေတယ်'

စန္ဒီ မျက်လုံးတွေက မင်းခိုင်အပေါ် ကျရောက်လာ၏။ ပြီးတော့…

'သူ့ကို သံသယရှိလို့လား'

ဟု ပြောင်ဖွင့်ကာ မေးလိုက်၏။ သူ့ဘက်က ခုခံကာကွယ်လိုသည့်သဘော။ ဒီအတွက်တော့ မင်းခိုင် ကျေနပ်သွားမိ၏။

လင်းအောင်က…

'အို… ဒီလိုမဟုတ်ပါဘူး၊ ကျွမ်းကျင်သူတွေက ဒါဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုလို့ပဲ ဆုံးဖြတ်ချက်ပေး ခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဒီအမှုကို ကိုင်တွယ်ရတဲ့ သူဆိုတော့ လိုအပ်တဲ့မေးမြန်းမှုတွေတော့ လုပ်ဖို့လိုပါတယ်'

'ကျွန်တော့်မျက်နှာက တရားခံနဲ့ တူနေသလား'

မင်းခိုင်က ခပ်တည်တည် ပြောလိုက်သော်လည်း လင်းအောင်က ပြက်လုံးတစ်ခု ကြားရသလို ရယ်လိုက်ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



'တရားခံနဲ့တော့ မတွေ့ပါဘူး၊ ဒါပေမဲ့ လူမမာတစ်ယောက်နဲ့တော့ တွေ့နေပြီ၊ ခင်ဗျားကို ကျွန်တော် အကြံပေးချင်တယ်၊ ခင်ဗျား ညဘက်ကို အိပ်ရေး ဝဝအိပ်သင့်တယ်'

ဒီတစ်ခါတော့ မင်းခိုင် ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏။

မင်းခိုင်အကြောင်း သိနေသည့် စန္ဒီပင် ရယ်ချင်သလိုလို ဖြစ်သွား၏။

ဘာမှမသိသည့် လင်းအောင်ကသာ နားမလည်သလို ငေးကြည့်နေမိတုန်း။

လင်းအောင်က…

'ခင်ဗျား ပြောတာ လုံးဝမဖြစ်နိုင်ပါဘူး ကိုလင်းအောင်'

'ဘာဖြစ်လို့လဲဗျ'

'ကျွန်တော့်အလုပ်က ညစောင့်အလုပ်ဖြစ်လို့ပါပဲ'

❒

www.burmeseclassic.com

www.burmeseclassic.com

ဘာကောင်ပဲဖြစ်ဖြစ် သူ အမိဖမ်းတော့မည်။
တစ္ဆေသရဲတစ်ကောင်ကိုသာ အမိဖမ်းနိုင်လျှင်
နောက်နေ့ထုတ် ဂျာနယ်များ၌
သူ့ပုံသည် သူရဲကောင်းသဖွယ် ပါလာပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## မီးတခွေ

တကယ်တော့ ညစောင့်အလုပ်ဆိုသည်မှာ လူအတော်များများ မလုပ်ချင်သည့်အလုပ်ဖြစ်သည်။ စဉ်းစားကြည့်ပါ။ လူသည် ဇီးကွက်လည်း မဟုတ်၊ လင်းနို့လည်း မဟုတ်၊ နေ့တွင် ကျင်လည်လှုပ်ရှားသွားလာကာ ညတွင် အိပ်စက်အနားယူရသည့် သတ္တဝါဖြစ်၏။

အခုတော့...

သူ့ဘဝက လူများစုနှင့် ပြောင်းပြန်ဖြစ်နေသည်။ အားလုံးသောလူများ အိပ်စက်နားနေကြချိန်တွင် သူက နိုးနိုးကြားကြား မအိပ်ဘဲနေနေရ၏။ အခုလည်း ကြည့်။ ည ၁၂

www.burmeseclassic.com

www.burmeseclassic.com



နာရီကျော်ရှိပဲ ရှိသေးသည်။ သူ့မျက်ခွံတွေက လေးလံကာ ခေါင်းထဲတွင် အိပ်ချင်စိတ်ဖြင့် ရီဝေမူးတူးဖြစ်၍နေသည်။ သူ အိပ်ရေးပျက်ခဲ့တာ သုံး၊ လေးညရှိခဲ့ပြီ။ နေ့ဘက်လည်း ထူးထူးခြားခြား အစားထိုးကာ ပြန်မအိပ်စက်ဖြစ်ခဲ့။ ဤအတိုင်းဆို သူ ကြောင်စီစီဖြစ်သွားနိုင်ပေသည်။

သူ အိပ်ချင်စိတ်ကို အားယူ၍ တွန်းလှန်နေရသည်။ သူ ဤအခန်းထဲတွင် အိပ်ပျော်နေတာကိုသာ ဦးကျော်ဒင် တွေ့ရှိသွားပါက သူ့ကို ဤအလုပ်မှ ကန်ထုတ်ပစ်မှာ သေချာလှလေသည်။

သူ မှေးခနဲဖြစ်သွားပြန်၏။ သူ မိန်းကလေးကို မြင်ရပြန်သည်။ သူ ဤနေရာကို စတင်ရောက်ရှိစက တွေ့ခဲ့ရသည့် ဝတ်စုံနက်နှင့် မိန်းကလေး။ ဒီမိန်းကလေးကို သူ ကောင်းကောင်းမှတ်မိသည်။ ဒီတစ်ခါတော့ မိန်းကလေး တစ်ကိုယ်လုံး မီးစွဲလောင်နေတာ မြင်ရ၏။ မီးတောက်ထဲတွင် မိန်းကလေးသည် တွန့်လိမ်ကောက်ကွေးကာ အော်ဟစ်နေရာမှ လဲကျ၍သွား၏။

သူ ဖျတ်ခနဲ မျက်လုံးတွေ ပွင့်လာသည်။ အိပ်ခန်းရင်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်ခြင်းလား။ ဒါမှမဟုတ် အိပ်ချင်မူးတူး အာရုံ ကွင်း ထင်မြင်လာခြင်းပေလား ဝေခွဲမရ။ ဒီမိန်းကလေးဟာ ဘာကြောင့် ဤကဲ့သို့ ပြုပြုနေရသနည်း။ သူ့ကို ဘာသိစေချင် သနည်း။

ဦးကျော်ဒင် အပြောအရ ဤအဆောက်အအုံ မီး လောင်စဉ်က တစ်စုံတစ်ယောက်မှသေဆုံးခြင်းမရှိဟုဆိုသည်။ မီးက ဈေးရောင်းဈေးဝယ်မရှိသည့် ညဘက် ကုန်တိုက်ပိတ် ချိန်တွင် လောင်ခဲ့ခြင်းဖြစ်၏။ ထိုအချိန်က ညအချိန်မတော် အလုပ်လုပ်နေသည့် မန်နေဂျာသာ ရှိသည်ဟု ဆိုသည်။ နောက်ပိုင်းတွင် မန်နေဂျာ ဦးမြတ်ဇော်သည် ရူးသွပ်နေသဖြင့် သာ ဤကဲ့သို့ မီးရှို့ခဲ့ခြင်းဖြစ်ပါသည်ဟု သူ့ရှေ့နေက အကြောင်းပြချက်ကောင်းကောင်းဖြင့် လျှောက်လဲသဖြင့် ဦးမြတ်ဇော်သည် စိတ်ကျန်းမာရေးဆေးရုံသို့သာ ရောက်ရှိခဲ့ ရသည်ဟု ဆိုလေသည်။

ဒီအကြောင်းတွေ လျှောက်တွေးနေရလျှင် အဖြေရှာ မရဘဲ သူ ရူးသွပ်သာ ရူးသွပ်သွားနိုင်ပေသည်။ အမိန်းကလေး ထဲက ထွက်လာကာ အဆောက်အအုံပျက်ဆီသို့ မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ပြန်သည်။ ထုံးစံအတိုင်းပင် အခေါက်အအုံ ပျက်ထဲ ရောက်သောအခါ ချိုးချိုးချွတ်ချွတ်အသံတွေ ကြားရ၏။

ဒီတစ်ခါတော့ မင်းခိုင်က ပါးနပ်သွား၏။ လက်နှိပ် ဓာတ်မီးကိုမဖွင့်ဘဲ ခြေသံလုံလုံဖြင့် အသံကြားရာဘက် တိတ် တဆိတ် လျှောက်လှမ်းလာခဲ့သည်။

ထိုးကျနေသော တစ်ဝက် တစ်ပျက် လရောင်တွင် မည်းမည်းအရိပ်တစ်ခုကို သူ တွေ့လိုက်ရ၏။ ထိုမည်းမည်း အရိပ်က အခန်းထဲတွင် ဟိုမှသည်မှ လှုပ်ရှားနေသည်။ မင်းခိုင် က ထိုမည်းမည်းနောက် ခြေရာခံ လိုက်နေ၏။

ဘာကောင်လဲ။

တစ္ဆေသရဲတစ်ကောင်လော။

ဘာကောင်ပဲဖြစ်ဖြစ် သူအမိဖမ်းတော့မည်။ တကယ် သာ သရဲတစ္ဆေတစ်ကောင်ကို ဖမ်းနိုင်လျှင် နောက်နေ့ထုတ် ဂျာနယ်များ၌ သူ့ပုံသည် သူရဲကောင်းတစ်ယောက်သဖွယ် ထင်ထင်ရှားရှား ပါလာပေမည်။ မင်းခိုင်သည် နီးကပ်နိုင် သမျှ နီးကပ်သွားကာ ထိုမည်းမည်းအရာပေါ် ခုန်အုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရော နှစ်ယောက်လုံး ကြမ်းပြင်ပေါ်ကို လုံးထွေးကျသွားပါလေ တော့သည်။

သူသိသည်က သရဲတစ္ဆေဆိုတာ အရိပ်အငွေ့သဏ္ဌာန် ရုပ်နသတ္တဝါဟူ၍ ဖြစ်၏။ ယခု သူနှင့်တွေ့ထိရသော သရဲ တစ်ကောင်ကတော့ တကယ့်လူတစ်ယောက်၏ ပကတိသွေး သားကဲ့သို့ မာကျောသန်မာနေသည်။ သူနှင့် တစ်ယောက် တစ်ပြန် လုံးထွေးနေရာက သူပင် အောက်ရောက်သွားကာ အပေါ်မှခွစီး၍ လက်နှစ်ဖက်ဖြင့် လည်ပင်းကို ညှစ်ထား ၏။

ထိုလက်တွေက သန်မာလှရာ သူ့လက်တွေနဲ့ ဆွဲဖယ် သော်လည်း မရဘဲရှိ၏။ ကြာတော့ မင်းခိုင် အသက်ရှူ ကျပ်လာ၏။

ဒီတော့မှ သူ့ခါးတွင် ချိတ်ဆွဲထားလေ့ရှိသော လုံခြုံ ရေးဝန်ထမ်းများ အသုံးပြုလေ့ရှိသည့် တစ်တောင်ခန့်ရှိသော လက်ကိုင်တုတ်ကို သတိရလာသည်။ သူက သူ့လက်တစ်ဖက် နှင့် မှောင်ထဲတွင်ပင် ထိုလက်ကိုင်တုတ်ကို ခါးမှဖြုတ်ယူကာ အပေါ်မှ လူ၏ခေါင်းကို လွှဲရိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ခနဲ ထိချက်သံနှင့်အတူ…

'အမယ်လေးဗျ…'

ဟု အော်မြည်ကာ အပေါ်မှလူသည် တစောင်းလဲကျသွားသည်။

ဒီတော့မှ မင်းခိုင်သည် လှူးလဲထကာ ထိုမည်းမည်းအရာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ဝတ်စုံနက်ဝတ်ထားသောလူငယ်တစ်ယောက်ကို တွေ့ရလေသည်။

ထိုလူငယ်သည် ခေါင်းကိုဖိကာ ရှုံ့ရှုံ့မဲ့မဲ့မျက်နှာဖြင့်…

'တကယ်ရိုက်ရသလားဗျ'

'ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးကွ၊ ငါက ဒီက လုံခြုံရေးဝန်ထမ်း၊ မင်းက ဘာလို့ ဖောက်ထွင်းဝင်ရောက်ရတာလဲ'

'ဘာ… ဖောက်ထွင်းတယ်၊ ဒီလောက်ပျက်စီးနေတဲ့ အဆောက်အအုံ ဘယ်နေရာကဝင်ဝင် ရနေတာ ကျုပ်က ဘာလို့ ဖောက်ထွင်းရမှာလဲ၊ နောက်ဖေး သွပ်တန်းထရံက ကျော်ဝင်လာတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ၊ ဒီအဖိုးတန်ပစ္စည်း ဘာမှမရှိတဲ့နေရာမှာ မင်းက ဘာလာရှာတာလဲ'

'လူလာရှာတာ'

ခဏနေသောအခါ မင်းနိုင်နှင့် ထိုလူငယ်သည် မင်းနိုင်၏ နားနေခန်းထဲတွင် အတူတူထိုင်ကာ ကော်ဖီပူပူ သောက်ရင်း စကားပြောနေကြသည်။ မင်းနိုင်က ထိုလူငယ်ကို သရဲလည်းမဟုတ်၊ သူခိုးလည်းမဟုတ်မှန်းသိတော့ ခင်မင်သွားသည်။

သူ့အတွက် စကားပြောဖော်ရသည်။ ထိုလူငယ်၏အမည်မှာ အောင်ထိုက်ဟု သိရသည်။

'ကျွန်တော့်ချစ်သူ ယမင်းက ဒီကုမ္ပဏီမှာ အလုပ်လုပ်တယ်၊ မန်နေဂျာ ဦးမြတ်ဇော်ရဲ့ အတွင်းရေးမှူး မလေးပဲ၊ သူ အခု ပျောက်နေတယ်'

'ဘယ်တုန်းက ပျောက်တာလဲ'

'မီးလောင်တဲ့နေ့ကပဲ၊ ကျွန်တော် စုံစမ်းကြည့်တော့ ညနေ ရုံးဆင်းချိန်မှာ ယမင်း အလုပ်က ပြန်သွားတယ်လို့ ပြောကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူနေတဲ့အဆောင်ကို ပြန်ရောက်မလာဘူး'

'သူ ဘာဖြစ်တယ်လို့ မင်းထင်သလဲ'

'ကျွန်တော်ကတော့ သူ မီးလောင်တဲ့အထဲ ပါသွားတာဖြစ်ရမယ်လို့ တစ်ထစ်ချ ယူဆတယ်၊ သူသာအသက်ရှင်လျက်ရှိနေမယ်ဆိုရင် ဘယ်နေရာပဲရောက်နေနေ ကျွန်တော့်ကို ဆက်သွယ်မှာ အမှန်ပဲ'

'ဒါပေမဲ့ သက်ဆိုင်ရာက ထုတ်ပြန်တာတော့ မီးလောင်သေဆုံးမှု မရှိဘူးဆို'

'ဒါက သူတို့ အလောင်းကိုမတွေ့လို့ ဖြစ်လိမ့်မယ်၊ ဒါကြောင့်လည်း ညဘက် ခိုးခိုးဝင်ပြီး ကျွန်တော့်ချစ်သူအလောင်းကို ကျွန်တော် ရှာနေတာပါ'.

အချစ်ကြီးလှသူ လူငယ်တစ်ယောက်အား မင်းခိုင် အမှန်တကယ်ပင် လေးစားသွားမိသည်။ ထို့ကြောင့် တတ်နိုင်သမျှကူညီရန် ဆုံးဖြတ်လိုက်၏။ ဒီလူငယ်စကားကို အဓိပ္ပာယ်မရှိ တောရမ်းမယ်ဖွဲ့စကားဟု မဆိုသာ။ သူကိုယ်တိုင် ဒီရောက်ကတည်းက မိန်းမတစ္ဆေ အခြောက်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိန်းမတစ်ယောက် မီးလောင်ကျွမ်းသွားတာ အိပ်မက်လိုလို မြင်မက်ခဲ့ရလေသည်။

'မင်း ကောင်မလေးက ဘယ်လိုပုံလဲ၊ သူ့ဓာတ်ပုံ မင်းဆီမှာ ရှိလား'

မင်းခိုင်က မေးလိုက်သည်။ လူငယ်က သွက်လက်စွာ...

'ရှိတယ်၊ ကုမ္ပဏီက ဝတ်စုံနဲ့ ရိုက်ထားတာ'

ဟု ပြောကာ သူ ပိုက်ဆံအိတ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြ၏။

ထိုဓာတ်ပုံကိုမြင်ပြီး မင်းခိုင် ကြက်သေသေ၍သွားလေသည်။

သူ မြင်တွေ့ခဲ့ရသော မိန်းကလေးနှင့် အဝတ်အစားကအစ တစ်သဝေမတိမ်းတူနေခြင်းကြောင့် ဖြစ်လေသည်။ အောင်ထိုက်က...

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ဟု မေး၏။

မင်းခိုင်က လေးတွဲ့စွာ...

www.burmeseclassic.com

www.burmeseclassic.com



'ငါ သူ့ကို မြင်လိုက်တယ်'

'မဆန်းပါဘူး၊ သူက ဒီကုန်တိုက်မှာ အလုပ်လုပ်တာဆိုတော့ ဒီကုန်တိုက်ကို လာဖူးရင် ခင်ဗျား တွေ့ဖူးမှာ ပေါ့'

'မဟုတ်ဘူး၊ ငါတွေ့ဖူးတာက လူအဖြစ်နဲ့ မဟုတ်ဘူး'

'ဒါဆိုရင် ခင်ဗျား ပြောချင်တာက…'

'ဟုတ်တယ်၊ ငါ မြင်ဖူးတာက သူ့ကို တစ္ဆေအဖြစ်နဲ့ပဲ'

မင်းခိုင်က သူနဲ့ ဆုံခဲ့ရသမျှကို ပြန်ပြောလိုက်လေသည်။

အောင်ထိုက်က စိတ်ဝင်စားစွာ နားထောင်နေရာမှ…

'ကျွန်တော်က သူ့ကို နဂိုကတည်းက သေဆုံးခဲ့ပြီရယ်လို့ ယူဆထားခဲ့တော့ ထူးပြီး ကြေကွဲမနေတော့ပါဘူး၊ ခင်ဗျား ပြောတဲ့ စကားအတိုင်းဆိုရင် ကျွန်တော့်အယူအဆ မှန်နေပြီဆိုတာ သေချာပါတယ်၊ သူ ဒီအထဲမှာ အကြောင်းတစ်ခုခုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်သေဆုံးခဲ့ရတယ်၊ ကျွန်တော် ကြေကွဲရတာက သူ့ကို ထိုက်ထိုက်တန်တန် မသင်္ဂြိုဟ်ရတာကိုပဲ၊ ဒါကြောင့် အလောင်းကို မတွေ့တွေ့အောင်ရှာနေတာ'

မင်းနိုင်က အောင်ထိုက်ကို တကယ်ပင် သနားသွားမိသည်။

'ငါ သံသယရှိတဲ့နေရာတစ်ခုတော့ ရှိတယ်'

ဟု ပြောလိုက်၏။

အောင်ထိုက်က…

'ဘယ်နေရာလဲ'

'တတိယထပ်က ရုံးခန်းပဲ၊ အဲဒီမှာ သံသေတ္တာကြီးတစ်လုံး ရှိတယ်'

'ခင်ဗျား ဖွင့်မကြည့်ဘူးလား'

'သော့ခတ်ထားတယ်၊ ဒီတစ်ခါတော့ ငါတို့တကယ် ဖွင့်ကြည့်ကြတာပေါ့'

သူတို့နှစ်ယောက် အတူတကွ အခန်းထဲက ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယထပ်အထိ တက်လာကြ၏။ ပြီးတော့ ရုံးခန်းထဲ ဝင်လာခဲ့ကြသည်။

'ဒီသံသေတ္တာကြီးပဲကွ'

မင်းနိုင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြသည်။ အောင်ထိုက်က ကြမ်းပြင်တွင် ရှာတွေ့သော သံချောင်းတစ်ချောင်းဖြင့် သော့ခလောက်ကို ရိုက်ချိုးဖွင့်သည်။ ထုရိုက်သံမှာ တိတ်ဆိတ်သောညဉ့်ယံကို ဖောက်ထွင်းကာ ထိုအဆောက်အအုံပျက်ထဲတွင် ပဲ့တင်ထပ်မျှ ထွက်ပေါ်နေ၏။ မင်းနိုင်က ဒီလို သူ ပစ္စည်းတွေကို ချိုးဖွဲ့ဖျက်ဆီးနေတာကိုသာ ဦးကျော်ဒင် တွေ့သိလျှင် သူ့ကို အလုပ်ကထုတ်ပစ်မှာ မလွဲဟု တွေးမိ၏။

သို့သော် အောင်ထိုက်ကို ကူညီချင်သောစိတ်ဓာတ်ဖြင့် ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မည်ဟု ဆုံးဖြတ်ထားလိုက်၏။

အောင်ထိုက်မှာ ဗလကောင်းသူဖြစ်ရာ မကြာမီသော့ ခလောက်မှာ ကျိုးပဲ့ကာ ပြုတ်ထွက်သွားလေတော့သည်။ နှစ်ယောက်စလုံး ရင်ဖိုနေကြသည်။ သေတ္တာထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ့ရမည်နည်း။ အောင်ထိုက်က သေတ္တာအဖုံးကို လက်နှစ်ဖက်ဖြင့် မ,လိုက်၏။

မင်းခိုင်က လက်တစ်ဖက်ဖြင့် ကူမပေးရင်း လက်တစ်ဖက်တွင် ကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် အထဲကို ထိုးကြည့်လိုက်သည်။

သူတို့နှစ်ဦး မျှော်လင့်ထားသည့်အတိုင်းပင် အထဲတွင် တွေ့လိုက်ရသည်က မီးသင့်လောင်ထားသော မိန်းမတစ်ယောက်၏ အလောင်းပင် ဖြစ်လေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဇော်သည် မန်နေဂျာဟုဆိုသော်လည်း အသက် မကြီးလှသေး။ အသက်သုံးဆယ်ကျော်ရုံသာရှိကာ အားကစား လိုက်စားသဖြင့် တောင့်တင်းသော ကိုယ်ကာယရှိသော်လည်း အသားမည်းမည်းနှင့် အညာသားပုံစံမပျောက်သောသူ ဖြစ်၏။ အကောင်းစားရှပ်အင်္ကျီတွေ၊ စပို့ရှပ်တွေ၊ ဘောင်းဘီတွေ ဝတ် ဆင်နေသော်လည်း ဥပမိရုပ်က မထွက်။

သူ့ငွေးနှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းဖြစ်သည်က တစ်ကြောင်းကြောင့် မန်နေဂျာရာထူးရနေသည်ဟု အတင်း ပြောသူတို့က ပြောသော်လည်း တကယ်တော့ မြတ်ဇော်သည် စီးပွားရေးဘွဲ့နှစ်ခုသာမက စီမံခန့်ခွဲမှုပညာပါ ဒီပလိုမာရထား သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အလုပ်ကြိုးစားသူလည်း ဖြစ်၏။ တစ်ခုပဲ ရှိသည်။

မြတ်ဇော်သည် ငွေရေးကြေးရေးနှင့် ပတ်သက်လျှင် စိတ်ချရသော်လည်း မိန်းမကိစ္စနှင့်မူ နာမည်ပျက်ရှိသူ ဖြစ်၏။ သူ့တွင် ဇနီးနှင့် ကလေးနှစ်ယောက်ရှိသော်လည်း လှတာမြင် ရင် ရင်ခုန်ချင်သူဖြစ်၏။

ယခုလောလောဆယ် သူ အဓိကထားနေရသူက သူ၏ အတွင်းရေးမှူးမလေး ယမင်း ဖြစ်၏။ သို့သော် ယမင်း က သူ ယခင်ကတွေ့ခဲ့သည့် မိန်းကလေးတွေနှင့်မတူ။ ဣန္ဒြေ သိက္ခာ ကြီးမားသူဖြစ်၏။

သူ ရိသဲ့သဲ့လုပ်လာသည်ကိုလည်း ပြောင်ပြောင်တင်း တင်းပင် ခုခံခဲ့သည်။

သူ့တွင် အောင်ထိုက်ဆိုသော ချစ်သူရှိကာ မကြာခင် လက်ထပ်တော့မည်ဟု ပြောခဲ့၏။ ယမင်းစကားမှာ မြတ်ဇော် အတွက် အနာပေါ် တုတ်ကျသကဲ့သို့ ဖြစ်လေတော့သည်။

ယမင်းက ဘယ်လိုပြောပြော မြတ်ဇော်က ရပ်တန့် က မရပ်နိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခင်းဖြစ်ပွားသောနေ့က ယမင်းက သူ့ထံ အလုပ်ထွက်စာ တင်ခဲ့၏။

'ကျွန်မကိုယ်ကျွန်မ ကာကွယ်နိုင်ဖို့ ရှင်နဲ့ဝေးရာမှာ နေတော့မယ်'

မြတ်ဇော်က ယမင်းကို အမျိုးမျိုး တိုးလျှိုးတောင်းပန်၏။ လက်ရှိမိန်းမကို သူ ကွာရှင်းကာ ယမင်းကို လက်ထပ်ယူပါမည်ဟု။

ယမင်းက ဘယ်လိုမှ လက်မခံနိုင်ကြောင်း ခါးခါးသီးသီး ငြင်းဆန်သောအခါ သူ ဒေါသအိုးပေါက်ကွဲသွားသည်။

မစားရတဲ့အမဲ သဲနဲ့ပက်ရတော့ ဘာဖြစ်လဲ။

သူ သတိရ၍ ကြည့်လိုက်သောအခါ ယမင်း သေဆုံးနေသည်ကို တွေ့ရလေတော့သည်။ သူ ဘာလုပ်ရမည်နည်း။ လောလောဆယ် ဖိုင်တွေထည့်သော သံသေတ္တာကြီးထဲ ယမင်းအလောင်းထည့်ကာ သော့ခတ်ထားလိုက်ရသည်။ နောက်တော့ စားပွဲတွင်ထိုင်ကာ သူ ငိုင်တွေငြိုးစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြီးကို ဒီအတိုင်းထား၍မဖြစ်။ သူ ဒေါသတွေ ပေါက်ကွဲသွားရာမှ မတော်တဆ လူသတ်မှုကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ထိုင်စဉ်းစားရင်း သူ တစ်ခုတွေးမိသည်။ အားလုံး ရုံးဆင်းသွားလေလျှင် အများနည်းတူပင် ယမင်းကိုလည်း ပြန်သွားကြမည်ဟု ထင်စရာရှိမည်။ သူက ဤအထင်ကို ဆက်ကာ အကောင်အထည်ဖော်ဖို့ပဲရှိသည်။ မကြာမီ အကောင်း ဆုံးနည်းလမ်းကို သူ စဉ်းစားမိသွားသည်။ ဤအဆောက်အအုံ ကြီးတစ်ခုလုံးကို မီးတင်ရှို့လိုက်ဖို့ပင် ဖြစ်လေသည်။

ဒါကတော့ သူ့အတွက် ခက်ခက်ခဲခဲမဟုတ်။ သူက ရုံးမဆင်းခင် အများအလုပ်လုပ်နေသော ရုံးခန်းထဲကို ဝင်သွား ကာ...

'ယမင်းတစ်ယောက်ကို မြင်မိသလား'

ဟု မေးသည်။ အများကပင် မမြင်ဟု ဖြေကြ၏။ ဦးမြတ်ဇော်ကိုယ်တိုင် သီးသန့်ရုံးခန်းထဲမှထွက်ကာ ယခုလို မေးသဖြင့် အခန်းထဲတွင် ယမင်း မရှိဟု အားလုံးက ထော် လိုက်ကြသည်။

ကျန်ရုံးစာရေးမလေးများက...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ ဘာအကူအညီပေးရမလဲ'

ဟု မေးသော်လည်း သူက…

'ကိစ္စမရှိပါဘူး၊ ယမင်း ကိစ္စရှိလို့ နည်းနည်းစော ပြန်သွားတာထင်တယ်'

ဟုသာ ထင်မြင်ချက်ပေးခဲ့၏။ နောက်တော့ သူ ညနေစာ အပြင်ထွက်စားသည်။ သူ ပြန်လာတော့ ရုံးခန်းတွင် လူမရှိတော့။

ရုံးဆင်းသွားလေပြီ။

သူက သူ့အခန်းထဲတွင် တီဗွီထိုင်ကြည့်ရင်း အချိန် ဖြုန်းနေလိုက်၏။ သူနှင့် လက်တစ်ကမ်း အကွာတွင်ရှိသော သံသေတ္တာထဲ၌ သက်မဲ့ရုပ်အလောင်းတစ်ခု ရှိနေသည်ဆိုသော အတွေးက သူ့အား ကောင်းကောင်းမနေရအောင် ခြောက် လှန့်နေ၏။

ညရှစ်နာရီ ထိုးသောအခါ ကုန်တိုက်ပိတ်သည်။ ဈေးဝယ်သူများရော အရောင်းကောင်တာဝန်ထမ်းများပါ ပြန် သွားကြရာ ညစောင့်များသာ ကျန်ရစ်ခဲ့သည်။ ညစောင့်တွေ က သူ့အခန်းက မီးလင်းနေသော်လည်း ဂရုမစိုက်ကြ။

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက တစ်ခါတစ်ရံ ထိုကဲ့သို့ပင် ညဥ့်နက်အောင်နေကာ အလုပ်လုပ်တတ်၏။

သူက ညဥ့်အတော်နက်သောအခါ အဆောက်အအုံကို စာတ်ဆီများပက်ဖျန်းကာ မီးတင်ရှို့တော့သည်။ မီးအတော် စွဲလောင်နေပြီးမှ အစောင့်များ သိကြ၏။

မီးသတ်ကားတွေ ရောက်လာကာ ငြိမ်းသတ်ကြသော်လည်း အဆောက်အအုံနေရာ အတော်များများမှာ မီးလောင်ကျွမ်းပြီးခဲ့လေပြီ။

သူ မီးလွတ်ရာကို ထွက်ပြေးလာခဲ့၏။ သူက ရေနွေးအိုးတည်ရာမှ ဓာတ်ကြိုးရှော့ခ်ဖြစ်ကာ မီးလောင်ခြင်းဖြစ်သည်ဟု အစစ်ခံသော်လည်း မရ။ သက်ဆိုင်ရာက တမင်ရှို့သော မီးဟု သဲလွန်စများကြည့်ကာ ဆုံးဖြတ်၍ သူ့ကို စွဲချက်တင်သည်။

သူက ရှေ့နေကောင်းကောင်းပေးကာ ခုခံ၏။

အများကတော့ ငွေတွေကွာသဖြင့် စာရင်းဖျောက်ရန် မီးရှို့သည်ဟု ယူဆကြ၏။

သူ့ရှေ့နေက အင်မတန်တော်သည်။ သူ့အမှုက

www.burmeseclassic.com

www.burmeseclassic.com



သက်သာရာရစရာအကြောင်းတစ်ခုသာ ရှိ၏။ သူ့တရားခံသည် စိတ်ကောင်းစွာမန္တသောကြောင့် ထိုကဲ့သို့သော အပြုအမူကို ပြုမူခဲ့ပါသည်ဟု လျှောက်လဲချက်ပေး၏။ လျှောက်လဲချက်ကောင်းသဖြင့် သူ့ကို ရှုံးနေသည်ဟုပင် သတ်မှတ်ကာ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ခဲ့လေတော့သည်။

သံသေတ္တာထဲမှ အလောင်းကို မြင်သောအခါ ဘယ်လိုပင် စိတ်ထိန်းနိုင်ပါသည်ဟု ပြောခဲ့စေကာမူ အောင်ထိုက်သည် ရက်ရက်စက်စက် အသတ်ခံခဲ့ရကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ချစ်သူအလောင်းကို ကြည့်၍ ဝမ်းနည်းကြေကွဲကာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့သည်။

မင်းခိုင်ကတော့ သက်ဆိုင်ရာ ရဲစခန်းကို လှမ်းကာ အကြောင်းကြားရတော့သည်။ မကြာခင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ရဲများ၊ ဆေးရုံဝန်ထမ်းများ ရောက်လာကာ လူသူကင်းရှင်းနေသည့် အဆောက်အအုံမှာ လှုပ်ရှားသက်ဝင်၍သွားသည်။ ဦးကျော်ဒင်လည်း ရောက်ရှိလာ၏။ သူ့ကို အပြစ်တင်စကားပြောလိမ့်မည်ဟု မင်းခိုင်က မျှော်လင့်နေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဒင်က အပြစ်တင်စကားမပြောဘဲ ချီးကျူးစကားသာ ပြော၏။

ဦးမြတ်ဇော်ကို စိတ်ကျန်းမာရေးဆေးရုံမှ ပြန်ခေါ်ကာ လူသတ်မှုနှင့် စွဲချက်တင်လေသည်။ ဒီတစ်ခါတော့ ဦးမြတ်ဇော် ငြင်းမနေတော့။ သူ့အပြစ်ဟူသမျှကို မခြွင်းမချန် ဝန်ခံလေသည်။ အောင်ထိုက်သည် ချစ်သူနှင့်လွဲရသော်လည်း ချစ်သူ၏အလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်လိုက်ရသဖြင့် ကျေနပ်၍သွား၏။

နောက်ဆက်တွဲ ဇာတ်သိမ်းအနေဖြင့် တင်ပြရပါလျှင် နောက်တစ်လခန့်ကြာသောအခါ မင်းနိုင်တို့ ကုမ္ပဏီမှ ထွက်ပြေးတိမ်းရှောင်နေသော ငွေထိန်းတာဝန်ခံကို နယ်စပ်ဒေသ မြို့လေးတစ်မြို့တွင် သက်ဆိုင်ရာမှ ဖမ်းဆီးရရှိလေသည်။ သူက အပြစ်ဟူသမျှ သူတစ်ယောက်တည်းသာ ကျူးလွန်ခြင်းဖြစ်၍ မင်းနိုင်နှင့် လုံးဝပတ်သက်မှုမရှိကြောင်း ရုံးတော်တွင် ထွက်ဆိုခဲ့၏။

ထို့ကြောင့် ကုမ္ပဏီက မင်းနိုင်ကို ပြန်လာရန် ခေါ်ကာပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်နှင့် စန္ဒီတို့လည်း ပြန်ပေါင်းထုတ်ခဲ့၏။

ထိုကုန်တိုက်ကြီးကို ပြန်လည်ပြင်ဆင်ကာ ဖွင့်လှစ်သောနေ့တွင် ကုန်တိုက်ကြီးပိုင်ရှင် သူဌေးက မင်းနိုင်တို့မိသားစုကို တကူးတက ဖိတ်ကြားခဲ့၏။ မင်းနိုင်တို့မိသားစု သုံးယောက်စလုံး ပျော်ပျော်ပါးပါး ရောက်ရှိသွားကြလေသည်။

ထိုပွဲတွင် မထင်မှတ်ဘဲ ဦးကျော်ဒင်ကို တွေ့ရ၏။ သူ့ကို ပြုံးကာနှုတ်ဆက်ပြီး…

'ကောင်လေး ဘယ်လိုလဲ၊ အဆင်ပြေနေလား'

'ဟုတ်တယ် ဦးလေး၊ ဦးလေးက ဒီမှာ အလုပ်လုပ်တုန်းပဲလား'

'မဟုတ်ဘူး၊ ငါ ပင်စင်ယူလိုက်ပါပြီ၊ အခု အလွမ်းပြေ လာကြည့်တာပါ၊ ဒီကုန်တိုက်ကြီးက ငါ့အတွက် အမှတ်ရစရာတစ်ခုကွ'

'ကျွန်တော့်အတွက်လည်း အမှတ်ရစရာတစ်ခုပဲပေါ့ ဦးလေးရယ်'

ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကုန်တိုက်နှင့်ပတ်သက်၍ တွေ့ကြုံခဲ့ ရသမျှကို မင်းခိုင်ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့နိုင် မည် မထင်ပါလေတော့ချေတကား။

*စိတ်ရောကိုယ်ပါ ချမ်းသာကြပါစေ*

**မေဓာဝီဇော်**

မေ၊ ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျုပ်ဘဝက အတော့်ကို ဆိုးပါတယ်။

ပြန်ပြောပြရင်လည်း လွမ်းစရာ၊ ဆွေးစရာ၊ ကြေကွဲစရာတွေ အပြည့်ပါပဲ။

ကျုပ်နာမည်က မုန့်တိုင်း။

သရဲတော ရွာသားပဲ။

ဆိုင်းပညာကို ဝါသနာပါတယ်။ ဒါကြောင့်မို့လို့လည်း ငယ်ငယ်ကတည်းက ရွာကထွက်ပြီး နာမည်ကြီး ဆိုင်းဆရာတွေနောက် တကောက်ကောက်လိုက်ပြီး တပည့်ခံတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



စိန်ဗေဒါ

ဦးဘနိုင်

ဦးဘမောင်

ဆရာဆိတ် စတဲ့ ဆိုင်းပညာအကျော်အမော် ဆရာကြီးတွေထံမှာ ပညာတွေသင်ခဲ့တယ်။

နောက်တစ်ခုက ကျူပ်မှာ ကြီးမားတဲ့ မျှော်လင့်ချက်ရှိတယ်။

လူငယ်ဆိုတော့လည်း အချစ်ဇာတ်လမ်းတွေ၊ ရင်ခုန်စရာတွေ ရှိတာပေါ့ဗျာ။

သရဲတောရွာမှာက ပစ္စည်းဥစ္စာ ငွေကြေးဓနချမ်းသာပြီး ကွမ်းတောင်ကိုင် မြသဲကြည်ဆိုတဲ့ မိန်းမချောလေးတစ်ယောက် ရှိတယ်။

တစ်ခါမြင်ဖူးရင် တစ်သက် စွဲလမ်းသွားစေလောက်တဲ့ မိန်းကလေး။

တောသူဆိုပေမယ့် အသားဖြူတယ်၊ မျက်နှာက ဝိုင်းဝိုင်းလေး။

မျက်လုံးတောက်တောက်လေးနဲ့ ခါးလေးရင်ချီ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်အမူအရာ ခန္ဓာကိုယ်အလှအပတွေကလည်း ဖွံ့ထွား စိုပြည်တဲ့ မြသဲကြည်ပေါ့။

ငယ်ငယ်ကတည်းက အတူတူကြီးပြင်းလာကြတော့ သံယောဇဉ်ဖြစ်မိတယ်။

မြသဲကြည်အပေါ် ကျုပ် အရမ်း စွဲလမ်းပြီး ချစ်မိတယ်။

မြတ်မြတ်နိုးနိုး ပန်းလေးတစ်ပွင့်ကို တယုတယ ချစ်ခင်တပ်မက်စိတ်နဲ့ ချစ်မိတာ။

ကျုပ်လိုပဲ ချစ်နေတာက သိန်းလွင်၊ ကျုပ်သူငယ်ချင်း ပါပဲ။

တစ်ရွာတည်းသားတွေ။

သိန်းလွင်နဲ့ ကျုပ်တို့နှစ်ယောက် အတူတူ မြသဲကြည် မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ဖို့ ပိုးကြ ပန်းကြတာပေါ့။

ဒီကောင်က ရွာမှာ လယ်ပိုင်ရှင်သား၊ မြသဲကြည် တို့မိဘတွေနဲ့ကလည်း ရင်းနှီးကြတယ်။

ကျုပ်ထက်ပိုပြီးတော့ အခွင့်အရေးရနေတဲ့ကောင် ပဲ။

www.burmeseclassic.com

www.burmeseclassic.com



မြသဲကြည် အစ်ကိုဖြစ်တဲ့ မောင်မိုးက နည်းနည်းပါး ပါး အသောက်အစားလေး ရှိတယ်။

မူးလာရင် သွေးဆိုးချင်တယ်။

အစ်ကိုဖြစ်တဲ့ မောင်မိုးအရှိန်ကြောင့် မြသဲကြည်ကို တခြားရွာက ကာလသားတွေ စိတ်ဝင်စားကြပေမယ့် အနား မကပ်ရဲကြဘူး။

မောင်မိုး ကြောက်ပြီး နည်းနည်းတော့ ရှိန်တယ်။

မြသဲကြည်ကလည်း တစ်ရွာတည်းသားဖြစ်တဲ့ သိန်းလွင် နဲ့ ကျုပ်အပေါ်မှာ မျက်နှာသာပေးပါတယ်။

သိန်းလွင်က မြသဲကြည်အစ်ကို မောင်မိုးနဲ့ လူ ပေါင်း။

ကျုပ်က ဆင်းရဲတယ်။

အမေ မုဆိုးမကြီးနဲ့ ရွာမှာ ဖြစ်သလို ရှာဖွေလုပ်ကိုင် စားသောက်ရတာ။

ဒါကြောင့်မို့လို့လည်း ကျုပ် ဝါသနာပါတဲ့ ဆိုင်း ပညာကို ပတ်မတီးဝိုင်း ခေါင်းဆောင်ဖြစ်အောင် အနှစ်နှစ် အလလ ကြိုးစားခဲ့ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ရည်ရွယ်ချက် အောင်မြင်ခဲ့ပါတယ်။

ခုဆိုရင် သူဌေးတစ်ယောက်က ကျူပ်လက်စွမ်းလက်နကို သဘောကျပြီး မင်္ဂလာဆိုင်းဝိုင်းကြီး ထောင်ပေးတယ်။ စိန်မုန်တိုင်း မင်္ဂလာဆိုင်းအဖွဲ့ကြီးဟာ အလှူမင်္ဂလာဆောင်ပွဲထိုင်တွေမှာ ငှားရမ်းသူတွေများပြီး နာမည်ကြီးလာခဲ့တာပေါ့။

ပွဲချိုတွေစိပ်ပြီး ဆိုင်းထောင်ထားတဲ့ သူဌေးဆိုရင် သဘော တွေကျ စိန်မုန်တိုင်းတို့လက်က ရွှေသီးပြီဆိုပဲ။

သုံးနှစ်လောက် ရပ်တကာ ရွာတကာလှည့်ပြီး အလှူတွေလိုက်တီးရင်းနဲ့ ကျူပ် ရသမျှ ငွေကြေးကို ကျစ်ကျစ်ပါအောင် စုခဲ့ရတယ်။ ခုဆို ရွှေနှစ်ကျပ်သားနဲ့ ငွေ လေး၊ ငါးထောင်ပိုက်ပြီး သရဲတောရွာကို ပြန်လာခဲ့တယ်။ ရွာမှာက သံယောဇဉ်ရှိစရာဆိုလို့ မြသဲကြည်တစ်ယောက်ပဲ ရှိတော့တယ်။

အမေကလည်း မနှစ်က ဆုံးသွားခဲ့တယ်။

ရွာပြန်ရောက်ရင် ပါလာတဲ့ ရွှေနဲ့ ငွေနဲ့ မြသဲကြည်ကို လူကြီးစုံရာ ကမ်းလှမ်းပြီး တင်တောင်းမယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ရွာအဝင် အဓိကရ ကုက္ကိုပင်ကြီးအောက်ရောက်တော့ ဓားပြတွေက မှောင်ထဲကထွက်လာပြီး ကျုပ်ကို လက်နက်တုတ် ဓားတွေနဲ့ ဝိုင်းလိုက်ကြတယ်။ ပါလာတဲ့ ရွှေတွေ ငွေတွေ ထုတ်ပေးပေါ့။

'ဟေ့ကောင် မုန့်တိုင်း၊ မင်းမှာပါလာတဲ့ ပစ္စည်းတွေကို အသာတကြည်ထုတ်ပေးနော်၊ ငါတို့က လက်ပွားဆီက သတင်းအတိအကျ ရထားပြီးပြီ၊ အသားအနာမခံချင်စမ်းပါနဲ့ မုန့်တိုင်းရာ၊ အေးအေးဆေးဆေး ထုတ်ပေးပါ'

ကျုပ်ကလည်း အသာတကြည် ထုတ်မပေးဘဲ ပြန်လည်ခုခံတော့ အများနဲ့တစ်ယောက် ကျုပ်ပဲ အသတ်ခံခဲ့ရပါတယ်။

သေသွားတာလည်း တစ်မျိုးတော့ ကောင်းပါတယ်။ ကျုပ် မြတ်နိုးစွဲလမ်းခဲ့ရတဲ့ မြသဲကြည်လေးကိုလည်း ကျုပ်မရနိုင်တော့ပါဘူး။

ကျုပ် ဘဝပြောင်းသွားတော့ ကျုပ်ဇာတိ သရဲတောရွာမှာပဲ အမြဲနေရတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မိုးမမြင် လေမမြင် စိတ်ကူးတွေယဉ်ခဲ့တာပေါ့။ ဒါပေမဲ့ ကျုပ် ကံဆိုးခဲ့ပါတယ်။

ကျုပ်နဲ့ ဆိုင်းတီးပြိုင်ဘက် စိန်လက်ပွားဆိုတဲ့ကောင်က ယုတ်မာတယ်။

ဒီကောင် ညာဘက်လက်မှာက မွေးရာပါ လက်မအပိုအတက်ကလေးတစ်ခု ပါတယ်။ ဒါကြောင့် ဒီကောင့်ကို လက်ပွားလို့ခေါ်တာ။

ဆိုင်းပညာချင်း ပြိုင်လို့မရတော့ ကျုပ်ကို အငြိုးအတေးနဲ့ ဒုက္ခရောက်အောင် အကောက်ကြံတယ်။ ကျုပ်ရှာအပြန် ရွှေနဲ့ ငွေနဲ့ ပါလာတာကို ဓားပြတွေသိအောင် လက်ထောက်ချလိုက်တယ်။

ဒီတုန်းက ကျေးလက်တောနယ်တွေမှာ ဓားပြတွေ သောင်းကျန်းနေကြတာကိုး။

မြို့နဲ့ အလှမ်းဝေးတဲ့ ကျေးလက်တောရွာတွေမှာက အုပ်ချုပ်ရေးက ဖရိုဖရဲပဲ။

အဲဒီည သရဲတောရွာကို ပြန်ရောက်တော့ မှောင်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သိန်းလွင်နဲ့ အိမ်ထောင်ကျသွားတဲ့ မြသဲကြည်လေးကို တခြားတစ်ဘဝကနေပြီး ကျုပ် မြတ်နိုးစွဲလမ်းရတာကိုက ကျုပ်ဘဝ ဘယ်ရောက်ရောက် နေပျော်ပါတယ်ဗျာ။

ဟော... ဆိုင်းသံတွေ ကြားနေရပါလား။

ဆိုင်းသံကြားရင် ကျုပ် မနေနိုင်တော့ဘူး။ တစ်ကိုယ်လုံးလည်း ရှစိ ရှစိ ဖြစ်လာတယ်။

ဆိုင်းကြိုက်တဲ့ စိန်မုန်တိုင်းလေ။

ရင်ထဲမှာ တလှပ်လှပ်နဲ့ခုန်လာပြီ။ ကျုပ်လက်တွေမှာ အနုပညာမှော်တွေ စီးဆင်းလာပြီ။

ပတ်လုံးပေါ်ကို ကျုပ်လက်တွေ ရောက်သွားမှဖြစ်မယ်။

အမယ်... ကျုပ်နေတဲ့ ကုက္ကိုပင်ကြီးနားမှာက ဇာတ်ရုံကြီးကလည်း ဟည်းလို့ပါလား။

ရွာကလူတွေ စုပြီး ဇာတ်ပွဲ သွင်းကြတယ် ထင်ပါရဲ့။

ဇာတ်အဖွဲ့က ဘာတဲ့။

သြော်... ဂိတ်ရှိုးမှာ စာလုံးအကြီးကြီးတွေနဲ့ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



ထားတာက ပန်တျာကြည်ဖြူ စာတ်သဘင်တဲ့၊ မင်းသား ကလည်း အချောမသေးပါဘူး။

ရုံထဲကို ကျူပ် ရောက်သွားတယ်။

စာတ်စင်ရဲ့ ဝဲဘက်မှာ ပတ်မထမ်း ပဋ္ဌရုပရုပ်နဲ့ မှန်စီရွှေချဆိုင်းဝိုင်းကြီး ကျူပ်ရင်တွေ တလှပ်လှပ်ခုန်လာ တယ်။

သွေးတွေ ကြွလာတယ်။

ဘာရမလဲ၊ ဆိုင်းကျင်းထဲရှိရာကို အားပါးတရ ခုန် ဝင်လိုက်တယ်။

ဟော… နားထောင်ကြည့်။

လာပြီ။

ပတ်မတီး စိန်မုန်တိုင်းရဲ့ လက်သံ။

*'ရွှေဘုန်းတော်တိုးပါလို့ ××× ငွေမိုးတွေရွာ ××× နိုင်ငံတော်ပြည်အရေး ××× သာလှတယ်လေး ××× ရွှေဘုန်းတော် ထိန်ထိန်တောက်ပါလို့ ××× ရွှေစက် အောက်မှာတဲ့ လူပျိုတွေ ××× မိုးသံ ××× လေသံ နှင့် နတ်ရေကန်သာမော ××× ဝပြောရယ်စည်*

www.burmeseclassic.com

www.burmeseclassic.com



သလေ ××× မင်းပေါင်းခတဲ့ နေပြည်တော် ×××
မြရေကြည်ကြာအင်း ××× မွေးပါဘိခြင်း×××
ပဒ္မမွှာရွှေကြာ ××× ဘိုးတော်စံရာ ××× နတ်ပြည်
နှင့်တူလေခြင်း ××× ဘိုးတော်စံခင်း ×××'

❒

www.burmeseclassic.com

www.burmeseclassic.com

ဒီလူ လူမဟုတ်။

သရဲလား၊ တစ္ဆေလား၊ နာနာဘာဝလား။

ဘာလဲ၊ ဘယ်လိုလူစားလဲ။

ဘယ်လိုဆိုင်းဆရာလဲ။

ဆိုင်းဆရာ စိန်လက်ပွားကို

ဆိုင်းသရဲခြောက်ပြီ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဒီညအဖို့ ပွဲဦးထွက်ညဖြစ်၍ အရေးကြီးသည်။

ဆိုင်းဆရာ စိန်လက်ပွားသည် ဓာတ်စင် ဝဲဘက် ထောင့်နားရှိ မီးရောင်များနှင့် ပြောင်လက်တောက်ပနေသော မှန်စီရွှေချဆိုင်းဝိုင်းကြီးထဲသို့ လှမ်းကြည့်မိလိုက်သည်။

အလို… ဘယ်ကလူပါလိမ့်။

သူ့ဆိုင်းဝိုင်းထဲတွင် အကျအန ဝင်ရောက်နေပါ လား။

ဆိုင်းဝိုင်းထဲတွင် သူမသိသော လူတစ်ယောက် ရောက်နေသည်ကို သဲသဲကွဲကွဲမြင်ရခြင်းမျိုး မဟုတ်။

မှုန်တီမှုန်ဝါး။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဖြစ်ဖို့ သေချာသည်။

မြင်လိုက်ရသည်နှင့် စိန်လက်ပွား ထိတ်လန့်တုန်လှုပ်သွားသည်။

အမယ်… ဝတ်ပုံစားပုံကလည်း ပုံကျ။

မောင့်ကျက် သရေခေါင်းပေါင်း အဖြူ၊ တိုက်ပုံအဖြူ၊ အင်္ကျီပုဆိုး အဖြူ နှင့် အဖြူရောင်လူတစ်ယောက်။ ဟုတ်… ဟုတ်နေသေးတော့။

မြန်မာဝတ်စုံ အဖြူရောင်များကို စမတ်ကျကျ ဝတ်ဆင်ထားသည်။

ထူးတော့ ထူးခြားနေသည်။

အဆိုပါလူက သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

အမလေး… ကြောက်စရာကြီးပါလား။

သူ ထိတ်လန့်တကြား အော်မိလိုက်သည်။

မျက်တွင်းဟောက်ပက်။

ခေါင်းမှာလည်း ဓားခုတ် ဒဏ်ရာကြီးနှင့် နီရဲသော သွေးစက်များက မြင်မကောင်းအောင် စီးကျနေသည်။

ဘယ်လိုလူပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ လူမဟုတ်နိုင်။

တစ္ဆေသရဲတစ်ကောင် ဖြစ်ရမည်။

ကြည့်နေရင်းမှာပင် ကြောက်စရာကောင်းလာသည်။ အံ့ဩဖို့လည်း ကောင်းသည်။

ထိုသူ၏ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခေါင်းပေါ်မှ စီးကျနေသော သွေးများသည် ဆိုင်းဝိုင်းပတ်ပတ်လည်သို့ ကွေ့ဝိုက်စီးဆင်းလျက်ရှိသည်။

ဟော… ဆိုင်းဝိုင်းအား ကွေ့ပတ်နေသော သွေးစီးကြောင်းကြီးသည် မီးများ တဝုန်းဝုန်း ထတောက်လာသည်။

ဒီလူ လူမဟုတ်။

သရဲလား၊

တစ္ဆေလား၊

နာနာဘာဝလား။

ဘာလဲ… ဘယ်လိုလူစားလဲ။

ဘယ်လိုဆိုင်းဆရာလဲ။

ဆိုင်းဆရာ စိန်လက်ပွားကို ဆိုင်းသရဲ ခြောက်ပြီထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာစားကျော် ပတ်မတီးဆရာ စိန်လက်ပွား အမြတ်နိုး ဆုံး မှန်စီရွှေချဆိုင်းဝိုင်းကြီး မီးလောင်တော့မှာပါလား။

မီးခိုးငွေ့များက လွှင့်ပျံထွက်လာသည်။

စိန်လက်ပွား အပြေးအလွှား ဆိုင်းဝိုင်းအနီးသို့ တိုးကပ်သွားလိုက်သည်။

သွေးစီးကြောင်းများမှ ထတောက်သော မီးတောက် မီးလျှံများက ပူလောင်ခြင်းမရှိ။

ရေခဲပြင်ထဲ ဖြတ်သွားရသလို အေးစက်စက်ကြီး ဖြစ်နေသည်။

နှာခေါင်းထဲတွင် ပုပ်အက်အက်အနံ့ဆိုးကြီး ရလိုက် သည်။

သံရှည်ဆွဲအူလိုက်သော ခွေးအူသံများ စူးစူးဝါးဝါး ကြားလိုက်ရသည်ဟု ထင်မိသည်။

ကြက်သီးမွေးညင်းများ ထောင်ထလာပြီး ကျောရိုးထဲ တွင် ချမ်းစိမ့်စိမ့်ကြီး ဖြစ်လာသည်။

စိန်လက်ပွား ခေါင်းကြီးမှာလည်း ပုတ်လောင်း ကြီးနှီးပါး အကြီးကြီးဖြစ်လျက် ထုံကျဉ် ပွစိစိဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကြီးပါလား။

ခေါင်းပေါင်းဖြူ

တိုက်ပုံအင်္ကျီ၊

ပုဆိုးအဖြူဝတ်ထားသော ဆိုင်းဝိုင်းထဲတွင် ထိုင်နေသော သရဲကြီး အရပ်ကြီးကလည်း ချက်ချင်းဆိုသလို ကြည့်ကြည့်နေရင်းမှာပင် ထန်းပင်လောက်နီးနီး ရှည်ရှည်ထွက်လာသည်။

သရဲကြီး လက်ချောင်းများကလည်း များလှသည်။ ပတ်မတီး ရှာစားကျော် စိန်လက်ပွားသည် သူ့ဆိုင်းဝိုင်းထဲတွင် အကြီးအသေး ဆင့်ထက်ကဲ ပတ်လုံးနှစ်ဆယ့်တစ်လုံးထားပြီး သံစုံတီးလေ့ရှိသည်။

ကြောက်စရာကောင်းသည့် ဖြူဖြူရှည်ရှည် သရဲကြီး လက်ချောင်းများမှာလည်း ၂၁ ချောင်း ရှိနေသည်။ ရေဘဝဲ တစ်ကောင် လက်များလို တွန့်လိမ်ကွေးကောက် ဆန့်တန်း လှုပ်ရှားလျက်ရှိသည်။

စိန်လက်ပွား ထိုင်နေကျ ဆိုင်းဝိုင်းထဲတွင် ကျောကုန်း ထိုင်လျက် ပတ်လုံးများကို စမ်းနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်ထားသူ ဖြစ်ပုံရသည်။

ဆိုင်းဝိုင်းအတွင်းရှိ ပတ်လုံးများမှာ သစ်သားကိုထွင်း၍ သားရေနှင့် ကျပ်ထားသောကြောင့် ရာသီဥတု အပူအအေးအလိုက် အတက်အကျ အပြောင်းအလဲရှိတတ်သည်။

ဗုံနှစ်ဆယ့်တစ်လုံးအား ကြိုးနှင့်ဆွဲ၍ချိတ်ထားရာ လက်နှင့်တီးခတ်ရင်း ဗုံတစ်လုံးနှင့်တစ်လုံး လျှင်မြန်စွာအကူးတွင် လက်အနှုတ်အသိမ်းကလည်း အရေးကြီးသည်။

အနှုတ်အသိမ်း မကောင်းလျှင် ကြိုးနှင့်ငြိတတ်သည်။

အသံစမ်း၍ တီးခတ်နေသော အတက်အကျ ဗုံသံများကို စိန်လက်ပွား ကြားနေရသည်။

သည်လို လက်သံမျိုးကို စိန်လက်ပွား ကြားဖူးသလိုလိုရှိသည်။

အမြင့်လွှယ်သလောက် လက်တွေ့ခက်ခဲသော မြန်မာဆိုင်းပညာ၏ ပတ်စာအတိုးအလျှော့ သံမှန်ရအောင် ညှိယူနေပုံမှာ ကျွမ်းကျင်လှသည်။

စိန်လက်ပွားတို့လို ပတ်မတီးကောင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာဖို့ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်။

ပတ်လုံးတီးတတ်ဖို့ မဆိုထားနှင့်။

ပတ်လုံးကောင်းရဖို့ ထွင်ပုံထွင်နည်း ၊ွှားသားရေနှင့် ကျပ်ပုံကျပ်နည်းကအစ နည်းစနစ်မှန်ကန်ဖို့ လိုအပ်သည်။

ပတ်စာထိုးရာတွင်လည်း ညောင်ပြာ ဒါမှမဟုတ် မန်ကျည်းပြာကို မှုန့်နေအောင် စစ်ယူရသည်။

မမာမပျော့ ထမင်းကို ကျေညက်အောင် နယ်ပြီး ပြာနှင့်ရောစပ် အသုံးပြုကြရသည်။ ပတ်စာကောင်းမှ ပတ်စာကွာခြင်း၊ အသံယိုယွင်းခြင်း၊ တိမ်းစောင်းခြင်းမရှိ ဖြစ်နိုင်သည်။

ပန်တျာကြည်ဖြူ ဇာတ်သဘင် အဖွဲ့ကြီး၏ ကြက်သွေးရောင် ပြည်ဖုံးကားလိပ်ကြီးအတွင်းမှ ရှပ်လင်းကွင်းခေါ် လင်းကွင်းအလတ်က ခေါ၍ သံမှန်ငါးပေါက်၊ ခြောက်ပေါက် မောင်းများက ထူးကာ တဖြည်းဖြည်းနှင့် ရပ်လိုက်သည်။ ထိုအခါ ဖြူဖြူရှည်ရှည် သရဲကြီးက တစ်ဟုန်ထိုး ပတ်ကြွေး တိုက် ဗိန်းမောင်းတီးလိုက်ကာ သံပြတ် ရုတ်ခြည်းရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လက်ပွား အလွန်အံ့ဩသွားသည်။

ဒီသရဲကြီးက ပေါ့သေးသေးတော့ မဟုတ်။

ဇာတ်သဘင်ပညာ ဆိုင်းအထာတွေကို သိနေပေသည်။

လောကသုံး ပါးတည်သောသဘောနှင့် ခုနစ်သံချီတျာယိုင်ကိုလည်း ဒီသရဲကြီး တီးခတ်နေပါလား။

လွန်စွာမှ အံ့ဩဖို့ကောင်းသည်။

သရဲတီးသော ဗုံသံ၊ ဆိုင်းသံကို ပထမဆုံး ကြားလိုက်ရခြင်း ဖြစ်သည်။

ဆိုင်းဝိုင်းထဲတွင်ရှိသော...

ကြေးနောင်ဝိုင်း

မောင်းဆိုင်း

နှဲ

ပတ္တလား

စည်းဝါး

လက်ခုပ်

လင်းကွင်း

www.burmeseclassic.com

www.burmeseclassic.com



သံလွင်များကလည်း တီးခတ်သူမရှိဘဲနှင့် အသံစုံထွက်လာသည်။

ပတ်မတီး ဆရာ စိန်လက်ပွားသည် ဆိုင်းတီးရာ၌ ပတ်သံတည်ခြင်း၊ ပတ်သံမြည်ခြင်း၊ ပတ်သံကြည်ခြင်း၊ ပတ်သံပီခြင်း၊ ပတ်သံစီခြင်း အင်္ဂါငါးရပ်ကို နားလည်ထားသူဖြစ်သည်။

သရဲကြီး တီးခတ်ပုံမှာလည်း အင်္ဂါငါးရပ်နှင့်ညီအောင် တီးခတ်နေသောကြောင့် ထူးထွေတည့် အံ့ဖွယ်ရာဖြစ်ပေတော့သည်။

ထိုအချိန်မှာပင် ဆိုင်းဝိုင်းထဲတွင် ဗုံတီးနေသော သရဲကြီး၏ ရေဘဝဲလို လက်တစ်ဖက် မြောက်တက်လာပြီး စိန်လက်ပွား ခါးကို လိမ်ဆွဲပြီး ညှစ်ထားလိုက်သည်။

သရဲကြီးက ကြောက်မက်ဖွယ်ရာအသံကြီးနှင့်အတူ တဟားဟားနှင့် အားပါးတရ ရယ်မောလိုက်သည်။

စိန်လက်ပွား ဘယ်လိုမှ ရုန်းထွက်မရတော့။

တစ်ကိုယ်လုံးတွင် ချွေးစေးများ ပျံထွက်လာပြီး အသက်ရှူကျပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးကတော့ သူ့အရိုးများ ကြေမွသွားအောင် ဖျစ်ညှစ်ခြောက်လှန့်ခြင်း ခံလိုက်ရသည်။

သူနားထဲတွင် ကြားနေကျ တျာယိုင်သီချင်းသံများကို ကြားနေရသည်။

*'မှိုလေး ××× ကြိုလှည့်ပါ ××× ညိုနွဲ့ရဲ့လေး××× ခေါ်လှည့်ပါ ××× သျှောင်ကြီးဖွေ ××× ဆီးကြို လှည့်ပါ ××× ရွှေနံ့သာမြစ်ကိုတော့ ××× ဖျစ် လောက်အောင်သွေး ××× လီမ်းမယ်လို့ကြံ ××× မှန်ယူခဲ့ ××× ဆံတိုလေးရယ် ××× ပိန်းရိုက်စို့လေး ×××'*

သီချင်းနှင့် တီးလုံးသံဆုံးသွားချိန်တွင် ကြက်သွေး ရောင် ပြည်ဖုံးကားကြီးသည် တလိပ်လိပ် မြင့်တက်သွား သည်။

သဘင်ပညာ သမ္ဘာရင့်နေသော နောက်ပိုင်းမင်းသမီး ရွှေနှင်းဆီသည် ခေါင်းတွင် ရှန်ပန်းထည့်စည်းလျက် ရင်ဘတ် တွင် ပဝါစည်းကာ နတ်ကတော် အပျိုတော်အကကို ကန်တော့ ပွဲများကိုင်မြှောက်ရင်း ဂါရဝပြု ကပြနေပုံကို မြင်တွေ့လိုက် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်တိုင်ခြင်း၊ နတ်သံပစ်ခြင်း၊ နယ်ရှင်ပရိသတ်ကို တိုင်တည်ပြီးနောက် ရွှေနှင်းဆီ၏ ကကြိုးကကွက်များက သွက်လက်မြူးကြွလာသည်။

အခုန်အဆတ်၊ အကြွအမြူး၊ ထဘီနားခတ်ဟန်တို့မှာ တဘောင်သံစဉ် စည်းဝါးနှုန်းကိုက် အသွက်အကများဖြစ်သည်။

*'တုတ်တိုတို ××× မမလေးတို့ဆို ××× အပျိုတော် မရှုပ်တေး ××× ကပါတော့လေး'*

မင်းသမီး ရွှေနှင်းဆီ၏ တဘောင်သံစဉ်သီချင်းများ မဆုံးသေးခင်မှာပင် ဆိုင်းဝိုင်းထဲမှ သရဲကြီး၏ ရေဘဝဲလို လက်ကြီးတစ်ဖက်က တွန့်လိပ်ရှည်ထွက်လာပြီး ရွှေနှင်းဆီ ခါးကို လိမ်ပတ်ဆွဲညှစ်လိုက်ရာ အပေါ်သို့ မြောက်တက်သွားသည်။

ရွှေနှင်းဆီ၏ ကြောက်လန့်တကြား မချိမဆံ့ အော်ဟစ်သံများကို ကြားလိုက်ရသည်။

ဘာတွေဖြစ်ကုန်ပါလိမ့်။

သရဲကြီး၏ ခြောက်လှန့်မှုများက ကြောက်မက်ဖွယ် ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာစား စိန်လက်ပွားကိုယ်တိုင် သရဲကြီး၏ လက်ချောင်းကြီးများက လိမ်ပတ်ညှစ်ထားသလို မင်းသမီးရွှေနှင်းဆီမှာလည်း လေထဲတွင် လွင့်ပါးလျက်ရှိသည်။ ထိုစဉ်မှာပင် နောက်ခံကား အဖြူပေါ်မှ သွေးစက်များ စီးဆင်းစိမ့်ယို စွန်းထင်းလာသည်။

သရဲကြီးက မတရားဆွဲညှစ်ထားသောကြောင့် ရွှေနှင်းဆီဗိုက်ထဲမှ မွေးကင်းစ နီတာရဲကလေးငယ်လေး ထွက်လာသည်။

ဆိုင်းဝိုင်းထဲမှ ကြောက်စရာကောင်းသော သရဲကြီး၏ လက်တစ်ဖက်က မြောက်တက်သွားပြီး ကလေးငယ်အား ရစ်ပတ်ဆွဲယူ ဖျစ်ညှစ်လိုက်ပြန်သည်။

ကလေးငယ်လေးမှာလည်း မချိမဆံ့ နာကျင်လွန်းအားကြီး၍ တဝါးဝါး ဆူညံစွာ အော်ဟစ်ငိုယိုလျက်ရှိသည်။

ရှာစားကျော် စိန်လက်ပွား၏ နားထဲတွင် ကလေးငိုသံများကို ချောက်ချားဖွယ် ကြားနေရသည်။

သူ့ခါးတွင် ရစ်ပတ်ထားသည်။ သရဲကြီး၏ လက်ချောင်းများကလည်း တင်းသထက်တင်းကျပ်လာကာ အသက်ရှူမရတော့။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးပြီး လျှာထွက်လာသည်။ စိန်လက်ပွားသည် ကြောက်လန့်တကြားနှင့် အတင်းရုန်းကန်ထွက်လိုက်သည်။

'ဆရာ… ဆရာ… လှည်းပေါ်က ဆိုင်းပစ္စည်းတွေ ချတော့မယ်၊ ဒါ ကျွန်တော်တို့ ကရမယ့် သရဲတောရွာရောက်ပြီ'

သူ့ကိုယ်ပေါ်တွင် ပိကျလာသော ဆိုင်းပစ္စည်းများကို ဖယ်ရှားရင်း ကြေးနှောင်တီး ဆရာလေးဖိုးအေး၏ လှုပ်နှိုးလိုက်သည့်အသံကြောင့် လန့်နိုးသွားသည်။ ထိုအခါကျမှပင် ပတ်မတီးဆရာ ရှာစားကျော် စိန်လက်ပွားသည် အိပ်မက်ဆိုးများမှ လန့်နိုးလာခဲ့သည်။

ပွဲဆက်များ များခဲ့သောကြောင့် ခရီးပန်းပြီး လှည်းပေါ်တွင် အိပ်ပျော်သွားမိသည်ကို ပြန်သတိရမိလိုက်သည်။ သူ့ဘေးသို့ ကြည့်လိုက်သောအခါ အငြိမ့်မင်းသမီး သဇင်နွယ် ရင်ခွင်ထဲတွင် လသားအရွယ် ကလေးငယ်လေးသည် ထဲ့ပါး ငိုနေသောကြောင့် သဇင်နွယ်က ချော့သိပ်ရင်း နို့လှန်တိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။

'မငိုပါနဲ့ သားလေးရယ်၊ အင်း… အင်း… အို…

www.burmeseclassic.com



အို… ရော့… ရော့… ချိုချိုစို့၊ စို့… စို့…
တိတ်… တိတ်… အို… အို…'

စိတ်ထဲတွင် လေးလံထိုင်းမှိုင်းလျက်ရှိသည်။

ခေါင်းထဲတွင် ကြည်ကြည်လင်လင် မရှိ။

ဒီရွာမှာ ပွဲခွင်ဝင်ရမည်မှာ မရောက်ခင်ကတည်းက အိပ်မက်ဆိုးများက ကြောက်လန့်တကြား နိမိတ်ပြ ခြောက်လှန့်နေပုံရသည်။

ရွာ နာမည်ကိုလည်း ကြည့်ဦးလေ။

သရဲတောရွာတဲ့။

တစ္ဆေ မှင်စာ နာနာဘာဝသရဲတွေပေါသောရွာဖြစ်သည်လား မသိ။

'မြို့တော်ရှင်၊ ရွာတော်ရှင် နတ်အပေါင်းတို့… ကူညီကာ ဝိုင်းမလို့ မှိုင်းမစောင့်ရှောက်တော်မူပါ'ဟု ရှာစားစိန်တင်ဟန် စိတ်ထဲတွင် တိုးတိုးတိတ်တိတ်ကြိတ်၍ ထိတ်လန့်တကြား ဆုတောင်းလိုက်မိသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

မုန်တိုင်းက လူ့ဘဝကတည်းက မြသဲကြည်ကို
စွဲလမ်းနေတာ။
သရဲကြီးဖြစ်တာတောင် အစွဲအလမ်းက မကျွတ်ဘူး။
ဒီကောင်ကို ဟိုတုန်းကတည်းက
ကျွန်တော် ကြည့်မရတာ။
ခုလည်း သရဲဘဝရောက်တာတောင်
လိုက်ပြီး နှောင့်ယှက်နေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ထိုအချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း လယ်သမားတွေ ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ခေတ်ကောင်းချိန်ဖြစ်သည်။

စပါးတစ်တင်း သုံးကျပ်၊ ရွှေတစ်ဆယ်သားမှ သုံးရာငါးဆယ် လယ်ပြီးချိန်ဆိုလျှင် ရွာတိုင်းမှာ ပွဲလမ်းသဘင်တွေနှင့် စည်စည်ကားကား ပျော်ပျော်ပါးပါးဖြစ်ခဲ့သည်။

ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ မင်္ဂလာဦးအောင်မောင်းမှ အစပြု၍ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေကျီးညို၊ စိန်ဝိဇ္ဇာ၊ မြဝိဇ္ဇာ၊ စိန်ရတီ၊ မြရတီ စသော ဇာတ်သဘင်တွေ ပေါ်များလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာအပြန်လမ်းဖြစ်၍ နွားတွေက အသားကျ ပြေးနေကြသည်။

နွားတွေက မြူးကြွနေကြသည်။

ချုံသံတလွင်လွင် လှည်းဘီးသံတကျောင်းကျောင်းနှင့် သစ်ပင်တောတန်း ရိုးပြတ်လယ်ကွင်းများကို နောက်ချန်ထားခဲ့ကြသည်။

လှည်းလမ်းကြောင်းနောက်မှာတော့ ဖုန်လုံးကြီးများ ထောင်းထောင်း ထကျန်ရစ်ခဲ့သည်။

စားကျက်တွင်း ကျော်လာခဲ့ပြီး ရှေ့မှာ သန်းချိုင်းကုန်းတော။

ဒီသင်္ချိုင်းကုန်းတောကျော်လျှင် သရဲတောရွာထိပ်မှ ကြီးမားသော ကုက္ကိုပင်ကြီးကို မြင်တွေ့ရသည်။

ကုက္ကိုပင်ကြီးအောက်ခြေ ပင်စည်မှာလည်း ယောက်ျားကြီးခုနစ် ယောက်ခန့် လက်ချင်းသွယ်ဆက် ဝိုင်းပတ်မှီလောက်အောင် ကြီးမားလှသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော နှစ်သက်ရင့်ရှည် အဓိကရ ကုက္ကိုပင်ကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုပင်ကြီးတွင် သူတို့ရွာသား မုန်တိုင်း အသတ်ခံရပြီးနောက် သရဲကြီးဖြစ်နေသည်ဟု ပြောကြသည်။

ညဘက်ဆိုလျှင် မည်သူမျှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ကြပေ။

ပင်ခြေအောက်တွင် ကုက္ကိုမြစ်ကြီးများက မြေပေါ်သို့ ထိုးထွက်နေကြသည်။

အရိပ်အာဝါသ ကောင်းလှသည်။

ကုက္ကိုမြစ်ကြီးများပေါ်တွင် ရွာထဲမှ နွားကျောင်းသားလေးများ ဆော့ကစားနေကြသည်။

ကုက္ကိုပင်ကြီးအနီးတစ်ဝိုက်ကား ကုန်းတန်းများ၊ ချုံနွယ်များနှင့် စားကျက်မြေဖြစ်သည်။

ထို့ကြောင့်လည်း ရွာထဲမှနွားများကို လှန်ထားခြင်း၊ နွားကျောင်းခြင်းပြုကြသည်။

သရဲတော ရွာဦးရွာထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးဖြစ်သည်။

သရဲကြီးရှိသလို နတ်ကြီးသည်ဟုလည်း ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှိမသေ မလေးမစား မည်သူမျှမလုပ်ဝံ့ကြ။

ရွာသူ ရွာသားများက အစောင့်အရှောက်များရှိသည်ဟု ရှေးရိုးစဉ်လာ ယုံကြည်ထားကြသည်။

ကုက္ကိုကိုင်းများကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ မခုတ်ဝံ့ကြ။

မခုတ်ဘဲထားသောကြောင့် ကုက္ကိုပင်ကြီးသည် အကိုင်းအခက်များ ဝေဆာအုပ်မိုးပြီး ကြီးကားချင်တိုင်းကြီးကားလျက်ရှိသည်။

ကုက္ကိုပင်ကြီးအောက်တွင် ကိုးမြို့ရှင် နတ်ကွန်းရှိသည်။

သရဲတော ရွာဝန်းကျင်ရှိ ရွာများကို အပိုင်စားရထားသည်။

သုံးနှစ်တစ်ကြိမ် အကြီးအကျယ် နတ်ပွဲပေးရသော ရွာတော်ရှင် နယ်တော်ရှင်နတ်ကွန်းဖြစ်သည်။

ဒီနှစ် နတ်ပွဲပေးရမည့် အချိန်အခါအလှည့် ရောက်လာသည်။

အရိပ်အာဝါသကောင်းသော ကုက္ကိုပင်ကြီးအောက်

www.burmeseclassic.com

www.burmeseclassic.com



နတ်ကွန်းစင်ရှေ့တွင် ရာဇမတ်ကာ ငှက်ပျောပင်စိုက် သဲဖြူခင်း အနီရောင် နဖူးစည်း ပတ်ပတ်လည်ကာရံထားပြီး စင်ပေါ်တွင် ရွှေချထားသော နတ်ရုပ်ကြီးများနှင့် နတ်ကန္တားပေးမည့် မဏ္ဍပ်ကြီးကား ဟည်းနေအောင် ပြင်ဆင်ထားသည်။

ဆိုင်းသံများကို ကြားနေရသည်။

မြို့ပေါ်မှ နတ်ကန္တားစီး မျိုးသူဇာတို့ နတ်သဘင်အဖွဲ့ဖြစ်သည်။

အဖွဲ့အင်အား တောင့်တင်းသလို ပစ္စည်းပစ္စယ စုံသည်။

မှန်ကန်စွာ ဟောချက်ချပိုင်သလို အကလည်းကောင်းသည်။

အဖွဲ့ခေါင်းဆောင် မျိုးသူဇာမှာ မိန်းမစိတ်ပေါက်နေသော ယောကျ်ားတစ်ယောက်ဖြစ်သည်။

လုံးရာမှ ပြားချင်သူ။

ဖြူဖြူနွဲ့နွဲ့နှင့် တင်တွေ ရင်တွေနှင့် တကယ့်မိန်းကလေးလို ချောမောလှသည်။

အငြိမ့်မင်းသမီးလို ဝတ်ဆင်ပြီး မိတ်ကပ်လိမ်းကာ

www.burmeseclassic.com

www.burmeseclassic.com



ကပြရာတွင်လည်း ရွာမှ ကာလသားလူငယ်များ ဝိုင်းဝိုင်းလည်အောင် ဩဘာပေးခြင်း ခံရသည်။

ညဦးပိုင်းတွင် အဆိုအကများ၊ တပင်တိုင်အကများ၊ အငြိမ့်ခန်းများနှင့် ဇာတ်အဖွဲ့တစ်ခုလို ရွာသူရွာသားများအား ညှို့ခံလျက် ဖျော်ဖြေလေ့ရှိသည်။

ကိုးမြို့ရှင်နတ်ပွဲကတော့ စနေပြီ။

ရွာအပြန် လှည်းမောင်းလာကြသူများထံသို့ သီချင်းသံ၊ ဆိုင်းသံ၊ ဗုံသံများ လော်စပီကာထဲမှ ပျံ့လွင့်လာလေသည်။

*'လောင်းစရာ ငွေမရှားပါဘူး ××× ကြက် ကျားကိုတဲ့ တိုက်မယ်ပြင် ××× မြင်းစိုင်းကျော်ရှင် ချစ်လို့ရယ်တဲ့ရှင် ××× ယဉ်ရှာရှာရှော့သလား ××× ကိုကြီးကျော်ရေ ×××*

*(ဗျို ... ဗျို... ဗျို...) မောင်ကြီးကျော်ရေ ×××*

*(ဗျို ...ဗျို... ဗျို...) သည်မျှမှာ ပြိုင်ဘက်ရှား ××× မိုးကျနတ်သား ×××'*

'နတ်ကနွားပွဲက ကိုကြီးကျော်တော့ ဝင်နေပြီ၊ ညကျ

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ပျော်စရာကြီးပဲ သိန်းလွင်'

ရှေ့ဆုံးမှ လှည်းမောင်းလာသော မောင်မိုးက နှင်တံကိုမြှောက်ရင်း နောက်မှ လှည်းသမားကို အော်ပြောလိုက်သည်။

သူ့နောက်တွင် လှည်း ၁၀ စီးခန့် တစ်တန်းတည်း မောင်းလာကြသည်။

မောင်မိုးနှင့်အတူ သရဲတောရွာသားများ မြို့ပေါ်ရှိ ဇဝနဆန်စက်ကြီးတွင် စပါးရောင်းချပြီး ရွာသို့ ပြန်လာကြခြင်းဖြစ်သည်။

ဒီလိုရက်မျိုးက သူတို့လက်ထဲတွင် ငွေစကြေးစ ရှင်နေကြသည်။

လယ်ပြီး အားလပ်ချိန် ပိုလျှံစပါးရောင်းချပြီး ဝမ်းစာစပါး သိုလှောင်ထားချိန် မိုးမကျသေး။ မိုးကျမှ လယ်ယာလုပ်ငန်းများကို ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြရမည်ဖြစ်သည်။

'ခါတိုင်းနှစ်တွေလိုပဲ နတ်ကွန်းတက်နေကြ မျိုးသူဓာတို့အဖွဲ့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



နောက်လှည်းသမားတစ်ဦးဖြစ်သော သိန်းလွင်က ပြောလိုက်သည်။

'မျိုးသူဇာတို့ကတော့ ကိုကြီးကျော် ဝင်ပူးပြီး ကြက်ကြော်နဲ့ အရက်ပုလင်းနဲ့ ဟုတ်နေပြီ'

'အေးကွာ... ငါတို့လည်း ညကျမှ တဝသောက်ကြမယ်'

မောင်မိုး နှာခေါင်းဝတွင် နတ်ကန္နားပွဲမှ ပျံ့လွင့်လာသော ချက်အရက်နံ့ သင်းသင်းလေး ရလိုက်သလို တံတွေးတစ်ချက် မျိုချလိုက်သည်။ သူက အရက်ကြိုက်သူဖြစ်သည်။

နောက်လှည်းသမား သိန်းလွင်က မောင်မိုးညီမ မြသဲကြည်ကို ယူထားသောကြောင့် သမီးယောက်ဖ တော်စပ်ကြသည်။

သမီးယောက်ဖ နှစ်ယောက်စလုံးက အပျော်အပါး အသောက်အစား အတွဲညီသည်။

'မျိုးသူဇာက အခြောက်ကြီးပါ သိန်းလွင်ရာ၊ ငါတော့ ညက မြို့မှာ ကြည့်ခဲ့တဲ့ ပန်တျာကြည်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်က ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးကိုသာ သဘောကျတာ၊

ခုထက်ထိ ဒေါင်းမလေး ကသွားတာကို ငါ့မျက်စိထဲက ဖျောက်လို့မရဘူး'

'ကိုကြီးမိုးက ပြောနိုင်တာပေါ့၊ ဒေါင်းမလေးကို စွဲနေတာကိုး၊ ကျွန်တော်ကတော့ အိမ်က မြသဲကြည်ကိုပဲ စိုးရိမ်နေမိတယ်'

'အေး… ဟုတ်သားပဲ၊ မင်း ပြောမှ သတိရတယ်၊ ဟိုးတစ်လောက ရွာထိပ်က ကုက္ကိုပင်ကြီးမှာနေတဲ့ သရဲကြီး ခြောက်လိုက်တယ်ဆို'

'ဟုတ်တယ် ကိုကြီးမိုး၊ သရဲကြီးဖြစ်နေတဲ့ မုန့်တိုင်း ခြောက်လိုက်တာ မြော့မြော့ပဲရှိတော့တယ်၊ မုန့်တိုင်းက လူ့ဘဝကတည်းက မြသဲကြည်ကို စွဲလမ်းနေတာ၊

သရဲကြီးဖြစ်တာတောင် အစွဲအလမ်းက မကျွတ်ဘူး၊ ဒီကောင်ကို ဟိုတုန်းတည်းက ကျွန်တော် ကြည့်ရတာ၊ ခုလည်း သရဲ ဘဝရောက်တာတောင် လိုက်ပြီး နှောင့်ယှက်နေသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယောင်ပြပြီး ကျွန်တော်နဲ့ တွေ့လို့ကတော့ အပိုင်းပိုင်းတစ် ခါးနဲ့ခုတ်ပြီး အရက်နဲ့ မြည်းလိုက် ချင်သေးတယ်'

ဟူတတ်တော့လည်း ဟူတတ်သည်။

မုန်တိုင်းဆိုတာ သူတို့လိုပဲ သရဲတောရွာသား ပတ်မ တီး အကျော်အမော် တစ်ယောက်ဖြစ်သည်။

မြို့ပေါ်တွင် ဆိုင်းပိုင်းထောင်ထားသော သူဌေးအိမ် တွင် နေသည်။

အလှူမင်္ဂလာဆောင်များတွင် လိုက်တီးသည်။

မြသဲကြည်ကို ငယ်ငယ်ကတည်းက စွဲစွဲလမ်းလမ်း ချစ်နေခဲ့သူဖြစ်သည်။

သိန်းလွင်နှင့် နှစ်ယောက်သား အပြိုင်အဆိုင် ပိုးပန်းကြရင်း သရဲတောရွာမှ ပျောက်သွားသည်။

မိဘများက မုန်တိုင်းလို ဆင်းရဲသော မုဆိုးမသားနှင့် သဘောမတူ။

သိန်းလွင်နှင့် အိမ်ထောင်ရက်သားချပေးလိုက်သည် ကို မုန်တိုင်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



ပွဲခွင်များနားပြီးနောက် သရဲတောသို့ မုန်တိုင်း ပြန်လာသည်။

သူ့မှာ ရွှေငွေများပါကြောင်း ဓားပြများက သိထား ကြသည်။

ရွာပြန်လာသည့်ညက ညဥ့်နက်သည်။

ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာပင် ဓားပြများက ရွှေငွေများကိုလုယူ ပြီး အသတ်ခံလိုက်ရသည်။

ကုက္ကိုပင်ကြီးအောက်မှာပင် ဓားပြသတ်၍ သေခဲ့ရ ပြီး အစွဲအလမ်းကြီးစွာနှင့် မကျွတ်မလွတ်သော သရဲကြီးဘဝ သို့ ရောက်နေခြင်းဖြစ်သည်ဟု ရွာသားတွေက ထင်မိထင်ရာ တွေးတောပြောဆိုကြခြင်း ဖြစ်သည်။

သိန်းလွင်က သတ္တိကောင်းသူတစ်ယောက် ဖြစ် သည်။

တစ္ဆေသရဲများကို ကြောက်တတ်သူမဟုတ်။

ဖနီးဖြစ်သူအား မုန်တိုင်းသေပြီး သရဲကြီးခြောက်သွန့် ခဲ့သောကြောင့် နေမကောင်းဖြစ်ခဲ့စဉ်က သရဲဟောရွာမှာ သူမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ကိစ္စ တစ်ခုနှင့် ခရီးထွက်နေခိုက်ဖြစ်သည်။

ထိုအကြောင်းကို ရွာပြန်ရောက်မှ သိရခြင်းဖြစ်သည်။ ရွာထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးကိုကြည့်ရင်း သရဲကြီးနှင့် သူ့ဇနီး မြသဲကြည်တို့အကြောင်းကို ပြန်တွေးရင်း သတိရလိုက်မိသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုပင်ကြီး၏ အမြစ်ဆုံကြီးများပေါ်တွင်

သရဲဖြစ်နေသော မုန့်တိုင်းသည်

အကျအနထိုင်လျက် ဆိုင်းတီးနေတတ်ကြောင်း၊

ဆိုင်းသံဗုံသံများကိုပင် ကြားရတတ်ကြောင်း

ပြောဆိုကြသည်။

ထင်ယောင်ထင်မှားနှင့် ပြောဆိုတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ထိုနေ့က သီတင်းကျွတ် လပြည့်နေ့ဖြစ်သည်။

နေ့ကြီးအခါကြီးရက်ဖြစ်သောကြောင့် ရွာရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များကပါ ရွာဦးကျောင်းသို့ သွားရောက်ပြီး ဥပုသ်သီတင်းဆောက်တည်ကြ၊ သီလယူကြသည်။

ရွာတွင် ထုံးစံရှိသည့်အတိုင်း ဥပုသ်ရက်များတွင် ဘုန်းတော်ကြီးကျောင်း၌ သီလဆောက်တည်ကြသူများအား မုန့်ပဲသရေစာများကို အလှည့်ကျ ကျွေးမွေးကြရင်း ကုသိုလ်ယူကြသည်။

ယခု သီတင်းပတ်တွင် မြသဲကြည်တို့အိမ်မှ အလှည့်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်သူ သိန်းလွင်ကတော့ သရဲတောရွာမှာ မရှိ။

အရောင်းအဝယ် ကိစ္စတစ်ခုနှင့် ခရီးထွက်သွားသည်။ သိန်းလွင်နှင့် မြသဲကြည်တို့ အိမ်ထောင်ကျသည်မှာ မကြာသေး။

ယောက်ျားဖြစ်သူ သိန်းလွင် ခရီးထွက်သွားသော်လည်း မြသဲကြည်တို့က သရဲတောရွာတွင် ဆွေမျိုးတောင့်သည်။

ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြမည့်သူများက အဆင်သင့်ရှိသည်။ မြသဲကြည်က ရွာတွင် အချောအလှမိန်းကလေး ဖြစ်သည်။

အိမ်ထောင်ရက်သားကျသွားသည့်တိုင် လှသွေးကြွယ်တုန်း ချောမောတုန်းပင် ဖြစ်သည်။

တောသူဆိုသော်လည်း အချိုးအစားလှပသော ကိုယ်နေဟန်ထားများ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ဖြူနုသော အသားအရေ၊ မယဉ်မရိုင်းနှင့် တောရိုင်းပန်းလေးတစ်ပွင့် ဖြစ်သည်။

အစ်ကိုဖြစ်သူ မောင်မိုးက သရဲတောရွာမှာ လူဆိုး။ စိတ်ရင်းကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အပျော်အပါး ခုံမင်သည်။

အရက်သောက်သည်။

အရက်နည်းနည်းမူးလာလျှင် ပြဿနာရှာတတ်သူ ဖြစ်သည်။

မြသဲကြည်ကိုဝိုင်းဝန်းပိုးပန်းကြသော်လည်း မောင်မိုး အရှိန်ကြောင့် လန့်ကြရသည်။

တစ်ရွာတည်းသား သိန်းလွင်က လူလည်။

မောင်မိုးနှင့် အဆင်ပြေအောင် ပေါင်းသင်းရင်း မြသဲကြည် မေတ္တာပန်းကို ဆွတ်လှမ်းအရယူနိုင်ခဲ့သည်။

မြသဲကြည်အား ငယ်ငယ်ကတည်းက စွဲစွဲလမ်းလမ်း ကြိုက်ခဲ့သော တစ်ရွာတည်းသား မုန်တိုင်းကတော့ ရွာထိပ် ရှိ ကုက္ကိုပင်ကြီးအောက်တွင် ဓားပြများသတ်၍ အသေဆိုးနှင့် သေခဲ့ရသည်။

ရွာအပေါ် စွဲလမ်းစိတ်၊ မြသဲကြည်အပေါ် စွဲလမ်းစိတ် နှင့် မကျွတ်မလွတ်သောဘဝသို့ ရောက်ရှိနေရသည်။

မြသဲကြည်တို့ မိဘများက သရဲတောရွာတွင် အငယ် နှစ်ဆယ်ကကျော် ပိုင်ဆိုင်ပြီး ချမ်းသာကြွယ်ဝ ငွေကြေးနေ ဥစ္စာ ပြည့်စုံသူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် ကြီးရင့်သောသူများက ဘုန်းတော်ကြီးကျောင်းဝင်းထဲရှိ ဘုရား၊ တန်ဆောင်း၊ ဇရပ်များတွင် တရားထိုင် ပုတီးစိပ်ရင်း နားနားနေနေ တစ်နေကုန် နေကြသည်။

ညနေစောင်းမှ သရဲတောရွာထဲသို့ ပြန်လာကြသည်မှာ ရွာဓလေ့ဖြစ်ပေသည်။

သရဲတောရွာနှင့် ဘုန်းတော်ကြီးကျောင်းမှာ အတန်ငယ်ဝေးသည်။ ရွာအပြင်ဘက်တွင်ရှိသည်ဟု ပြောရမည်ဖြစ်သည်။

စားကျက်ကွင်း သချိုင်းကုန်းတော၊ လယ်ကွင်းများက ကြားက ခံထားသည်။

ရွာထိပ်တွင် ကြီးမားသော အဓိကရ ကုက္ကိုပင်ကြီးရှိသည်။

အဆိုပါ ကုက္ကိုပင်ကြီးတွင် မုန်တိုင်းသည် သရဲကြီးတစ်ကောင်ဖြစ်လျက် နေထိုင်လျက်ရှိကြောင်း ပြောဆိုတတ်ကြသည်။

လပြည့်လကွယ်ရက်များတွင် နီရဲသော မီးလုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



များသည် ကုက္ကိုပင်ထိပ်ဖျားမှ အပင်ရင်းထိ ဆင်းချည်တက်ချည် ကစားနေတတ်ကြောင်းကို ရွာသားများ မြင်တွေ့ဖူးကြောင်း ပြောဆိုလေ့ရှိသည်။

အသေအချာ မေးကြည့်တော့လည်း တိတိကျကျ ပြောပြနိုင်ခြင်းမရှိပေ။

တစ်ခါတစ်ရံတွင် ကုက္ကိုပင်ကြီး၏ အမြစ်ဆုံကြီးများပေါ်တွင် သရဲဖြစ်နေသော မုန်တိုင်းသည် အကျအနထိုင်လျက် ဆိုင်းတီးနေတတ်ကြောင်း၊ ဆိုင်းသံဗုံသံများကိုဝင် ကြားရတတ်ကြောင်း ပြောဆိုကြသည်။ ထင်ယောင်ထင်မှားနှင့် ပြောဆိုတတ်ကြသည်။

ဒီလိုပဲ စကားချဲ့ကားပြီး မကြောက်ကြောက်အောင် ခြောက်လှန့်ပြီး ပုံကြီးချဲ့ ပြောဆိုခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း မှောင်လာပြီး ညဘက်ရောက်လာပြီဆိုပါက ကုက္ကိုပင်ကြီးအောက် မည်သူမျှ ဖြတ် သန်းသွားလာခြင်း မပြုဝံ့ကြတော့ပေ။

ဥပုသ်သီတင်း ဆောက်တည်ပြီးနောက် ရွာသားတချို့ ပြန်လာကြပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးသူများသာ ဘုရားတန်ဆောင်းများတွင် ကျန်ရှိခဲ့ကြသည်။ မြသဲကြည်နှင့် အဖော်မိန်းကလေးများသည် အိုးခွက်ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီးနောက် ဘုန်းတော်ကြီးကျောင်းမှ ပြန်လာခဲ့ကြသည်။

သဲကုန်းတော သချိုင်းကုန်းတော စားကျက်ကွင်းကိုကျော်ပြီး ရွာအဝင် ကုက္ကိုပင်ကြီးအနီးသို့ ရောက်လာကြသည်။

ထိုအချိန်မှာပင် လေမတိုက်ဘဲနှင့် ကုက္ကိုပင်ကြီးပေါ်မှ သစ်ကိုင်း သစ်ခက် သစ်ရွက်များ တသဲသဲလှုပ်လာသည်ကို မြသဲကြည် သတိထားကြည့်မိသည်။ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားပြီး ခြေဖျား လက်ဖျားများ အေးစက်လာသည်။ ခေါင်းကြီးကလည်း အကြီးကြီးဖြစ်လာပြီး ဆံပင်မွေးများထောင်ထလာသည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။

အနီးပတ်ဝန်းကျင်သို့ စိုးရိမ်ထိတ်လန့်စွာနှင့် မြသဲကြည် ကြည့်လိုက်သော်လည်း ဘာတစ်ခုမျှ ထူးထူးခြားခြား မမြင်တွေ့ရပေ။

ကုက္ကိုပင်ကြီးအောက်သို့ ဝင်လိုက်သည်နှင့် သိုင်းသံ

www.burmeseclassic.com

www.burmeseclassic.com



ဗုံသံများ ကြားလိုက်ရသည်ဟု ထင်မိလိုက်သည်။ ရွာထဲမှ ပြေးထွက်လာသော ခွေးတစ်အုပ်မှလည်း စူးဝါးကျယ်လောင်စွာ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို ကြားလိုက်ရပြန်သည်။

မြသဲကြည် လန့်သွားသည်။ သူမ ကျောပြင်ပေါ်တွင် ရေနှင့်လှမ်းပက်လိုက်သည့်အလား အေးခနဲဖြစ်သွားသောကြောင့် နောက်ဘက်သို့ မလုံမလဲ လှည့်ကြည့်မိလိုက်ပြန်သည်။

ထူးထူးခြားခြား ဘာတစ်ခုမှ မမြင်တွေ့ရ။ လန့်တာတော့ အတော့်ကို လန့်လာမိသည်။ သူမအပေါ် စွဲလမ်းစွာ သံယောဇဉ်ကြီးသည့် မုန်တိုင်းသည် လှည့်စားခြောက်လှန့်နေပြီလား မသိ။

သူ့ဘေးတွင် ယှဉ်လျှောက်လာကြသော အဖော်များဖြစ်သည့် မထွေးလေး၊ အေးမေ၊ မစိန်ကြည်တို့အား လှမ်းပြောလိုက်သည်။

'မအေးမေ··· ကျွန်မ ကျောကို ရေနဲ့ပက်လိုက်သလို အေးခနဲဖြစ်သွားတယ်၊ ကုက္ကိုပင်ကြီးပေါ်က သရဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဆင်းလာတာလား မသိဘူး၊ ခွေးတွေကလည်း တအားအူတာပဲ'

'အမလေး… သရဲဆိုရင်တော့ ကျွန်မ ကြောက်တယ်'

အသက်အငယ်ဆုံးဖြစ်သော မထွေးလေးက ဇက်ကလေးပုပြီး မအေးမေအနီးသို့ တုန်တုန်ယင်ယင် အမြန်တိုးကပ်လိုက်သည်။

မအေးမေ လက်ကိုလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖမ်းဆုပ်ထားရာမှ မလွှတ်တော့ပေ။

စိတ်ထဲက ကြောက်သော်လည်း ကုက္ကိုပင်ကြီးပေါ်သို့ မရဲတရဲနှင့် မော့ပြီးကြည့်မိလိုက်သေးသည်။

မထွေးလေး မော့ကြည့်ကာမှ ကုက္ကိုကိုင်းများမှာ သိသိသာသာ ယိမ်းခါလျက်ရှိသည်။

'မြသဲကြည် စိတ်ထင်လို့ပါအေ၊ ရွှေခင်းကြောင်တောင်ကြီး ညည်းအချစ်တော် မုန်တိုင်းသရဲက မခြောက်ပါဘူး၊ ခြောက်လည်း ဘာမှကြောက်စရာ မရှိဘူး၊ အခုပဲ ဆရာတော်ကြီးဆီမှာ သီလယူပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကြတာပဲ၊ ဘယ်လိုလုပ်ပြီး မုန့်တိုင်းသရဲက ခြောက်ဝံ့မှာလဲ'

မအေးမေက ဂရုမစိုက်သလို မကြောက်မရွံ့ဘဲ ပြန်ပြောလိုက်သည်။

'ခြောက်သာ မခြောက်တယ်၊ ဟော… ဘယ်လိုအနံ့ကြီးပါလိမ့်၊ ထွီ… ဝေါ့… အပုပ်နံ့ကြီးကလည်း ထောင်းခနဲပဲ'

'အေးဟယ်… တော်တော်ဆိုးဝါးတဲ့ အနံ့ကြီးပဲ'

'မအေးမေ… ကျွန်မ ကျောဘက်ကို သေချာကြည့်လိုက်စမ်းပါ'

မြသဲကြည်က ပြောလိုက်သဖြင့် ခေတ္တရပ်လိုက်ကြပြီး သူမ အင်္ကျီကျောဘက်ကို စမ်းကြည့်လိုက်သည်။

'အလိုလေး… ဟုတ်ပါရဲ့၊ မြသဲကြည် ညည်းအင်္ကျီနောက်ကျောမှာ ရေတွေစိုနေပါလား'

'ဒါကြောင့်မို့ ကျွန်မ ပြောတာ၊ ကျွန်မကျောကို ရေနဲ့ပက်လိုက်သလို အေးခနဲဖြစ်သွားပါတယ်လို့ ပြောနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်သေးပါဘူးအေ၊ ချေးတွေ စိုနေတာဖြစ်မှာပေါ့'

မစိန်ကြည်က တွေးတွေးဆဆ ဝင်ပြောလိုက်သည်။

'တော်ကြပါတော့ဟယ်၊ ကျွန်မ ကြောက်လာပြီ'

မထွေးလေးက အသံတုန်တုန်ယင်ယင်နှင့် ဖြစ်လာသလို ခြေလှမ်းကို မပြေးရုံတမယ် သွက်သွက်လှမ်းလိုက်သည်။

မြသဲကြည်တို့ မိန်းကလေးတစ်သိုက်လည်း ကုက္ကိုပင်ကြီးအောက်မှ အမြန်ဆုံး ပြေးထွက်လိုက်ကြပြီး ရွာထဲသို့ အမောတကော ပြန်လည်ရောက်ရှိလာကြသည်။

ထိုနေ့မှစ၍ နောက်ရက်များတွင် မြသဲကြည် ဖျားတော့သည်။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေဖြစ်လာသည်။

စကားလည်း မပြောတော့ပေ။

ယောက်ျားဖြစ်သူ သိန်းလွင်ကလည်း ခရီးထွက်သွားရာမှ ပြန်ရောက်မလာသေး။

မိဘဖြစ်သူများမှာ ပစ္စည်းဥစ္စာ ပြည့်စုံ၊ သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ရွှေပေါ်မြတင် စိတ်ချမ်းသာအောင်ထား ခဲ့ရာမှ ယခုလို ဖြစ်လာ၍ စိုးရိမ်ပူပန်သွားကြသည်။ နောင်ရေး စိတ်အေးအောင် အိမ်ထောင်ရက်သား ချပေးပြီးကာမှ ကောက် ကာငင်ကာ အဖျားဝင် နေမကောင်းဖြစ်လာသည့်အတွက် အမျိုးမျိုးတွေးတော ပူပန်သောကရောက်နေကြသည်။

အိမ်ထောင်ပြု မင်္ဂလာဆောင်ပြီးခဲ့သည်မှာ မကြာ သေး။

ယခုလို တမှိုင်မှိုင် တတွေတွေ ဖြစ်လာရသည်ကို စဉ်းစားရခက်စွာ မကြည့်ရက်နိုင်တော့ပေ။ ဆွေမျိုးသားချင်း များကလည်း ကောင်းနိုးရာရာ အကြံပေးကြသဖြင့် ဓာတ်၊ ဗိန္ဓော၊ ပယောဂကုဆရာ အမျိုးမျိုးကိုခေါ်၍ ပြသကုသကြ ပါသော်လည်း မြသဲကြည် ဝေဒနာမှာ ထူးခြားသိသာစွာ ကောင်းမွန်လာခြင်းမရှိပေ။

ဆရာတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်း သွားကြသည်။

ဆရာတစ်ယောက် ရောက်လာလျှင် ငှက်ပျောသုံးဖီး၊ အုန်းသီးတစ်လုံး၊ ဖယောင်းတိုင်တစ်ထုပ်၊ ပိတ်ဖြူငါးတောင်၊

www.burmeseclassic.com

www.burmeseclassic.com



ပဝါတစ်ပိုင်၊ ငွေအစိတ် ကုန်ပေါင်းလည်း မနည်းတော့ပေ။

နောက်ဆုံး မည်သည့်ဆရာနှင့်မျှ ကုသမရသောကြောင့် မိဘများမှာ စိတ်ပျက်လက်ပျက် လက်မှိုင်ချနေရတော့သည်။

ခရီးထွက်သွားသော သိန်းလွင် ပြန်ရောက်လာသည်။ ဇနီးဖြစ်သူ မြသဲကြည်အတွက် လွန်စွာမှ စိုးရိမ်ပူပန်သွားသည်။ ရွာဦးကျောင်း ဆရာတော်ကြီးထံ အကျိုးအကြောင်းပြော၍ လျှောက်ထားလိုက်သည်။ အကြောင်းစုံ သိရှိသွားသော ဆရာတော်ကြီးမှာ မြသဲကြည် ကိစ္စအတွက် စိုးရိမ်ပူပန်စရာမလိုကြောင်း၊ ကျောင်းသို့ခေါ်လာခဲ့စေလိုကြောင်း အမှောင့်ပယောဂများ ကင်းဝေးသွားစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဟု မိန့်ကြားခဲ့သည်။

ရွာဦးကျောင်းဆရာတော်ကြီးမှာ သီလသမာဓိနှင့်ပြည့်စုံသော ဆရာတော်ကြီးဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် မိဘများနှင့်အတူ သိန်းလွင်သည် မြသဲကြည်အား ရွာဦးကျောင်းသို့ ခေါ်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲမှာပင် ဘုရားဝတ်ပြုကြပြီးနောက် မြသဲကြည်အား ဆရာတော်ကြီးအနီးသို့ ခေါ်ယူလိုက်သည်။ မြသဲကြည်မှာ ယခင်က လာရောက်ကုသခဲ့ဖူးသော ဆရာများနှင့် တွေ့ကြုံစဉ်ကလို မဟုတ်တော့ဘဲ အမူအရာများ ပြောင်းလဲသွားသည်။

မြသဲကြည်သည် ဆရာတော်ကြီးကို ဖူးတွေ့လိုက်ရသည်နှင့် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိသည်။

ဆရာတော်ကြီးမှာ မြသဲကြည်၏ အပြုအမူကို သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး သဘောပေါက်သွားကာ မသိမသာ ပြုံးလိုက်သည်။

'ဟဲ့… ဒကာမလေး၊ ဘာပြုလို့ ဒီလောက်တောင် ဝမ်းနည်းပက်လက် ငိုကြွေးနေရတာလဲ၊ လာ… ဒီရှေ့ကို ရဲရဲတိုးခဲ့စမ်း'

မြသဲကြည်သည် တုန်တုန်ယင်ယင်နှင့် ရှေ့သို့တိုး လိုက်သည်။

'ကဲ… ဘုရားကို ဦးတိုက်'

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ အသံသြဇာနှင့် ပြည့်စုံသော မိန့်ဆိုမှုကြောင့် မြသဲကြည်မှာ တုန်ယင်နေသော လက်အုပ်များနှင့် ဘုရားအား ဝတ်ပြုဦးချလိုက်သည်။

ဆရာတော်ကြီးသည် ဘုရားစင်ပေါ်မှ ပိုးကြိုးလေးများကို ယူလိုက်ပြီး အထုံးလေး သုံးထုံးထုံးကာ ဦးခံ၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယ၊ တတိယ စသည်ဖြင့် မန်းမှုတ်ပြီး အထုံးလေးများကို စနစ်တကျထုံးလျက် မန်းမှုတ်ခြင်းနှင့် ကွက်တိဖြစ်အောင် ထုံးဖွဲ့လိုက်သည်။

ထို့နောက် ပရိတ်ရေများနှင့် မြသဲကြည် ဦးခေါင်းအား တောက်လိုက်သည်။

မြသဲကြည် တစ်ကိုယ်လုံးမှာ ဘုန်းတော်ကြီးတောက်လိုက်သော ရေစက်များကို မခံနိုင်ပေ။ ပူလွန်း၍ လူးလိမ့်ခံစားနေပုံရသည်။

ဘုန်းတော်ကြီးသည် မြသဲကြည်အား ပရိတ်ရေတိုက်ပြီး ဦးခေါင်းအား ပုတ်လိုက်ကာ နှုတ်မှ တိုးတိုးဖွဖွ မန်းမှုတ်ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး စီရင်မန်းမှုတ်ထားသော အထုံးလေးသုံးထုံးပါ ပိုးကြိုးမှာ လိပ်ပြာချုပ်ဖြစ်သည်။ လိပ်ပြာချုပ်အား မြသဲကြည် လည်ပင်းတွင် ဆွဲခိုင်းလိုက်သည်။ စုန်း၊ နတ်၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသည့် အမှောင့်ပယောဂများ မကပ်ငြိစေနိုင်သော နှောင့်ယှက်ဖမ်းစားခြင်းမပြုနိုင်သော အစီအရင်ဖြစ်သည်။

အတန်ကြာသောအခါ မြသဲကြည်သည် သတိပြန်ရလာပြီး တစ်ကိုယ်လုံး တုန်ယင်နေရာမှလည်း ရပ်သွားသည်။ ဟိုကြည့် သည်ကြည့်နှင့် အိပ်မက်မက်နေသလို အိပ်မက်မှ လန့်နိုးလာသလို ဝေဝေဝါးဝါး ပိုးတဝါးဖြစ်နေသည်။ မိဘများကလည်း တစ်လတိတိ စကားမပြောဘဲ ငေးငိုင် မှိုင်တွေနေသော သမီးလေး ပြန်လည်ကောင်းမွန်လာသောကြောင့် ဝမ်းသာအားရဖြစ်လျက် မျက်ရည်များ စီးကျလာသည်။

'သမီး မြသဲကြည်'

'အမေ'

မိခင်ဖြစ်သူအား ဝမ်းထဲ၌ လှိုက်လှိုက်လှဲပုံ ထွက်ပေါ်လာသည့်အသံနှင့် ခေါ်လိုက်သည်။ မြသဲကြည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး စီရင်ပေးသော လိပ်ပြာချုပ်ဆွဲပြီးနောက် ယခင်ကကဲ့သို့ ပြုံးရွှင်ရယ်မောကာ အကောင်းပကတိ ပြန်ဖြစ်သွားသည်။

သိန်းလွင်လည်း ဇနီးဖြစ်သူ ပြန်လည်ကောင်းမွန်လာသောကြောင့် ပျော်ရွှင်ဝမ်းမြောက်သွားသည်။

'ကဲ… ကဲ… ဘာမှစိုးရိမ်စရာမရှိတော့ဘူး၊ ရတနာသုံးပါးနဲ့ ဆရာသမားတွေကို မမေ့ကြနဲ့၊ သီလကို လုံအောင် ထိန်းကြ၊

ကုသိုလ်ကောင်းမှုတွေ ပြုကြ၊ ဒါမှ သံသရာက လွတ်မြောက်နိုင်မယ်'

ဆရာတော်ကြီး ကျောင်းမှ ပြန်လာကြသည်။ ရွာထဲသို့ ဝင်ကာနီးတွင် ရွာထိပ်တွင်ရှိသော ကုက္ကိုပင်ကြီးအပေါ်မှ ဝုန်းခနဲ ကျလာသောအသံကြောင့် အထိတ်တလန့်ဖြစ်သွားကြပြန်သည်။

သေချာကြည့်လိုက်သောအခါ ကြီးမားသော ကုက္ကိုကိုင်းချောင်းကြီးများ ကျိုးကျသွားခြင်းဖြစ်သည်ကို မြင်တွေ့လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝလောကက

တစ္ဆေသရဲတွေ၊ ပြိတ္တာတွေ စတဲ့

အသူရကာယ်ဘုံသားတွေဟာ

နေရာလုမှုပြဿနာ အမြဲဖြစ်တယ်။

ဒီကောင်တွေကို နေရာသတ်မှတ် ခွဲခြားပြီး

ဖြေရှင်းပေးနေရတာက ကိုးမြို့ရှင်ဘိုးဘိုးကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၅)

မုန့်တိုင်း ဒီတစ်ခါ လွင့်ပျံထွက်ပြေးခဲ့ရတာကတော့ အသည်းနာစရာကောင်းပါတယ်။

သိတယ်မဟုတ်လား။

စိန်မုန့်တိုင်း မင်္ဂလာဆိုင်းအဖွဲ့ကြီးက ပတ်မတီး ခေါင်းဆောင် စိန်မုန့်တိုင်း၊ သရဲတောရွာသား မုန့်တိုင်း မြသဲကြည်ကို စွဲစွဲလမ်းလမ်းချစ်နေရတဲ့ မုန့်တိုင်း ခုတော့လည်း အသူရကာယ်ဘုံသား သရဲဘဝရောက်နေတဲ့ မုန့်တိုင်း ပေါ့။

သေခါနီးမှာ အကုသိုလ်ကံက ဦးဆောင်ပြီး အစွဲ အလမ်းတွေပွား မရဏာသန္ဓေဆိုက်ပြီး ရွာထိပ်ကုက္ကိုပင်ကြီး မှာ သရဲဖြစ်ခဲ့သူပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ သေလို့ရှိရင် ဥပပတ္တိ ပဋိသန္ဓေနဲ့ နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝတွေ ရောက်ကြပါတယ်။

ကျုပ်ကတော့ ဓားပြလူဆိုးတွေရဲ့ ဝိုင်းဝန်း တိုက်ခိုက်မျက်နှာကို ဓားနဲ့ခုတ်ခံရပြီး သွေးသံရဲရဲ အသေဆိုးနဲ့ သေခဲ့ရသူမဟုတ်လား။

မြသဲကြည်ကို စွဲစွဲလမ်းလမ်း ချစ်နေရတဲ့ သရဲကြီး။ အဲဒီစိတ်နဲ့ပဲ ကျုပ် သေခဲ့ရတယ်။

ဒီတော့ မကျွတ်မလွတ်တဲ့ သရဲတစ်ကောင်ပေါ့။ သီတင်းကျွတ်လပြည့်နေ့က မြသဲကြည်နဲ့ အဖော်မိန်းကလေးတွေ ရွာဦးကျောင်းက ပြန်လာတာကို ကျုပ် မြင်လိုက်တယ်။

ဥပုသ်နေ့မို့လို့ ရွာဦးကျောင်းမှာ သီလယူတဲ့သူတွေကို မုန့်ပဲသရေစာတွေ ကျွေးမွေးပြီး အလှူအတန်းလုပ်ကြတာ ထင်ပါရဲ့။

တဖြည်းဖြည်းနဲ့ ကျုပ်ပိုင်နက် အရိပ်အာဝါသထဲ ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ ကိုးဖလားနဲ့ ကိုးဓားပိုင်တဲ့ ကိုးမြို့ဘိုးဘိုးကြီးက ဒီနေ့ မရှိဘူး။

အနောက်က ကွင်းပိုင်ကြီး လာခေါ်တာနဲ့ တစ်နေရာ ထွက်သွားကြတာ တွေ့တယ်။

ကိုးမြို့ဘိုးဘိုးကြီး မရှိခိုက်မှာ ကျုပ် လုပ်ချင်ရာ လုပ်လို့ရနေတယ်လေ။

ကျုပ် ကြောက်ရမယ့်သူ မရှိဘူးလို့ ပြောတာပါ။

နို့မို့ဆိုရင်တော့ ဘယ်ရပါ့မလဲ။

ကျုပ်က ကိုးမြို့ ဘိုးဘိုးကြီးကို ကြောက်နေရတာ။

ဒီနယ်တစ်ရိုးမှာရှိတဲ့ နာနာ ဘာဝလောကကို သူက အုပ်ချုပ်နေတာကိုး။

နာနာဘာဝတွေရဲ့ အရှင်သခင် မဟုတ်လား။

ကျုပ်တို့ နာနာဘာဝလောကက တစ္ဆေသရဲတွေ၊ ပြိတ္တာတွေ စတဲ့ အသူရကာယ်ဘုံသားတွေဟာ နေရာလုမှု ပြဿနာ အမြဲဖြစ်တယ်။

ဒီကောင်တွေကို နေရာသတ်မှတ် ခွဲခြားပြီး ဖြေရှင်း ပေးနေရတာက ကိုးမြို့အရှင် ဘိုးဘိုးကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သိပ်များတာပေါ့။

ကိုးမြို့ဘိုးဘိုးကြီးဟာ သူ့အရိပ် အာဝါသမှာ ကောင်းကောင်းနေရတယ်လို့ မရှိပါဘူး။

ကျုပ်ဘဝကလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံထဲမှာ ကျင်လည်နေကြရတာလေ။

အပါယ်လေးဘုံသားဆိုတာက အဆင်းရဲဆုံးဘုံပေါ့။

ကျုပ်က အဆင့်နိမ့်ပါတယ်။

ဒါပေမဲ့ ကမ္မဇိဒ္ဓိတန်ခိုးကတော့ ရှိပါတယ်။

မြသဲကြည်လေးကို မြင်တွေ့လိုက်ရတယ်ဆိုရင်ပဲ ဟိုတုန်းကအတိုင်းပဲ လှတုန်းပတုန်း ချောမောယဉ်ကျေးတုန်းပဲ။

သိန်းလွင်နဲ့ အိမ်ထောင်ကျသွားပြီး အိမ်ထောင်သည်ဘဝ ရောက်သွားတယ်သာဆိုတယ်။

အလှတွေ လျော့မသွားသေးဘူး။

မြသဲကြည် မျက်နှာဝိုင်းဝိုင်းလေး မြင်လိုက်ရတော့ သရဲလည်း ရင်ခုန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မြသဲကြည်ကို စချင် နောက်ချင်လာတယ်။

စရင်း နောက်ရင်းကနေ မြသဲကြည် အိမ်အထိလိုက်သွားပြီး မြသဲကြည် အနားမှာ မြသဲကြည် အလှအပတွေကို နီးနီးကပ်ကပ် တစိမ့်စိမ့်ကြည့်နေရရင် ကောင်းမှာပဲလို့ တွေးမိတယ်။

ဒါနဲ့ ကျုပ်လည်း မြသဲကြည် လန့်သွားအောင် ကျောကုန်းကို ရေနဲ့ပက်လိုက်တာပေါ့။ ဒီရေက ရိုးရိုးရေမဟုတ်ဘူး။

မြသဲကြည် ခန္ဓာကိုယ်ထဲကို ကမ္ဘာ့ဇိဒ္ဒိတန်ခိုးပါဝါတွေနဲ့ ရောက်သွားတာပေါ့။

ကျုပ်ရဲ့တန်ခိုးပါဝါတွေကို လူသားဖြစ်တဲ့ မြသဲကြည်လေး ဘယ်ခံနိုင်မလဲ။

အဲဒီမှာ အိပ်မပျော် စားမဝင် တမှိုင်မှိုင် တတွေတွေနဲ့ နေမကောင်းဖြစ်ရော။

ဒီတုန်းက ကျုပ်က ပျော်နေတာပဲလေ။

ဘာကြောင့်လဲ သိလား။

www.burmeseclassic.com

www.burmeseclassic.com



မြသဲကြည်လေးအနားမှာ ပူးပူးကပ်ကပ် နေခွင့်ရနေတာကိုး။

အခွင့်မရှိတဲ့ ဆရာတွေ လာကုကြပေမယ့် ကျုပ်ကို မနိုင်ပါဘူး။

သင်းတို့ပဲ အရှက်တကွဲ အကျိုးနည်းပြီး ပြန်ပြေးကုန်ကြတာပဲ မဟုတ်လား။

တစ်လလောက်ကြာတော့ မြသဲကြည်ကို ရွာဦးကျောင်း ဆရာတော်ဆီ ခေါ်သွားကြတယ်။

ဆရာတော်ဆိုတာက ကျုပ် ငယ်ငယ်လေးကတည်းက လူသားဘဝကတည်းက ကြောက်ရတာ မဟုတ်လား။

ခုလို သရဲဖြစ်နေတော့ နေစရာမရှိအောင်ကို ကြောက်ရတာပေါ့။

တစ်ကိုယ်လုံး တုန်ယင်နေတာပဲ။

ဆရာတော်ကို ကျုပ် မကြည့်ရဲဘူး။

ဆရာတော်ရှေ့ ရောက်တာနဲ့ ကျုပ်တစ်ကိုယ်လုံး မီးတွေလောင်နေသလို ခြစ်ခြစ်တောက် ပူလောင်တဲ့ဝေဒနာတွေ ခံစားရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ကျုပ်ကို နှင်ထုတ်လိုက်တယ်လေ။ ကျုပ် မြတ်နိုးစွဲလမ်းရတဲ့ မြသဲကြည်လေးကို ဒီတစ်ခါတော့ ဘယ်တော့မှ အနားမကပ်နိုင်အောင် အဝေးကြီး ဝေးခဲ့ရပါတယ်။

ဆရာတော် စီရင်ပေးတဲ့ လိပ်ပြာချုပ်ကလေးကို မြသဲကြည်ရဲ့ လည်တိုင်ဖြူဖြူရွရွလေးပေါ်မှာ ဆွဲထားသမျှ ကျုပ် အနားကပ်လို့ မရတော့ဘူး။

အဲဒီနေ့က ကျွမ်းပြန်ပြီး ကုက္ကိုပင်ကြီးရဲ့ ပင်စည်နားမှာ ဦးခေါက်ထိုးကျ တိုက်မိပြီး ကျုပ် အလဲလဲအကွဲကွဲ ခံခဲ့ရတာပေါ့။

ဒဏ်ရာတွေ သက်သာသွားလို့ ကျုပ် ထကြည့်လိုက်တော့ ကိုးမြို့ရှင်ဘိုးဘိုးကြီး ပြန်ရောက်နေပြီ။

သူမရှိတုန်း ကျုပ် အလစ်ထွက်သွားတာကို မကျေမနပ်နဲ့ ကြည့်တယ်။

ဆရာတော်ကြီး ဆုံးမလိုက်တာ နည်းတောင် နည်းသေးတယ်လို့ ပြောတယ်။

ကျုပ်အပေါ်ကို ကြာရှည်စွာ အပြစ်တင်ကြိမ်းမောင်းလို့ မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် နှာခေါင်းထဲမှာ ကြက်သားကြော်နံ့တွေ သင်းပျံ့လာတယ်။

လူသံသူသံတွေကလည်း အုန်းအုန်းလန် ဆူညံနေတယ်။

ကျုပ်လည်း ကုက္ကိုပင်ကြီးပေါ်က ခုန်ဆင်းလိုက်တယ်။

ကျုပ်ကို မြင်လိုက်တဲ့ ခွေးတွေကလည်း သံရှည်ဆွဲပြီး အူလိုက်တာမှ ဆူညံသွားရော။

အမယ်… ကုက္ကိုပင်ကြီးအောက်မှာ လူတွေကလည်း တဝုန်းဝုန်း၊ ဆိုင်းသံတွေကလည်း တအုန်းအုန်း။

နတ်ကတော် မျိုးသူဇာတို့အဖွဲ့ နတ်ကဖို့ ရောက်လာကြပါရောလား။ ဒါကြောင့် ကိုးမြို့ရှင် ဘိုးဘိုးကြီးက ကျုပ်ကို ပြစ်တင်ကြိမ်းမောင်းခြင်းမပြုတော့ဘဲ ပြုံးနေတာကိုး။

ကျုပ်တို့လည်း အငတ်ငတ် အပြတ်ပြတ်နေရတဲ့ ဘဝကနေ စားပွဲသောက်ပွဲကြီးနဲ့ တွေ့ရတော့မှာ မဟုတ်လား။

ဆိုင်းသံတွေကြားရတော့ နဂိုရင်းစွဲရှိ ကျုပ် ဝါသနာပိုးက ထကြွသောင်းကျန်းလာတယ်။ ဘယ်လိုမှ နေလို့ရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုင်းတီးတဲ့ ကောင်တွေဟာ အတော်ချာတာပဲ။

ဒီကောင်တွေ ဘာပညာမှ တတ်တာလည်း မဟုတ်။ မျိုးသူဇာက နတ်သဘင်မှာ စားပေါက်ချောင်လို့ လိုက်တီးတာ မဟုတ်လား။

ခုပဲကြည့်လေ။ ဘယ်လောက်တောင် သောက်ထားကြတယ် မသိဘူး။ ဒီကောင်တစ်ကိုယ်လုံးလည်း အရက်စော်ကို နံဟောင်ဟိန်းလို့။

ဆိုင်းတီးနေတာကလည်း အရက်သွေး တကြွကြွနဲ့ တော်တော်လေး မူးနေပုံရတယ်။

နတ်ကတော် မျိုးသူဇာ ခေါင်းပေါ်မှာ ကျွဲခေါင်းပုံသဏ္ဍာန် ခေါင်းစွပ်ကိုဆောင်းတာ ကျုပ် မြင်နေရတယ်။ သူ့ဘေးက နတ်ကတော်ကတော့ ကိုအောင်နိုင်ပေါ့။ တောအရပ်ဒေသတွေမှာ လယ်သမား ကိုင်းသမားတွေ၊ နွားမွေး ကျွဲမွေးတဲ့သူတွေ လှည်းနဲ့ နွားနဲ့ အသက်မွေးတဲ့ လှည်းသမားတွေ ကိုအောင်နိုင် နတ်ကို ယုံကြည်ကိုးကွယ်ကြတာ ကျုပ်သိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲနွားများ နာမကျန်းဖြစ်ရင် နွားတင်းကုပ်ကို (၇)ပတ် လှည့်ပြီး ကနေဟန် နတ်ဝင်နေကြတယ်။

*'ပုဆိုးရယ် စွန်တောင် ××× စွန်တောင် ××× ဘယ် ပေါင်က နှိမ့်နှင်း နှိမ့်နှင်း ××× နတ်အောင်နိုင် ဘယ်အခင်းကြောင့် လာရ ချက်ချင်း ××× ပုဆိုး ရယ် ××× စွန်တောင် စွန်တောင် ××× ဘယ်ပေါင် က နှိမ့်နှင်း နှိမ့်နှင်း ××× နွားကျွဲနာကို ပျောက် အောင်ကုရင်း ××× လာရတယ်မင်း'*

ဆိုင်းပိုင်းထဲက မြွေကို မပီတပီ (၇)ခါမှုတ်ရမှာ ဖြစ်တယ်။

အတိုင်အဖောက်ကလည်း (၇)ကြိမ်လုပ်ရမှာ။ ဒါကို တီးတဲ့ကောင်တွေက အထာမကျဘူး။

ကျုပ်လည်း မူးနေတဲ့ ဆိုင်းဆရာအနားရောက်အောင် တိုးဝင်လိုက်ပြီး အားပါးတရ ကျကျနနကြီး ဆိုင်းတီးပစ် လိုက်တာပေါ့။

□

www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုပင်ကြီးရဲ့ ဟိုဘက်မှာ

စားကျက်တောရှိတယ်။ အကျယ်ကြီးပဲ။

သင်္ချိုင်းတောနဲ့လည်း တစ်ဆက်တည်း။

ဇာတ်ရုံအတွက်ရော၊ ပွဲဈေးတန်းရော၊

လှည်းဝိုင်းရော လုပ်လို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

လရောင်နှင့် ဈေးဆိုင်တန်းမီးရောင်များကြောင့် လင်းလင်းထင်းထင်း ရှိနေသည်။ သရဲတောရှာ ကုက္ကိုပင်ကြီးအောက်တွင် မျိုးသူဇာတို့ နတ်အဖွဲ့အား ပရိသတ်များ ကြိတ်ကြိတ်တိုးလျက် ကြည့်ရှုနေကြသည်။ မျိုးသူဇာတို့အဖွဲ့က အရှိန်ရနေသလို ကိုမိုးတို့အဖွဲ့ကလည်း အကြော်ဆိုင်တွင် ဝိုင်းဖွဲ့သောက်စားကြရင်း ရေချိန်ကိုက်နေကြသည်။

'ဒေါ်ကြီးမ အကြော် နောက်ထပ်နှစ်ပွဲ၊ အရက်တစ်လုံး ထပ်ပေးဦး'

အရက်ဝိုင်းတွင် အမြည်းအဖြစ် အကြော်ကုန်သွားသောကြောင့် သိန်းလွင်က ထပ်မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ တစ်ခုစဉ်းစားမိတယ် သိန်းလွင်'

'ဘာလဲ ကိုကြီးမိုး'

'ဒီလိုကွာ… တို့ သရဲတောရွာမှာက ကိုးမြို့ရှင် နတ်ကွန်းကို သုံးနှစ်တစ်ကြိမ် ပွဲပေးကရတဲ့ မျိုးသူဓာ တို့လို နတ်သဘင်ကိုလာကြည့်တဲ့ လူတွေကလည်း နည်းတာမဟုတ်ဘူး၊ တခြားရွာတွေကပါ ရောက် လာကြတယ်။ ငါတို့ မြို့တက် စပါးရောင်းတုန်းက ကြည့်ခဲ့တဲ့ ပန်တျာကြည်ဖြူတို့ ဇာတ်အဖွဲ့ကို ရွာမှာ သွင်းလိုက်ရင် နိပ်မယ်ကွ၊ ဘာမှမဟုတ်တဲ့ နတ်ပွဲ တောင် တခြားရွာက လူတွေ လာကြည့်ကြတာ၊ ဇာတ်ပွဲသာဆိုရင် ဘယ်လိုလဲ'

'ဇာတ်ကြေးက နည်းမှာမဟုတ်ဘူး'

'မနည်းပေမယ့် ငါတို့လို ဝါသနာပါတဲ့ကောင်တွေ လေး၊ ငါးယောက်စုလိုက်ရင် ရပါတယ်။ ဒီရွာက လူတွေက ပွဲငတ်နေတာ ကြာပြီ၊ လယ်ပြီးချိန် ငွေရှင် နေတော့ ဇာတ်ပွဲသာသွင်းလိုက်ရင် ကျော့ယူသလို ရမှာ၊ ကျိန်းသေပေါက် မြတ်မှာကွ'

www.burmeseclassic.com

www.burmeseclassic.com



'ပန်တျာကြည်ဖြူဇာတ် သွင်းချင်တာ၊ ကိုကြီးမိုးက ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးကို စွဲလမ်းနေတာမဟုတ်လား၊ မပြောမရှိနဲ့နော်၊ ကျွန်တော် သိပါတယ်'

'မင်းကတော့ လုပ်ပြီ'

မောင်မိုး မျက်နှာကြီးက စပ်ဖြီးဖြီးနှင့် သဘောကျသွားသည်။

'ဟုတ်တယ်… ကိုကြီးမိုးပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော်လည်း သဘောတူတယ်၊ ဇာတ်ပွဲသာ သွင်းလို့ကတော့ ကျွန်တော်တို့ ကျိန်းသေပေါက် မြတ်လောက်ပါတယ်'

သိန်းလွင် ဘေးနားတွင် ထိုင်နေသော ခင်ဦးကပါ အရက်ခွက်ကို မော့သောက်လိုက်ပြီး ပြောလိုက်သည်။

'ရွာမှာက ရုံရှိတာ မဟုတ်ဘူး၊ ဇာတ်ပွဲသွင်းတော့ ဘယ်နေရာမှာသွင်းပြီး ကမှာလဲ'

'တခြားမှာ ကစရာမလိုပါဘူး၊ ဟောဟိုမှာ တွေ့တယ်မဟုတ်လား၊ ကုက္ကိုပင်ကြီးရဲ့ ဟိုဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



စားကျက်တောရှိတယ်၊ အကျယ်ကြီးပဲ၊ သချိုင်းတော

နဲ့လည်း တစ်ဆက်တည်း ဓာတ်ရုံအတွက်ရော ပွဲဈေး

တန်းရော လှည်းစိုင်းရော လုပ်လို့ရတယ်'

'ဒီအကြံ ကောင်းတယ်၊ လုပ်ဗျာ ကိုကြီးမိုး'

'နေဦးကွ… ပန်တျာကြည်ဖြူဓာတ်က ပွဲခွင်ဆက်နေ

ရင်တော့ ရမှာမဟုတ်ဘူးထင်တယ်'

'ပွဲခွင်ရက် ဝေးသေးတယ်လို့ ပြောသံကြားတယ်၊

မြို့မှာကပြီး နားဦးမှာ၊ အဆင်ပြေလောက်ပါတယ်'

'ဒါဆို ကိုကြီးမိုး နက်ဖြန် မြို့တက်ဗျာ၊ ပန်တျာ

ကြည်ဖြူဓာတ်ကို ကန်ထရိုက်လက်ထဲကနေ မရရ

အောင် ဆွဲခဲ့ပေတော့၊ ရပြီဆိုတာနဲ့ ရွာကလူငယ်တွေ

စုခေါ်ပြီး ဓာတ်စင်ဆောက်တာ ရုံထိုးတာ ဘာမှ

မကြာဘူး။ ကျွန်တော်တို့ သရဲတောရွာမှာက ဝါးတွေ

ပေါမှပေါ၊ ဘယ်သူ့ဝါးရုံခုတ်ခုတ် ရတာပဲ၊ ဓာတ်စင်

အတွက်လည်း သစ်ဆွဲတဲ့နေရာက သစ်တွေ ခေတ္တ

ငှားသုံးရင် အဆင်ပြေသွားမှာပါ'

'ဒေါင်းမလေးနဲ့ ငါက ရေစက်ရှိတယ်ကွ၊ ဖူးစာရေး

www.burmeseclassic.com

www.burmeseclassic.com



နတ်က ငါတို့နှစ်ယောက်ကို ဖူးစာဖက်ဖို့ ဖန်တီးပေးလိုက်တာပဲ'

'ကိုကြီးမိုး အစွမ်းအစကို ကြည့်ရမှာ၊ ဒေါင်းမလေးကို ဇာတ်ထဲမထည့်တော့ဘဲ သရဲတောမှာ အပြီးသာ ခေါ်ထား လိုက်ပေတော့၊ ဟား… ဟား…'

ပန်တျာကြည်ဖြူ ဇာတ်အဖွဲ့အား ငှားရမ်းပြီး သရဲတောတွင် ကကြရန် စီစဉ်ကြသည်။ ဘာပဲဖြစ်ဖြစ် မောင်မိုးတစ်ယောက် ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးနှင့် ပြန်လည်တွေ့ကြရဦးမည်ဖြစ်၍ အတိုင်းမသိ ပျော်ရွှင်တက်ကြွနေမိတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုပင်ကြီးမှာ သရဲကြီးတစ်ကောင်ရှိတယ်။
အရမ်းခြောက်သိုပဲ။ သရဲကြီးက ထူးဆန်းတယ်။
ဆိုင်းဆရာသေလို့ ရွာကိုစွဲလမ်းပြီး
သရဲဖြစ်သွားတယ်လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

မောင်မိုးတို့ လှုငယ်အဖွဲ့ မြို့ပေါ်တက်ပြီး ပန်တျာကြည်ဖြူ စာတ်ကိုငှားရာ အဆင်ပြေသွားသည်။ ဇာတ်က ဇာတ်ကြီး မဟုတ်။

လူအင်အား ငါးဆယ်၊ ခြောက်ဆယ်လောက်သာ ပါသော ဇာတ်လတ်ဖြစ်သည်။

မြို့မှာ ကကြပြီး တခြားနယ်သို့ ပွဲမကူးမီ ၁၅ ရက်ခန့် နားနေချိန်နှင့်တိုးနေ၍ မောင်မိုးတို့အဖွဲ့ အဆင်ပြေသွားသည်။

ခုဆိုရင် သရဲတောရွာတွင် ပန်တျာကြည်ဖြူဇာတ်အဖွဲ့ကြီး ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာက အကူခေါ်သည့် လှည်းများနှင့် တိုက်လာသောကြောင့် ဓာတ်ပစ္စည်းများ အဖွဲ့သားများ စုံညီစွာ ရောက်ရှိလာသည်။

ပန်တျာကြည်ဖြူ ဓာတ်အဖွဲ့တွင်…

လူရွှင်တော်

လူကြမ်း

ယိမ်းသမ

အခမ်းအနား ပြင်ဆင်ရေး အဖွဲ့

မီးအဖွဲ့

ပစ္စည်းအတင်အချ

ကားဆွဲကားချ အလုပ်ကြမ်းသမားများ

မင်းသား မင်းသမီး

မင်းသားကြီး

စသဖြင့် သရုပ်ဆောင် လူအင်အား ၅၀ ကျော်ရှိသည့် ဓာတ်လတ်အဖွဲ့ဖြစ်သည်။

ကြော်ငြာရက် သိပ်မရပေမယ့် တောရွာဖြစ်သည့် အလျောက် တစ်ယောက်စကား တစ်ယောက်နားကြားရင်း ရွာပေါင်းစုံသို့ သတင်းပျံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကလည်း ဝေါ်နေချိန် လယ်ယာလုပ်ငန်းတွေ ခေတ္တနားနေချိန် ပန်တျာကြည်ဖြူစေတ်အား အားပါးတရ အားပေးကြမည်ဟု အားခဲထားကြသည်။

ရွာထိပ်ရှိ ကုက္ကိုပင်ကြီးအနီးတွင် စားကျက်မြေသချိုင်းကုန်းတောတွင် ယာယီစေတ်ရုံကြီး ထိုးထားသည်။

သချိုင်းတောဆိုသော်လည်း အုတ်ဂူတွေ၊ ကမ္ပည်းမှတ်တိုင်တွေ မရှိ။

ရွာမှလူများသေလျှင် သချိုင်းတောမှာ မြှုပ်နှံကြသည်။

ပဲခင်း

နှမ်းခင်း

ပြောင်း

နေကြာ

ဆောင်းသီးနှံ စိုက်လေ့ရှိသည်။

သချိုင်းမြေဟု ထင်မှတ်စရာမရှိအောင် သီးနှံခင်းများက စိမ်းလန်းစွာ ဖြန့်ကြက်လွှမ်းမိုးထားသည်။

စေတ်စင်နောက်ဘက်တွင် စေတ်အဖွဲ့သားများ အလုပ်ရှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရွာနာမည်ကလည်း အဆန်းပဲ၊ သရဲတောရွာတဲ့၊ ငါတော့ ဒီရွာမှာ ဇာတ်ကရမှာ ခပ်လန့်လန့်ပဲ၊ သရဲတွေ တစ္ဆေတွေ အရမ်းပေါများပြီး ခြောက်လည်း ခြောက်တယ်တဲ့'

အငြိမ့်သမလေး သဇင်နွယ်က ပခုံးလေးတွန့်ပြီး ကြောက်ရွံ့ထိတ်လန့်ဟန်နှင့် ပြောလိုက်သည်။

'ဟုတ်တယ်၊ သရဲတွေ တစ္ဆေတွေက အဓေးကြီး မဟုတ်ဘူး၊ ငါတို့ ဇာတ်စင်နားမှာကို ရှိတာ၊ ကြည့်လေ… ဇာတ်ရုံထိုးထားတာက ရွာအဝင်ကုက္ကိုပင်ကြီးရှေ့မှာ'

လူရွှင်တော်ကြီး ဦးကွာစိကပါ ဝင်ပြောလိုက်သည်။

'ကုက္ကိုပင်ကြီးက ဘာဖြစ်လို့လဲ ဦးကွာစိ'

ဗလကောင်းကောင်း၊ မျက်နှာပေါက်ဆိုးဆိုး၊ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်နှုတ်ခမ်းမွေးများနှင့် ရုပ်ရည်ကြမ်းတမ်းသော လူကြမ်းမင်းသား ကျောက်တစ်လုံးကပါ ဝင်မေးလိုက်သည်။

လူကြမ်းမင်းသား ကျောက်တစ်လုံးမှာ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် ချို့ယွင်းသောကြောင့် ကျောက်မျက်လုံး အစားထိုးထည့်ထား သူဖြစ်သည်။

ထို့ကြောင့်လည်း သူ့ကို ကျောက်တစ်လုံးဟု ခေါ်ကြသည်။

'မင်းတွေ့ဖူးတဲ့ ကုက္ကိုပင်ကြီးတွေထဲမှာ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးကို တွေ့ဖူးလား'

'ဟုတ်တော့လည်း ဟုတ်တယ် ဦးကျွာစိ၊ ကျွန်တော်တို့ ရပ်တကာ ရွာတကာလှည့်ပြီး ဇာတ်ကလာကြတာ နေရာပေါင်းစုံ ရောက်ဖူးပါတယ်၊ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးမျိုး တစ်ခါမှမတွေ့ဖူးဘူး'

'အေး... အဲဒီ ကုက္ကိုပင်ကြီးက ရွာရဲ့ အဓိကရကုက္ကိုပင်ကြီးပဲ၊ ကိုးမြို့ရှင်နတ်ကွန်းလည်း ရှိတယ်၊ သိပ်မကြာသေးဘူး၊ နတ်ပွဲတောင်ဆေးခဲ့သေးတယ်လို့ ဇာတ်လာငှားတဲ့ မောင်မိုးတို့က ပြောတယ်၊ ကုက္ကိုပင်ကြီးမှာ သရဲကြီးတစ်ကောင် ရှိတယ်၊ အရမ်းခြောက်ဆိုပဲ၊

သရဲကြီးက ထူးဆန်းတယ်၊ ဆိုင်းဆရာ သေလို့ ရွာကိုစွဲလမ်းပြီး သရဲဖြစ်သွားတယ်လို့ ပြောတယ်၊ မင်း မယုံရင် ပတ်မတီးဆရာ မိန့်လက်ပွားကို မေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ သူနဲ့သိတဲ့ စိန်မှန်တိုင်းဟာ သရဲတောရွာသားပဲ၊

ရွာကိုပြန်လာတုန်း ဓားပြတွေ သတ်လို့သေပြီး ကုက္ကိုပင်ကြီးမှာ သရဲဖြစ်နေတယ် ပြောကယ်'

'ကျုပ်က လူကြမ်းမင်းသားသာ လုပ်နေရပေမယ့် တစ္ဆေသရဲတော့ ကြောက်တယ်ဗျာ'

ထိုအချိန်မှာပင် ဇာတ်ရုံနောက်ဘက်ဆီမှ ထမင်းချက်ဒေါ်တုတ်၏ စူးစူးဝါးဝါး အလန့်တကြား အော်ဟစ်သံကို ကြားလိုက်ရသည်။

'အမလေး··· လာကြပါဦး၊ ကုန်ပါပြီတော်၊ ကုန်ပါပြီ'

အသံကြားရာဆီသို့ လူရွှင်တော်ကြီး ဦးကွာစိ၊ လူကြမ်းမင်းသား ကျောက်တစ်လုံး၊ ယိမ်းသမလေး သဇင်နွယ်နှင့် ဇာတ်အဖွဲ့သားများသည် အပြေးအလွှား ရောက်ရှိလာကြသည်။

'ဘာဖြစ်လို့လဲ ဒေါ်တုတ်'

'ဟင်းချက်မလို့ လုပ်နေတုန်း ဝက်သားတွဲတွေ ခွေးနက်ကြီးတစ်ကောင် ချီသွားတယ်၊ ခွေးကြီးက နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ကုက္ကိုပင်ကြီးဘက်ဆီ ပြေးသွားတယ်'

'အဲဒါ ခွေးဟုတ်ချင်ဟုတ်မှာ၊ သရဲကြီးက ခွေး ယောင်ဆောင်ပြီး လာဆွဲသွားတာဖြစ်ရမယ်'

'ဘယ်က သရဲလဲ ဦးကွာစိ'

ထမင်းချက် ဒေါ်တုတ်က မေးလိုက်သည်။

'ဒေါ်တုတ် မသိသေးဘူး ထင်တယ်၊ ကုက္ကိုပင်ကြီး မှာ ခြောက်တဲ့သရဲကြီး ရှိတယ်'

'ဒုက္ခပါပဲဟယ်၊ ညရေးညတာ အပြင်ထွက်ဖို့တောင် မလွယ်တော့ဘူး၊ ဒီရွာနာမည်ကလည်း ကြားကြား ဖူးပေါင်တော်၊ သရဲတောတဲ့၊ ကျွန်မတော့ မြန်မြန် ဓာတ်ကပြီး မြန်မြန် ပြန်ချင်လှပြီ'

'ပြန်လို့ ဘယ်ဖြစ်မလဲ ဒေါ်တုတ်ရ၊ ပွဲခွင်က ချိတ် ပြီးပြီပဲ၊ နက်ဖြန်ညပဲ စ,ကရတော့မှာ'

ထိုစဉ်မှာပင် ဓာတ်စင်ပေါ်မှ တဝုန်းဝုန်းပြိုကျသံများ ကို ကြားလိုက်ရပြန်သည်။

'သရဲကလည်း ညတောင်မရောက်သေးဘူး၊ ခြောက် ပြီထင်တယ်'

'မဟုတ်ပါဘူးကွာ၊ ကားဆွဲကောင်လေးတွေ နောက်

www.burmeseclassic.com



ခံကားတွေဆွဲရင်း ဝါးလုံးတန်းတွေ ပြုတ်ကျတာ ဖြစ်မှာပါ၊

ငါ သွားကြည့်လိုက်ဦးမယ်’

အခမ်းအနားဘက်တွင် တာဝန်ရှိသော ဇာတ်အဖွဲ့သားများသည် နောက်ခံရှုခင်းကား နန်းကား မြို့ရိုး စသည့် ကားလိပ်များအား အတင်အချ အဖွင့်အပိတ်အတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။

ဦးကွာစိ လူကြမ်းမင်းသား ကျောက်တစ်လုံးတို့သည် ဇာတ်စင်ဘက်သို့ လျှောက်သွားကြသည်။

ထမင်းချက် ဒေါ်တုတ် ယိမ်းသမလေး အများစုမှာ မျက်လုံးအပြူးသား ဇက်ကလေးများပုပြီး တစ်ယောက်နား တစ်ယောက် တိုးကပ်ကာ ထိတ်လန့်ကြောက်ရွံ့နေကြပေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

ဘဝချင်း မတူတော့ပေမယ့်

ဘယ်ဘဝပဲရောက်ရောက် ဒီကောင်အပေါ်

ကျုပ် အခဲမကျေနိုင်ဘူး။

ပြန်ပြီး လက်စားချေရမှ ဖြစ်မှာ။

ဒီနေ့ညအဖို့တော့ . . .

www.burmeseclassic.com

www.burmeseclassic.com

(၈)

တိတ်ဆိတ်ခြောက်သွေ့နေတဲ့ ကျုပ်တို့နေရာလေးမှာ ဒီကနေ့ည အတော်လေးကို စည်ကားနေပါလား။

ရေနံမီးခွက်လေးတွေ မှိန်တုတ်မှိန်တုတ်နဲ့ ပွဲဈေးတန်းကလည်း အရှည်ကြီး။

ဓာတ်စင်ကြီးကလည်း အောက်လင်းမီးတွေ တထိန်ထိန်။

တခြားရွာက ပွဲကြည့်ရအောင် ရောက်လာကြတဲ့ လူည်းဝိုင်းတွေကလည်း သချိုင်းကုန်းတောနဲ့ စားကျက်ကွင်းမှာပြည့်လို့။

ပန်တျာကြည်ဖြူဇာတ်ရဲ့ ပထမည ကပြတဲ့ည ဆိုတော့ ပွဲကြည့်ပရိသတ်တွေ ကြိတ်ကြိတ်တိုးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ရုတ်သဲသဲ သွားလာနေကြတဲ့ ပွဲကြည့်ပရိသတ်တွေကြည့်ပြီး ဘာမဆိုင် ညာမဆိုင် ကျုပ်တောင် ပျော်လာတယ်။

ပျော်ရွှင်မြူးထူးနေတယ်ဆိုတာထက် ကျုပ်စိတ်ထဲမှာ ကျေနပ်အားရမိတာရှိသေးတယ်။

ဘာပြုလို့လဲဆိုတော့ ကျုပ်ဘဝကို ဒုက္ခရောက်အောင် ပို့ပေးလိုက်တဲ့ စိန်လက်ပွားဟာ ဒီ ပန်တျာကြည်ဖြူဇာတ်ထဲမှာ ပါလာတာကိုး။

နှစ်တွေက လည်း ကြာ။

ဒီကောင်က မေ့လောက်ပြီထင်ပေမယ့် ကျုပ် ဘယ်မေ့ပါ့မလဲ။

ဘဝချင်းမတူတော့ပေမယ့် ဘယ်ဘဝပဲရောက်ရောက် ဒီကောင်အပေါ် ကျုပ် အခဲမကျေနိုင်ဘူး။

ပြန်ပြီး လက်စား ချေရမှဖြစ်မှာ။

ဒီနေ့ညအဖို့တော့ မထင်မှတ်ဘဲ ကျုပ်နယ်မြေထဲကို ဒီကောင် ရောက်လာပြီဆိုတော့ ဒုက္ခလှလှကြီးရောက် အောင် ဖန်တီးရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြပြီပေါ့ စိန်လက်ပွားရာ။

ဆိုင်းတီးတဲ့နေရာမှာ မင်းလည်း လက်ကျလက်န မဆိုးပါဘူး။

ဒါပေမဲ့ ငါ့အပေါ် မနာလိုဝန်တိုမစ္ဆရိယထားတတ်တဲ့ မင်းရဲ့ မကောင်းတဲ့စိတ်ကိုတော့ ပညာပြန်ပေးရမယ်။

မင်းလည်း ပတ်မတီးဆရာ၊ ငါလည်း ပတ်မတီး ဆရာ။

ဆိုင်းပညာမှာ မင်းထက် ငါ သာတယ်ဆိုတာ မင်း လည်း သိတာပဲ။

အမယ်… ပြောရင်းဆိုရင်း ပထမ ညှော်ခံ တီးလုံးသံ တွေ ထွက်ပေါ်လာပါပေါ့လား။

ယန်တျာကြည်ဖြူ ဇာတ်ဘဘင်ရဲ့ ပထမည စတင် ကပြပြီပေါ့။

ပွဲဝင်နေတဲ့ ရွာကလူတွေကလည်း ရုံပြည့်ရုံလျှံ ပါလား။

လှည်းဝိုင်းထဲက…

နွားအော်သံတွေ

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ စကားပြောသံ

တေးသီချင်းသံတွေနဲ့ သရဲတောရွာရဲ့ ထူးခြားတဲ့ ညမှာ။

ကဲ… မင်း ဆိုင်းဝိုင်းထဲကို အရောက်လာခဲ့ပြီ စိန် လက်ပွားရေ။

❐

www.burmeseclassic.com

www.burmeseclassic.com

ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာ

ဓားပြတွေသတ်လို့ အသေဆိုးနဲ့ သေခဲ့ရတယ်။

ရွာကလူတွေ ပြောတာကတော့ မကျွတ်မလွတ်ဘဲ

အဲဒီ ကုက္ကိုပင်ကြီးမှာ

သရဲကြီးဖြစ်နေတယ် ပြောတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၉)

မြို့ပေါ် ဓာတ်လှော်ငှားကတည်းက မောင်မိုးတို့လူငယ် အဖွဲ့နှင့် စိန်လက်ပွား တရင်းတနှီးဖြစ်ခဲ့သည်။

မောင်မိုး ဘာကြောင့် သူ့ကို အရေးပေး ပေါင်းသင်း ဆက်ဆံနေသည်ကိုလည်း သဘောပေါက်နားလည်သည်။

အမှန်တော့ မင်းသမီး ဒေါင်းမလေးကို မောင်မိုး စိတ်ဝင်စားနေခြင်းသာ ဖြစ်သည်။

ဒေါင်းမလေးက စိန်လက်ပွားနဲ့ တစ်ရပ်တည်းသား ဖြစ်သလို ပန်တျာကြည်ဖြူဓာတ်အဖွဲ့ထဲသို့ သူပင် ခေါ်ဆောင် လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာတ်သဘင်ပညာ၊ အကပညာ သင်ပေးရင်း နာမည်ကျော်ကြားလာသည်။

မနက်ပိုင်းကတည်းက မောင်မိုးက လာခေါ်သည်။

ရွာထဲမှာ ပြုစုညှို့ခံပါရစေဆိုပြီး အတင်းပင် ဆွဲခေါ်သည်။

မောင်မိုးတို့အိမ်မှာပင် သောက်ကြ စားကြ စကားတွေပြောခဲ့သည်။

ထိုစကားပိုင်းမှာပင် သူ့အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်အကြောင်းကို သိလိုက်ရပေတော့သည်။

'ဟုတ်တယ် ဆရာလက်ပွားရ၊ ကျုပ်တို့ သရဲတောရွာမှာလည်း ဟိုတုန်းက အကျော်အမော်ဆိုင်းဆရာတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့နာမည်က မုန်တိုင်း၊ စိန်မုန်တိုင်း၊

ဒီလူကြီးဘဝက ဆိုးပါတယ်ဗျာ၊ ကျုပ်နှမ မြသဲကြည်လေးကို တစ်ဖက်သတ် စွဲလမ်းခဲ့ဖူးတယ်၊ သူ့ကံကလည်း မကောင်းပါဘူး၊ ရွာကို ပြန်လာတုန်းညဘက် ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာ ဓားပြ

www.burmeseclassic.com

www.burmeseclassic.com



တွေသတ်လို့ အသေဆိုးနဲ့ သေရတယ်၊
ရွာကလူတွေ ပြောတာကတော့ မကျွတ်မလွတ်ဘဲ အဲဒီကုက္ကိုပင်ကြီးမှာ သရဲကြီးဖြစ်နေတယ် ပြောတာပဲ'

'ငါတို့ ဒီညကမယ့် ဇာတ်စင်နားက ကုက္ကိုပင်ကြီးကို ပြောတာလား'

'ဟုတ်တယ် ဆရာလက်ပွား'

စိန်လက်ပွား မျက်နှာပျက်သွားသလို နဖူးပေါ်တွင် ချွေးများသီးလာသည်။

အရက်ခွက်ကိုင်ထားသော လက်များက မသိမသာ တုန်လှုပ်လာသည်။ အရက်ခွက်ကို ကမန်းကတမ်း မော့ချလိုက်သည်။

ချက်အရက်အနံ့ သင်းသင်းလေးက ရင်ထဲသို့ ပူလောင်ရှိန်းမြစွာ စီးဆင်းသွားသည့်တိုင် ကြောက်လန့်စိတ်က လွှမ်းမိုးနေဆဲပင်။

ထိုအချိန်မှာပင် အိမ်ပေါ်ထပ်သို့ အပြေးအလွှားတက်လာသော သိန်းလွင်က ဝမ်းသာအားရ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပထမညအတွက် ဖျာဇယားကတော့ အကုန်ပြတ်သွားပြီ၊ ကိုကြီးမိုးရေ ညနေကျရင် ဟိုဘက်ရွာတွေကလည်း ပွဲကြည့်ရောက်လာကြဦးမှာ၊ လူတွေ သိပ်တိုးနေရင်တော့ ရှေ့ပိုင်းပြဇာတ်ပြီးရင် ရုံဖွင့်ပေးရမှာပဲ'

'ကျေးဇူးအထူးတင်တယ် ဆရာစိန်လက်ပွားရေ၊ ဆရာတို့ ပန်တျာကြည်ဖြူဇာတ်နဲ့ ကျွန်တော်တို့ ကံစပ်တာ အမှန်ပဲ၊

ဒီညကတော့ ပန်တျာကြည်ဖြူဇာတ်လည်း ရုံပြည့်ရုံလျှံ အောင်ပွဲခံမယ့်ညပဲ'

'မင်းတို့ သိပ်လည်း ဝမ်းမသာကြနဲ့ဦး၊ မင်းတို့ ဇာတ်ရုံက ယာယီဆောက်ထားတာဆိုတော့ အမိုးရှိတာ မဟုတ်ဘူး၊

အနောက်ဘက်မှာ လေနီဆင်နေတယ်၊ ဒီနှစ် မိုးဦးလေဦး စောစောကျနိုင်တယ်'

မောင်မိုး ဖခင်ဖြစ်သူက သတိပေးစကား ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကိုမိုး၊ ကျွန်တော်လည်း ပြန်မှဖြစ်မယ်၊ ဒီည ဇာတ်ထွက်ရတော့မှာဆိုတော့ တစ်ရေးလောက် ပြန်အိပ် မှဖြစ်မှာ'

ခေါင်းထဲမှာ ရီဝေဝေဖြစ်လာသည်။ မြင်ကွင်းများက ဝေဝေဝါးဝါး ရှိုးတိုးရိပ်တိတ် ကြည်ကြည်လင်လင် မရှိ။

မျက်ခွံ လေးလံလာသည်။

စိန်လက်ပွား ဇာတ်ရုံသို့ အမြန်ပြန် ပြီး အိပ်ရာထဲတွင် ထိုးအိပ်လိုက်ချင်တော့သည်။

မောင်မိုးကို ကြည့်လိုက်စဉ်မှာပင် မောင်မိုး ကိုယ်ပွား တွေ မြင်လာရသည်။

တောအရက် ဒီဂရီက ပြင်းသည်။ သူ တော်တော်မူး နေပြီဖြစ်သည်။

'ကျွန်တော်တို့ လိုက်ပို့ပါ့မယ်၊ ဇာတ်ရုံမှာလည်း လုပ် စရာလေးတွေ ရှိသေးတယ်၊ ကျွန်တော် ပြောတာ လည်း မမေ့ပါနဲ့၊

ဆရာစိန်လက်ပွားရယ်၊ ခေါင်းမလေးကို ကျွန်တော် တကယ်မေတ္တာရှိတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ… အဆင်ပြေရမှာပေါ့၊ ဒေါင်းမလေးက ငါ့စကားကို နားထောင်တဲ့ ငါ့တပည့်မလေးပါ'

မောင်မိုးတို့အဖွဲ့ လိုက်ပို့ရင်း ဇာတ်ရုံသို့ ပြန်ရောက်လာသည်။

စိန်လက်မှွားသည် သူ့နေရာဖြစ်သော ဇာတ်ရုံနောက်ဘက်ရှိ အိပ်ရာပေါ်တွင် ဝင်ရောက်လဲလျောင်းလိုက်သည်။

အမှတ်မထင် မော့ကြည့်လိုက်မိရာ ကြီးမားသောကုက္ကိုကိုင်းကြီးများက အခက်အလက် ဝေဆာစိမ်းမြစွာ ဇာတ်စင်ထောင့်နားကို မိုးထားသည်။

ဒီကုက္ကိုပင်ကြီးပေါ်မှာ မုန်တိုင်းက သရဲကြီးဖြစ်နေတယ်ဆိုပါလား။

သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားနေရသည်။

သတိထားကြည့်လိုက်တော့ ကြီးမားသော ကုက္ကိုပင်ကြီးပေါ်တွင် ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုလုပ် ရောက်နေသည်ကို မသိ။

ထိုစဉ်မှာ အေးစက်သော လက်မည်းမည်းကြီးက သူ့ပခုံးပေါ် ကျလာသည်။

နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

အမွေးစုတ်ဖွားဖွားနှင့် ကြီးမားသော သရဲကြီးသည် နီရဲသောလျှာကြီးကို ဝင်လိုက်ထွက်လိုက်လုပ်ရင်း သူ့အား ခြောက်လှန့်လိုက်သည်။

ကြောက်လန့်တကြား အော်ဟစ်လိုက်သော်လည်း အသံက မထွက်။ လည်ချောင်းဝတွင် အသံက တစ်ဆို့ ပျောက်ကွယ်သွားသည်။

သရဲဘဝ ရောက်သွားသော မုန်တိုင်းက အပြုံး မပျက်။

စိန်လက်ပွားအား ကောင်းကောင်းကြီးခြောက်လှန့် ကာ ဒုက္ခပေးနေပြီဖြစ်သည်။

မုန်တိုင်းသည် ကြမ်းတမ်းစူးရှသော လက်မည်းကြီး များနှင့် သူ့လည်မျိုအား ညှစ်လျက်ရှိသည်။

ဘယ်လိုမှ ရုန်းထွက်လို့မရပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် သူ့ခြေထောက်အား ဆွဲလှုပ်လိုက်သလို ခံစားလိုက်ရသည်။

'ဆရာစိန်လက်ပွား ထတော့လေ၊ ၄ နာရီထိုးနေပြီ။

ဆိုင်းဝိုင်းအတွက် စီစဉ်ရဦးမယ် မဟုတ်လား'

မင်းသား ပန်တျာကြည်ဖြူက ခြေထောက်ကိုလှမ်းဆွဲ ပြီး လှုပ်နှိုးလိုက်သောကြောင့် စိန်လက်ပွား လန့်နိုးသွားသည်။

မနက်ပိုင်းက မောင်မိုးတို့အဖွဲ့နှင့် ရွာထဲတွင် အရက်သောက်ခဲ့ပြီး မူးမူးနှင့် အိပ်ပျော်သွားသည်ကို ပြန်လည်အမှတ်ရလိုက်သည်။

မင်းသား ပန်တျာကြည်ဖြူက စိန်လက်ပွားအား အိပ်ရာမှနှိုးလိုက်ပြီး လူရွှင်တော်ကြီး ဦးကွာစိရှိရာဘက်သို့ ထွက်သွား သည်။

စိန်လက်ပွား ခေါင်းများ ကိုက်ခဲလျက်ရှိသည်။ မြင်တွင်းများက ကြည်လင်ခြင်းမရှိ။

အမူးရိပ်က မပြေသေး။

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုပင်ကြီးပေါ်သို့ အမှတ်တမဲ့ ကြည့်မိလိုက်သည်။

ကြီးမားသော ကုက္ကိုပင်ကြီးပေါ်တွင် မည်းမည်းအကောင်ကြီးတစ် ကောင်သည် နီရဲပြူးကျယ်သော မျက်လုံးကြီးနှင့် သူ့အား စိုက်ကြည့်နေသည်ကို အထိတ်တလန့် မြင်တွေ့လိုက်ရသည်။

ပန်တျာကြည်ဖြူ ဇာတ်အဖွဲ့ ကပြမည့် ပထမညပွဲဦးထွက်မည့်ညသည် သရဲတောရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာစဉ်ဆက်တစ်လျှောက် ပြောစမှတ်တွင်ရမည့် ညမျိုးဖြစ်သည်။

ထိုညက ဆိုးဝါးသော ကံကြမ္မာတစ်ခု ဝင်ရောက်လာမည်ကို မည်သူမျှ မသိကြပေ။

အနီးပတ်ဝန်းကျင်နှင့် ဝေးလံသော ရွာများကပင် ပွဲကြည့်ရန် လှည်းနွားများနှင့် တပျော်တပါး ရောက်လာကြသည်။

ချူသံ၊ ခလောက်သံ၊ နွားအော်သံ၊ လှည်းဘီးအိသံများနှင့် ဆူညံလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သရဲတောရွာထိပ်ရှိ ကုက္ကိုပင်ကြီး စားကျက်တော သချိုင်းကုန်းတောတစ်ခုလုံး ကြိတ်ကြိတ်တိုး စည်ကား နေပေသည်။

လက်မှတ်ရောင်းသည့် အပေါက်ဝတွင်လည်း တန်းစီ တိုးကြိတ်နေကြသည်မှာလည်း တရုန်းရုန်း။

'ဂလောင်… ဂလောင်… ဂလောင်…'

ဇာတ်ရုံမှ ပထမအကြိမ် ခေါင်းလောင်းသံက ကျယ် လောင်စွာ ထွက်ပေါ်လာသည်။

ပွဲကြည့်ပရိသတ်များ ရုံဝင်နောက်ကျမည်ကို စိတ် စောနေကြသည်။

ဇာတ်ခုံအပြင်အဆင်

ဆိုင်းဝိုင်း

ကန့်လန့်ကာ

မီးရောင်

စသည်ဖြင့် ကြိုတင်လေ့လာ စူးစမ်းသည့်သဘောနှင့် ရုံထဲသို့ ဝင်ရောက်ကြည့်ရှုသူများအား ဒုတိယအကြိမ် ခေါင်း လောင်းသံက ရုံခါလိုက်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂလောင်… ဂလောင်… ဂလောင်…'

'ဂလောင်… ဂလောင်… ဂလောင်…'

တတိယအကြိမ် ခေါင်းလောင်းသံ ဆုံးသွားသည်နှင့် ဇာတ်ထွက်တော့မည်ဖြစ်ကြောင်း ယနေ့ည ကပြအသုံးတော်ခံမည့် ဟာသပြဇာတ်၊ အော်ပဒါ၊ ရှေ့ပိုင်းပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်းဇာတ်ထုပ် စသည်ဖြင့် အစီအစဉ်ကြေညာသံများ ထွက်ပေါ်လာသည်။

ကြေညာသံ ဆုံးသွားသည်နှင့် စိန်လက်ပွား မြန်မာ့ဆိုင်းဝိုင်းကြီးထဲမှ ကရောင်းရိုက်ချက်များ ထွက်ပေါ်လာသည်။

နောက်တုတ်တီးသူက စခွန့်ကို (ဗြီးတက်၊ ဗြီးတက်) ဟု အသံပေးလိုက်သောအခါ နှဲဆရာသည် မြန်မာသံစဉ် (၇)သံကုန်အောင် နှဲကိုစမ်းသည့်သံမှန်များက နွဲ့နှောင်းစွာ ထွက်ပေါ်လာသည်။

ကရောင်းတီးချက်မှာ နှဲဆရာကပင် ဦးဆောင်ရသည်။

နှဲကလေး၊ ကြေးမောင်း၊ နောက်တုတ်၊ စခွန့်၊

www.burmeseclassic.com

www.burmeseclassic.com



စည်တို၊ စည်ဝါး၊ လင်းကွင်းအလတ် တူရိယာများနှင့် စုံညီသော ကရောင်းရိုက်သံများမှာ အမြူးအကြွ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာသည်။

ပွဲကြည့်ပရိသတ်များမှာလည်း မြူးကြွသော ကရောင်းတီးချက် သံစဉ်များကြောင့် ပျော်ရွှင် လန်းဆန်းလာကြသည်။

ပန်တျာကြည်ဖြူဇာတ်မှ ကြေညာသွားသည့် အစီအစဉ်များအတိုင်း ဘာတွေထွက်လာမလဲ။

ဘယ်လိုသရုပ်ဆောင်ကြမလဲ။

လူရွှင်တော်ကြီးတွေကရော တဝါးဝါး တဟားဟားပြက်လုံးထုတ်ပြီး ရယ်မလား၊ မင်းသမီးတွေ ချော့မှချော့ရဲ့လား။

မင်းသားပန်တျာကြည်ဖြူ ဘယ်လိုနှစ်ပါးသွားမလဲ၊ နောက်ပိုင်းဇာတ်မှာရော အပြောအဆို၊ ငိုချင်းတွေ ဘယ်လိုရှိမလဲ စသဖြင့် စိတ်ဝင်စားစွာ ဇာတ်စင်ပေါ်သို့ အာရုံစူးစိုက်ပြီး ကြည့်နေကြသည်။

ကရောင်းတီးပြီးသွားသောအခါ စိန်လက်ဖွားး၏

www.burmeseclassic.com

www.burmeseclassic.com



လက်စွမ်းတီးပြရမည့်အချိန် ရောက်လာသည်။

ပွဲဦးခေါ် ကရောင်းတီးပြီးနောက် (၇)သံချီ ပတ်ယိုင်တီးရမည်။

စောစောက ကရောင်းတီးနေစဉ် တစ်ဝက်လောက်မှာပင် ပတ်တီးလက်ထောက် မောင်မိုးက ဆိုင်းဝိုင်းထဲဝင်၍ (၇)သံချီပတ်စာ တပ်ပေးသွားသည်။

စိန်လက်ပွားသည် (၇)သံချီ ဗိန်းမောင်းကို စတင်တီးခတ်လိုက်သည်။

ပွဲကြည့်ပရိသတ်များကလည်း ဗိန်းမောင်းတိုက်သံကြားလိုက်ရပြီး ပွဲထွက်တော့မည်ကို မျှော်တလင့်လင့်စိတ်ဝင်တစားကြည့်နေရသည်။

ဆိုင်းအဖွဲ့သားများ၏ 'ရွှေဘုန်းတော်တိုးပါလို့' ပတ်ယိုင်သီချင်းသံ ထွက်ပေါ်လာသည်။

*'ရွှေမြို့မှာတဲ့ ဆင်ဖြူတော် xxx ဘုန်းတောက်လို့ခေါ် xxx ဆင်ဖြူတော်ပေါ်သည့်အရေး xxx စဝါးဆန်ရေ ရွှေငွေမနှေး ပေါ်ပြည့်ဝမယ်လေး xxx ရွှေမြို့မှာ ကုန်လှေဆိုက်ပါလို့ xxx မလေး*

www.burmeseclassic.com

www.burmeseclassic.com



*စိတ်ကြိုက် ဝယ်ခဲ့မယ် ××× ဝယ်ခဲ့ ဆို ပုံတော်ဘီး*

*××× လေးထောင့်မှန်ကြီး ×××'*

စိန်လက်ပွားတို့ လက်စွမ်းပြရမည့် (၇)သံချို တီးလုံးသံများ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လျက်ရှိသည်။

နတ်ကတော် အကာမထွက်မီ ခုနစ်သံချိုတီးရခြင်းမှာ ရှေးခေတ် ရှေးအခါ က ဆိုင်း၊ ရုပ်စုံ၊ သဘင်တို့ကို သစ်ဝါး ဆိုင်ရာ လမိုင်းနတ်မလေးအား ဘုရင်က အစောင့်အရှောက် ပေးထားသည်ဟု ဆိုကြသည်။

ထို့ကြောင့်လည်း အစွဲအလမ်းအရ (ကဝါလမိုင်း ၏သမီး) လမိုင်းမ သရုပ်သဏ္ဌာန်လုပ်၍ နတ်ကတော်ရုပ်ဖြင့် ပွဲဦးထွက်ကြရသည်။

သစ်သားစောင့်ရှင်မ၊ လမိုင်းမ၊ နောက်ပိုင်းတွင် နတ်မ၊ နတ်ကတော်ဟု အဆင့်ဆင့် ဝေါဟာရ ရွေ့လျား ခေါ်ဝေါ်ခဲ့ကြရသည်။

နတ်ကတော်မထွက်မီ ဆိုင်းသည် အရှေ့က ကုဏ္ဍိုပင်၊ အနောက်မှ ထိန်ပင်၊ မြောက်အရပ် ပဒေသာပင်၊ တောင် ဘက် သပြေပင်၊ ဂမ္ဘီရပြည်မှ လက်ပံပင်၊ အသူရာဘုံမှ

www.burmeseclassic.com

www.burmeseclassic.com



သခွပ်ပင်၊ သိကြားပြည်က ကသစ်ပင် စသော သစ်ပင်ခုနစ်ပင်ကို အစွဲပြု၍ ခုနစ်သံချီ တီးပေးရခြင်းဖြစ်သည်။ လမိုင်းမအား ပူဇော်ခြင်းပင်ဖြစ်သည်။

ဇာတ်သဘင်လောကတွင် ပွဲကြည့်ပရိသတ်အား ကပြအသုံးတော်ခံရာ၌ အဆင်ပြေခြင်း၊ မပြေခြင်းကို ဒီနေ့ည လမိုင်းကပ်တယ်။

ဒါမှမဟုတ် အဆင်မပြေပါက လမိုင်းမကပ်ဟု ဇာတ်သုံးစကား သဘင်မှုနယ်တွင် ပြောလေ့ပြောထရှိကြသည်။

ပန်တျာကြည်ဖြူဇာတ်၏ သရဲတောရွာ ပွဲဦးညတွင် ဆိုင်းတီးရသော စိန်လက်ပွားအနေနှင့် လမိုင်းမကပ်ဘဲဖြစ်နေသည်။

စိန်မှန်တိုင်းသည် သရဲတောရွာသားမှန်း သူ မသိခဲ့။ အကယ်၍ သိခဲ့ရလျှင်လည်း ဒီရွာသို့ သူလိုက်ပါမည် မဟုတ်ပေ။

မနက်ကမှ ရွာခံမောင်မိုးတို့နှင့် သောက်ကြစားကြရင်း မှန်တိုင်းအကြောင်းကို သိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မှန်တိုင်းသေဆုံးခဲ့သော ကုက္ကိုပင်ကြီးနားတွင် သူဆိုင်းတီးနေရခြင်းဖြစ်သည်။

မြို့ပေါ်တွင် ဆိုင်းပြိုင်တီးခဲ့စဉ်က မှန်တိုင်းကို မနိုင်။ ပရိသတ်အလယ်တွင် အရှက်ရ အရှုံးပွဲနှင့် ရင်ဆိုင်ခံစားခဲ့ရဖူးသည်။

မှန်တိုင်းမှာ ရွှေတိုငွေစလေးများ စုဆောင်းထားသည်ကို သိရှိထားသည်။ အရက်ဝိုင်းတွင် သောက်ကြစားကြရင်း ဓားပြအဖွဲ့ဝင်တစ်ဦးအား အမှတ်မထင် သူ ပြောပြလိုက်မိသည်။

သူပြောပြခဲ့သောကြောင့် မှန်တိုင်း အသတ်ခံရခြင်းဖြစ်သည်။ သူ့ပယောဂ မကင်းခဲ့။ အသတ်ခံရလောက်သည်အထိ ဖြစ်လာလိမ့်မည်ဟု အစက သူ မထင်ခဲ့ပေ။

ဒီသရဲတောရွာ စရောက်တည်းက သူ့စိတ်ထဲတွင် သက်သာမကင်းခဲ့။ ဆိုင်းပစ္စည်းတွေ တင်လာရင်း စရောက်သည့်ရက်က လှည်းပေါ်တွင် အိပ်ပျော်သွားသည်။ အိပ်မက်ဆိုးတွေ မက်ခဲ့သည်။

သူ့ဆိုင်းဝိုင်းထဲတွင် သရဲကြီးတစ်ကောင်က ဆိုင်းဝင်

www.burmeseclassic.com

www.burmeseclassic.com



တီးနေသည်။ သရဲဆိုင်းတီးတာကို တစ်ခါမှ မြင်ဖူး တွေ့ဖူး ခြင်းမရှိခဲ့။

ဒီသရဲက ဆိုင်းတီးကောင်းသည့် သရဲတစ်ကောင် ဖြစ်သည်။

ဆိုင်းတီးနေရင်းမှ သရဲကြီးလက်များသည် ရေဘဝဲ တစ်ကောင်လို လက်ချောင်းတွေအများကြီး တွန့်တွန့်လိမ်လိမ် နှင့် ထွက်လာသည်။

လက်တစ်ချောင်းက သူ့ခါးအား ဆွဲယူလိမ်ညှစ်ခြင်း ခံလိုက်ရသည်။

သူ့လိုပင် နတ်ကတော် အပျိုတော် ပွဲဦးပထမညှ အက (စတော်တိုက်ခန်း)တွင် နောက်ပိုင်း မင်းသမီးကြီး ဖြစ်သော ရွှေနှင်းဆီကိုလည်း သရဲလက်ချောင်းကြီးများက လိမ်ပတ်ဆွဲညှစ်ထားသည်။

နောက်ခံပိတ်ကားအဖြူကြီးမှာလည်း သွေးတွေ စီးဆင်းကျလာသည်။ မင်းသမီး ရွှေနှင်းဆီ၏ ဗိုက်ထဲသို့ ကနေရင်း ကလေးငယ်လေး မွေးဖွားလာသည်ဟု အိပ်မက်ဆိုး များ မက်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က အိပ်ပျော်သွားစဉ်တုန်းကလည်း သရဲကြီးက သူ့အား ကုက္ကိုပင်ကြီးပေါ်သို့ ဆွဲခေါ်သွားသည်။

အမွေးစုတ်ဖွားဖွားကြီးများ၊ ပြူတစ်ပြူတစ် ထွက်ပြူသော နီရဲသောလျှာကြီး၊ ကြမ်းတမ်းစူးရှသော လက်မည်းကြီးများနှင့် သူ့လည်ပင်းကို အသေညှစ်သတ်ခြင်းခံရသည်။ ဇာတ်ဆရာ မင်းသားကြည်ဖြူသာ လာမနှိုးပါက အိပ်မက်ဆိုးထဲတွင် သူ အသက်ပျောက်လောက်သည်။

ပွဲမထွက်ခင်က မင်းသမီး ရွှေနှင်းဆီ ပြောစကားကို ပြန်ကြားယောင်မိသည်။

'ဒီည ပွဲကရမှာ၊ ဘာဖြစ်လို့လဲ မသိဘူး၊ ကျွန်မ စိတ်တွေ ချောက်ချားနေတယ်၊ ကိုယ်ဝန်ရှိကာစ ဆိုတော့ ခေါင်းတွေလည်း ခဏာခဏာမူးနေတယ်၊ လမိုင်းကပ်ချင်မှ ကပ်မယ်၊ ကကွက်တွေမှားသွားရင် ဆရာ ထိန်းပြီးသယ်သွားပါ'

ခုနစ်သံချီ ဗိန်းမောင်းနှင့် စင်တိုင်ဗိန်းမောင်းသံများ တီးပြီးသည့်နောက် မင်းသမီး ရွှေနှင်းဆီ၏ ကြည်လင်ချိုအေးသော မေတ္တာပို့တေးသံများ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



*'တောင်ထိပ်ပေါ်မှာ နှယ်ချိုနေပါလို့ ××× ဥဩ တွန်တဲ့ လရာသီ ××× ဖက်ဆွတ်ကာယ် ××× အင်ကြင်းက ××× သင်းပျံ့ခဲ့ပြီ ××× တပေါင်းလ ရယ်တဲ့ ပွဲတော်မီ ××× သရဖီနှင့် ကံ့ကော်ပန်း ××× စွယ်တော်စဉ် ××× ယဉ်မဆုံးတယ် ××× သုံးတော်ရပန်း'*

ပြည်ဖုံးကားကြီး ဖွင့်လိုက်ပြီဖြစ်သည်။ မင်းသမီး ရွှေနှင်းဆီသည် ဒေါင်းတောင်နှစ်ဖက်ကို လက်ကကိုင်၍ ခေါင်းတွင် ရှန်ပန်းထည်စည်းကာ ရင်ဘတ်၌ ပဝါစည်းထား ပြီး လမိုင်းနတ်ကလေးအကဖြင့် ထွက်ပေါ်လာသည်။ ကမ္ဘာ ပျောင်းမှ ကမ္ဘာသစ်ကို တည်ဆောက်ပေးခြင်း အထိမ်းအမှတ် ဖြစ်သည်။

မင်းသမီး ရွှေနှင်းဆီသည် ဓာတ်စင်မှ ညာဘက်မှ ထွက်ပေါ်လာသည်။ ခြေကို လုံးဝမကြွ။ ကြမ်းခင်းကို ခြေပွတ်ရွှေ့လျက် ကခွင်အလယ်ရှိ ကန်တော့ပွဲထံအရောက် ပျောင်းပျောင်းအိအိ ခွင်အခဆစ်အချိုးမှန်စွာ အကဟန်နှင့် ရွှေ့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ညက်ညော အလှအပြ အကာဖြစ်သည်။

ကခွင်မီးများက အပူရောင်ဖြင့် မှိန်ဖျော့လျက်ရှိသည်။

အပျိုတော် ဆယ့်နှစ်ခန်းအကာကို မင်းသမီးတိုင်း မကာတတ်ပေ။ ဝါရင့်သမ္ဘာရင့် မင်းသမီးကြီးများမှသာ နိုင်နင်းစွာ ကကြိုးကကွက်နှင့် သရုပ်ဖော် ကပြရခြင်းဖြစ်သည်။ သိမ်မွေ့ရသည်။

သွက်လက်မြူးဆတ်ရသည်။ ရှင်ရှင်မြိုင်မြိုင် ရှိရသည်။

သရုပ်ဆောင်ပရိယာယ် ကြွယ်ဝရသည်။ လွယ်ကူလှသည်တော့ မဟုတ်။

အဆိုပိုဒ်နှင့် စည်းဝါးအထားအသို ကျွမ်းကျင်နိုင်နင်းရသည်။

ဆယ့်နှစ်ထွေ၊ ခုနှစ်ထွေ၊ ပလို့ချက်တို့ တိကျပေါ်လွင်စေရသည်။ စင်ထက်နှင့် စင်အောက် အချိတ်ဆက်ကောင်းရသည်။

ဆိုင်းဆရာကဏ္ဍကလည်း အရေးကြီးသည့်အလျောက် စိန်လက်ပွား ချေးပြန်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အပျိုတော် ဆယ့်နှစ်ထွေမှာ နတ်၊ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ ပြော၊ အိုးစည်၊ ဒိုးပတ်အပြောင် (သို့) ကျွမ်း၊ နေရာတော်ခင်း၊ အဘိုးအို အသွားအိုအကတို့ ပါဝင်သည်။

ခုနစ်ထွေမှာ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ အပြောင်အရှုန်း၊ အခုန်အပျံအကတို့ ဖြစ်သည်။ ဆယ့်နှစ်ခန်းမှာ မျက်ခုံးပလို့၊ မေးပလို့၊ ပခုံးပလို့၊ ရင်ပလို့၊ တင်ပလို့၊ လက်ရုံးပလို့၊ လက်စုံပလို့၊ တင်ခြမ်းပလို့ (လက်တစ်ဖက်စီ) အရုပ်ကြိုးလိမ်ပလို့၊ ဘယ်ခြေညာလက်ပလို့၊ စုံပလို့၊ နတ်ယိုင် အကတို့ ဖြစ်သည်။

ရွှေနှင်းဆီသည် သဘင်ရည်ဝသော မင်းသမီးဖြစ်သည်။ ဦးခေါင်း၊ ပခုံး၊ လက်မောင်း၊ ခါး၊ ရင်၊ တင်၊ ပေါင် စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တစ်မျိုးစီ ပီပြင်စွာ လှုပ်ကလျက်ရှိသည်။ ကနေရင်းမှာပင် ရင်ထဲမှာ လှိုက်ပြီး မောလာသည်။

ခေါင်းထဲမှာ မူးဝေလာသည်။ ဆိုင်းဝိုင်းထဲမှ စိန်လက်ပွားဆီသို့ အကြည့်ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလို… စိန်လက်ပွားနေရာတွင် အမွေးစုတ်ဖွားဖွားနှင့် မည်းမည်းကောင်ကြီး ရောက်နေပါလား။ ဒါ သရဲကြီးများလား။ သရဲတောရွာက သရဲတွေ အရမ်းပေါတယ်လို့ အငြိမ့်သမလေးများ ပြောနေကြသည်ကို ကြားခဲ့ဖူးသည်။ စိန်လက်ပွားနေရာတွင် သရဲကြီးတစ်ကောင် ဆိုင်းဝင်တီးနေပါပေါ့လား။

နီရဲပြူးကျယ်သော မျက်လုံးများ ဝင်းဝင်းတောက်လျက်ရှိသလို…

ကွက်ထိုးမီးရောင်စုံများက တဖျတ်ဖျတ်နှင့် သူမကိုယ်ပေါ်တွင် လှည့်ပတ်ထိုးလျက်ရှိသည်။ ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည်။

ကခွင်များလည်း မမှန်တော့။ အဆစ်အချိုး လက်အကွေးများကလည်း မလှုပ်ချင်အောင် ညောင်းညာလေးလံကိုက်ခဲလာသည်။

ကိုယ်ဝန်ရှိကာစဖြစ်သလို အပျို့တော်ခန်းအကာမှာလည်း ပင်ပန်းလှသည်။

ထိုစဉ်မှာပင် ဆိုင်းဝိုင်းထဲက မည်းမည်းကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ခုန်ထွက်လာပြီး သူမကိုယ်ပေါ်သို့ ပိကျလာသည်ဟု ထင်မိလိုက်သည်။ ရွှေနှင်းဆီ မျက်လုံးထဲတွင် ဘာမှမမြင်ရတော့ပေ။

အမှောင်ထုကြီးသာ လွှမ်းမိုးသွားပြီး နတ်ယိုင်အကကနေရင်းမှာပင် ဇာတ်စင်ပေါ်၌ ခွေယိုင်လဲကျသွားသည်။

ကန့်လန့်ကာကြားမှ လူရွှင်တော်ကြီး ဦးကွာစိ၏ အရေးတကြီး အော်ပြောသံများ ထွက်ပေါ်လာသည်။

'ကားဆွဲတွေ မြန်မြန်ချ၊ မြန်မြန်ချ'

ပြည်ဖုံးကားကျလာပြီး ဇာတ်စင်တစ်ခုလုံး မီးရောင်မှိန်ချထားလိုက်သည်။ ရွှေနှင်းဆီ ကနေရင်း မူးလဲသွားသည်ကို မြင်လိုက်ရသော စိန်လက်ပွားသည် ညှော့ခံတီးလုံးများကို မြိုင်မြိုင်ဆိုင်ဆိုင် တီးလိုက်ရင်း အချိန်ဆွဲထားလိုက်သည်။ လူရွှင်တော်ကြီး ဦးကွာစိနှင့် ဇာတ်အဖွဲ့သားများသည် မင်းသမီး ရွှေနှင်းဆီအား ဇာတ်စင်နောက်သို့ ပွေ့ချီပြီး ခေါ်ဆောင်သွားကြသည်။

ဇာတ်အဖွဲ့တစ်ဖွဲ့တွင် ဆိုင်းဝိုင်းကောင်းဖို့လည်း အရေးကြီးသည်။ ဆိုင်းနှင့် ဇာတ်မှာ လင်မယားသဖွယ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်က တစ်စုံတစ်ရာ အမှားအယွင်းဖြစ်လျှင် ဆိုင်းက သယ်ယူသွားရပေသည်။ စိန်လက်ပွားမှာ ဆိုင်းဆရာကောင်းတစ်ဦးဖြစ်သည်။

မင်းသား၊ မင်းသမီး၊ လူကြမ်း၊ လူရွှင်တော်တို့အား ကောင်းသည်ထက်ကောင်းအောင် အဆိုပိုင်းရော၊ အကပိုင်းပါ စိန်လက်ပွားက ဦးဆောင်တီးနိုင်စွမ်းရှိသူဖြစ်သည်။

စိန်လက်ပွား တီးပေးသော အတီးလေးပေါ်တွင် အဆိုသမားက မှေး၍ မေးတင်လိုက်သွားနိုင်သည်။ မင်းသား မင်းသမီး မောပြီး အသံမရှိ၍ မဆိုနိုင်ခြင်းကိုပင် စိန်လက်ပွားက မသိအောင် ဖုံးဖိပေးနိုင်စွမ်းရှိသည်။

ဇာတ်အဖွဲ့တွင် ဇာတ်ပို့ကောင်းရန် ဆိုင်းဆရာမှာ အရေးကြီးလှသည်။

အရေးကြီးသော ပွဲကချိန်များတွင် တာဝန်ယူထားသော ဆိုင်းဆရာ စိန်လက်ပွားသည် ယနေ့ညအဖို့ လမိုင်းမကောင်းဘဲဖြစ်နေသည်။ မက်ခဲ့သော အိပ်မက်ဆိုးများထဲက အတိုင်း မင်းသမီး ရွှေနှင်းဆီမှာ မူးမေ့လဲသွားပြီး အရေးပေါ်ကုသမှုများ ပြုလုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လက်ပွားသည် လေပြေထိုးတီးလုံးကို တီးပေး လိုက်သည်။ နောက်တစ်ခန်းမှာ ဟာသပြဇာတ်တိုလေး ကပြ မည့်အခန်းဖြစ်သည်။ တီးလုံးဆုံးသွားသည်နှင့် ပြည်ဖုံးကား တင်လိုက်သည်။ နောက်ခံ နန်းတော်မြို့ရိုးကားတစ်ခု ပေါ်လာ သည်။

မြို့ရိုးရှေ့တွင် မောင်းကြီးတစ်ခုကိုထမ်း၍ တဒူဒူ တီးနေသော မောင်းထမ်းသမားနှစ်ဦးနှင့် မြို့ဝန်မင်းပုံစံ ဝတ် စားထားသော လူရွှင်တော်ကြီး ဦးကျွဲစိ ထွက်လာသည်။ မြို့ဝန်မင်းက စာရွက်လိပ်ကြီးကိုဖြန့်၍ အမိန့်တော်ပြန်လိုက် သည်နှင့်…

'တိုင်းသူပြည်သားလူအများတို့လေ… တိုင်းပြည် အုပ်ချုပ် မင်းလုပ်တော်မူသော မင်းတရားကြီး အမိန့် တော်ရှိလိုက်သည်၊ မင်းတရားကြီး၏ သမီးတော် လေးအား ကြင်ရာတော် ရွေးပွဲအတွက် ပညာရှင် ရွေးချယ်ပွဲ ကျင်းပပေးမည်။ မှန်ကန်အောင် ဖြေဆို နိုင်သူအား ပင်တိုင်စံသမီးတော်လေးနှင့် ထိမ်းမြား လက်ထပ် အိမ်ရှေ့အရာ ချီးမြှင့်ပေးသနားတော်မူ

www.burmeseclassic.com

www.burmeseclassic.com



မည်၊ မှန်ကန်အောင် မဖြေဆိုနိုင်သူများအား ကျော တစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်တော်မူမည်။

ဘုရင့်အမိန့်တော်’

‘ဒူ… ဒူ… ဒူ…’

ကြေညာချက်အဆုံးတွင် လူရွှင်တော်နှစ်ဦး ထွက်လာသည်။

မောင်းသမားနှစ်ဦးနှင့် မြို့ဝန်မင်း ဇာတ်စင်တစ်ဖက်သို့ ဝင်သွားသည်။

လူရွှင်တော်နှစ်ဦး စကားပြောခန်းဖြစ်သည်။ ကြေးနောက်တီး ဆရာလေး ဖိုးအေးက စိန်လက်ပွားထံသို့ မတ်ခွက်နှင့်ထည့်ထားသော အရက်ခွက်ကို လှမ်းပေးလိုက်သည်။ အလိုက်သိသည့် တပည့်ကျော်လေးဖြစ်သည်။

ရေသောက်သလိုပုံစံမျိုးနှင့် စိန်လက်ပွား မော့ချလိုက်သည်။

ရင်ထဲတွင် ပူဆင်းသွားသည်။

သွေးများ ဆူလာသည်။

အရက်ရှိန်လေးနှင့်မှ ဆိုင်းတီးလို့ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို ကြိုက်လည်း ကြိုက်သည်။

ဘာပဲဖြစ်ဖြစ် ကြောက်ကြောက်နှင့် လိမ့်သောက် ဖြစ်နေမိသည်။

ဘယ်လောက်သောက်သောက်၊ ဘယ်လောက်မူးမူး စိန်လက်ပွား ဆိုင်းတီးပျက်သူမဟုတ်။ လက်ကျလက်နမှန်စွာ တီးနိုင်စွမ်းရှိသူဖြစ်သည်။

ဇာတ်စင်ပေါ်ကျနေသော မီးဆလိုက်များနှင့်အတူ သူ့ မျက်လုံးများ ပြာလျက်ရှိသည်။ သရဲကြီးဖြစ်နေသော မုန်တိုင်း ကို ကြောက်မိသည်။

သူ ဆိုင်းတီးနေစဉ် ဒါမှမဟုတ် ဆိုင်းသံကြားလျှင် မုန်တိုင်း မနေနိုင် မထိုင်နိုင်ဖြစ်ကာ သူ့ဆိုင်းဝိုင်းထဲ ဝင် ရောက်လာမည်လား မသိပေ။

အိပ်မက်ဆိုးများထဲကလို ဆိုင်းဝိုင်းထဲသို့ မုန်တိုင်း သရဲ ရောက်မလာပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ လူရွှင်တော်နှစ်ဦး ပညာရှင်ရွေးချယ်ခန်းအကြောင်းကို ပြောဆို ကြပြီး ဇာတ်စင်တစ်ဖက်သို့ ဝင်သွားကြသည်။ ပြည်ဖုံးကား ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လက်ပွားက ခန်းပြောင်းတီးလုံးတီးရန် လက်ကိုရွယ်လိုက်စဉ်မှာပင် သူ့လက်များမှာ ပတ်လုံးပေါ်မကျဘဲ လေထဲတွင်သာ ဝဲပျံလျက်ရှိသည်။

ဆိုင်းဝိုင်းထဲသို့ လူတစ်ယောက်ဝင်လာပြီး ဆိုင်းတီးလိုက်သလို အကြိတ်တီးသံဖြစ်သော (ကျလိလိ)အသံနှင့် အညည်းတီးသံဖြစ်သော (ဟီး... ဟီး... ဟီး...) ဆိုသည့် အသံကြီးများ ထွက်ပေါ်လာသည်။ သူ့လက်များက လေထဲ မြောက်တက်နေသည်။

ပတ်လုံးပေါ် ချမရဘဲ ဖြစ်နေသည်။

ပတ်မကြီး၏ အမဘက်တွင် ဘယ်ဘက်လက်မည်းမည်းကြီးက ဝိတ်ထားပြီး အဖိုဘက်ကို ညာဘက်လက်ချောင်း မည်းမည်းကြီးက ဖိ၍ အရှေ့ဘက်သို့ တွန်းသွားသည်ကို မြင်လိုက်ရသည်။

လူသွားများ ကြိတ်သလို ကျလိလိအသံများ ထွက်လာသည်။

ထို့နောက် လက်မည်းမည်းကြီးက ရွှေ့သွားပြန်သည်။ ပတ်မ၏ အဖိုဘက်ကို ညာဘက်လက်ဝါးမည်းမည်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



မထိတထိထား၍ ပတ်မကြီးအမဘာက်သို့ ဘယ်လက်သီးဆုပ်မည်းမည်းကြီးက တုန်ခါအောင် တီးနေခြင်းဖြစ်သည်။ အဖျားတက်နေသော လူတစ်ယောက် ညည်းညူသကဲ့သို့ 'ဟီး... ဟီး... ဟီး... ဟီး...' အသံများ ထွက်ပေါ်လာသည်။

စိန်လက်ပွား လွန်စွာမှ အံ့ဩသွားသည်။ သူ့နဖူးမှချွေးများစို့လာသည်။

သူ မတီးဘဲနှင့် အကြိတ်တီး၊ အညည်းတီးသံကြီးများ အလိုလိုထွက်ပေါ်လာခြင်းဖြစ်သည်။

ဒါဆိုရင် သူ အိပ်မက်ဆိုးများ မက်သည့်အတိုင်းမုန်တိုင်းသရဲ ရောက်လာခြင်းဖြစ်မည်လား။

ဒါမှမဟုတ် အရက်သောက်တာ များသွား၍ အမူးလွန်ပြီး ထင်မိထင်ရာ ရူးကြောင်မူးကြောင် ဖြစ်သွားခြင်းလားစိန်လက်ပွား စဉ်းစားရခက်သွားသည်။

ထိုအချိန်မှာပင် ပြာနှမ်းနေသော မိုးကောင်းကင်ကြီးတွင် ကြယ်ရောင်လေးများ ပျောက်ကွယ်သွားသည်။

ကောင်းကင်ကြီးတစ်ခုလုံး ညှိမည်းမှောင်မိုန်းလာသလို လျှပ်စစ်များ ဝင်းခနဲ လက်ခနဲ လျှပ်တောင်လင်း

www.burmeseclassic.com

www.burmeseclassic.com



လက်သွားသည်ကို မြင်တွေ့လိုက်ရသည်နှင့် လေကလည်း သိသိသာသာ ကြမ်းတမ်းတိုက်ခတ်လာသလို ဇာတ်ရုံအနီး ဝန်းကျင်ရှိ သစ်ပင်များ ယိမ်းနွဲ့ခါယမ်းလာသည်။

ပွဲခင်းတစ်ခုလုံးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဒီအချိန် မိုးမကျလောက်သေး။

သို့သော် ရာသီဥတုဖောက် ပြန်ပြီး မိုးရောလေရော ဒရောသောပါး ကျရောက်လာသည်။ မုန်တိုင်းတိုက်ခတ်လာ သည်လား မသိ။

ပွဲကြည့်ပရိသတ်များသည်လည်း ပွဲခင်းကို စိတ် မဝင်စားနိုင်။

အထုပ်အပိုးပိုက်ပြီး လေမိုးလွတ်ရာ ရွာထဲရှိ အိမ်များ သို့ အမြန်ပြန်ပြေးကြသည်။

ရပ်ဝေးမှ ပွဲလာကြည့်သူများကလည်း လှည်းနွား တပ်ပြီး လှည်းဝိုင်းထဲမှ အမြန်မောင်းထွက်ပြေးကြသည်။

မထင်မှတ်ဘဲ မိုးဦးလေဦးဆော့ကာ မုန်တိုင်းဝင်လာ သဖြင့် ပန်တျာကြည်ဖြူတို့ ပထမည ကပွဲမှာ ပွဲပျက်ပါ ကော။

www.burmeseclassic.com

www.burmeseclassic.com



လေက ကြမ်းသည်ထက် ကြမ်းလာသည်။

ဇာတ်စင်ပေါ်ရှိ မျက်နှာကြက်တန်းလျား၊ ကားလိပ်ဆင်ထားသည့်တန်းလျား တဝုန်းဝုန်း ပြိုကျလာသည်။

ဇာတ်သမ ဇာတ်အဖွဲ့သားများသည်လည်း ဘယ်ကိုပြေးရမှန်း မသိ။

အဝတ်အစားများ အထုပ်အပိုးများကို မိုးလွတ်ရန် အမြန်သိမ်းဆည်းထားကြသည်။

ယာယီထိုးထားသော ဇာတ်ခုံဖြစ်၍ အမိုးမရှိသောကြောင့် မိုးရေအောက်တွင် ရွှဲရွှဲနစ်ကုန်ကြသည်။

ပွဲကြည့်ပရိသတ်များလည်း မိုးလေလွတ်ရန် အပြေးအလွှား ဖရိုဖရဲဖြစ်ကုန်ကြသည်။ စိန်လက်ပွားလည်း ဘာလုပ်ရမှန်းမသိ။

ဆိုင်းပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိရန် တပည့်များအား အမြန်သိမ်းခိုင်းလိုက်သည်။

ထိုစဉ်မှာပင် သူ့ဘေးနားမှ မည်းမည်းရိပ်ကြီးသည် ကုက္ကိုပင်ကြီးဆီသို့ ခုန်တက်သွားသည်ကို ကြောင်ရှိ့စွာမြင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။

လေကလည်း ပြင်းပြင်းထန်ထန် တိုက်ခတ်နေဆဲ အဆက်မပြတ်ရွာနေသော မိုးသီးမိုးပေါက်များနှင့်အတူ လျှပ်ရောင်များ ဝင်းလက်လျက် ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံများကို ကြားနေရသည်။

သောက်ထားသည့် အရက်ရှိန်များကြောင့် စိန်လက်ပွား ခေါင်းများ ကိုက်ခဲနေသလို သိမှတ်မှု အာရုံများကလည်း လွင့်ပါးလျက်ရှိသည်။

မိုးရေမိုးစက်များကြောင့် မြင်ကွင်းများက မကြည်လင်။

ကြည့်လေရာရာ ဝေဝေဝါးဝါးဖြစ်နေသည်။

ကုက္ကိုပင်ကြီးရှိ ကုက္ကိုကိုင်းများမှာလည်း လေပြင်းတိုက်ခတ်မှုများကြောင့် တဝုန်းဝုန်း ယိမ်းထိုးလှုပ်ယမ်းလျက်ရှိသည်။

ဆိုင်းဝိုင်းထဲမှထွက်သွားသော မည်းမည်းအရိပ်ကြီးသည် ကုက္ကိုကိုင်းကြီးအား တွဲလွဲခိုလျက် ဖွဲ့ချနေသကဲ့သို့ လှမ်းမြင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းအရိပ်ကြီးကား သရဲဘဝရောက်နေသော မုန်တိုင်း ဖြစ်ပေလိမ့်မည်။ မုန်တိုင်းသရဲကြီးက မီးဝင်းဝင်း တောက်သော မျက်လုံးများနှင့် သူ့အား ကြည့်လျက်ရှိသည်။ စိန်လက်ပွားသည် ဆိုင်းကျင်းထဲမှ ထွက်လိုက်သည်။ မှုံးနေသည့်အချိန်နှင့်အတူ လေပြင်းများကြားတွင် ယိမ်းယိုင်လျက် ရှိသည်။

စာတ်စင်အပြင်ဘက်သို့ အပြေးထွက်လိုက်သည်။

သူ့နားထဲမှာ စကားပြောသံတစ်ခု ကြားလိုက်ရသည်ဟု ထင်မိသည်။

'ငါ့ဘဝကို ဒုက္ခပေးတဲ့ကောင်၊ မင်း သေရတော့မယ် လက်ပွား၊ ဒီနေ့ ဒီအချိန်မှာ မင်းဘဝဟာ သေနေ့စေ့သွားပါပြီ'

မုန်တိုင်းသရဲက သူ့အနားကပ်ပြီး ပြောလိုက်သည်ဟု ထင်မိသည်။ မည်းမည်းအရိပ်ကြီးသည် ကြီးမားသော ကုက္ကိုကိုင်းကြီးအား ဖျောင်းခနဲချိုးဖွဲ့လိုက်သည်။ လေပြင်းရိုက်ခတ်မှုကြောင့် ကျိုးပဲ့လွင့်စဉ်လာသော ကုက္ကိုကိုင်းကြီးသည် စိန်လက်ပွားကိုယ်ပေါ်သို့ တည့်တည့်မတ်မတ်ကြီး ပြုတ်ကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကား သည်းထန်စွာရွာနေဆဲ။

မုန်တိုင်းကတော့ တဟူးဟူးတိုက်ခတ်နေဆဲပင် ဖြစ်သည်။

နန်းကြေးသျှင်

၁၃-၅-၂၀၀၆

www.burmeseclassic.com